www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ဥတ္တရာခေမာ

# အချစ်ကလေးလား၊ အနှစ်ကလေးလား

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၃၄၀၃၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၃၉၀၅၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၉၊ ဒီဇင်ဘာလ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၁/၃၃၊ ၅၃လမ်း ဗိုလ်တထောင်၊ ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၂၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅.၈၃

ဥတ္တရာခေမာ

အချစ်တလေးလား အနှစ်တလေးလား / ဥတ္တရာခေမာ။

ရန်ကုန်၊ ရွှေဥစာပေ၊ ၂၀၀၉။

၂၄၆ စာ၊ ၁၈ x ၁၂ စင်တီ။

(၁) အချစ်တလေးလား အနှစ်တလေးလား

BURMESE CLASSIC .com

အခန်း ( ၁ )

## မိုးသည်းည...

"အို! မိုးတွေကလည်း ရွာလာပြီ။ မှောင်ကလည်းမှောင်နဲ့၊ ကားကိုသတိထားမောင်းနော်။ ကျွန်မတို့တော့ မြို့ကိုနောက်ကျမှ ရောက်မယ်ထင်တယ်"

"အချိန်တန်ရောက်မှာပေါ့ကွာ။ မိုးပက်ရင် ကလေးတွေ ရေ စိုကုန်ဦးမယ်။ မှန်တံခါးပိတ်လိုက်"

ဦးချမ်းသာနှင့်ဒေါ်ပြည့်စုံတို့လင်မယားသည် လသားအရွယ် သာရှိသေးသောအမြွှာသမီးလေးနှစ်ယောက်ကို ကားနောက်ခန်း



www.burmeseclassic.com

www.burmeseclassic.com

မှ နွေးနွေးထွေးထွေးသိပ်၍ မိမိတို့မြို့သို့ပြန်ရောက်ရန်စိတ်စောဖြင့် လမ်းမှာပင် ကားကိုမရပ်မနားမောင်းခဲ့လေသည်။

"အခုဘယ်ကိုရောက်နေပြီလဲ"

"စခန်းသာကို ကျော်လာပြီလေ"

"တော်တော်လိုသေးတာပဲ။ ဒီလိုမှန်းသိ, စောစောထွက်ခဲ့ရကောင်းသား"

"မနက်ကတည်းက ထွက်ခဲ့ဖို့ပဲလေ။ မယ်ခင့်ကိစ္စ ဝင်ရှုပ်နေလို့"

"ဟုတ်ပါတော်, ဒီကောင်မ သူ့ရွာရောက်တာနဲ့ ပြန်မလိုက်ချင်တော့ဘူးလေ၊ ခုလည်း နေမကောင်းတဲ့အမေကိုအကြောင်းပြပြီး၊ သူ့ရည်းစားဟောင်းနဲ့ပြန်ပေါင်းဖို့နေခဲ့တာ"

"တို့မြို့တို့ပြန်ရောက်မှ ကလေးထိန်းတစ်ယောက် ထပ်ရှာရမယ်၊ ရိုးရိုးသားသားထဲက, ရမှဖြစ်မှာ။ အိမ်က မရွှေတင့်ဆို တို့ဆီမှာနေတာ ဆယ်နှစ်ကျော်နေပြီ။ ရိုးလည်းရိုးသားတယ်၊ သစ္စာလည်းရှိတယ်။ ဘယ်လောက်ကောင်းလဲ"

ဦးချမ်းသာနှင့်ဒေါ်ပြည့်စုံတို့လင်မယားမှာ အရေးကြီးသော





စာချုပ်စာတမ်းတွင် လက်မှတ်ထိုးရန်ကိစ္စရှိသဖြင့် ပဲခူးသို့လာခဲ့ပြီး ကိစ္စပြီးသည်နှင့် တောင်ငူသို့ပြန်ရန်ထွက်ခွာလာခဲ့ခြင်းဖြစ်၏။

သည်လမ်းနှင့်သည်ခရီးကို ဦးချမ်းသာက ကိုယ်ပိုင်ကားကိုတစ်ယောက်တည်းမောင်း၍ သွားချီလာချီလုပ်နေကျ။ ခုတစ်ခေါက်တော့ ရှစ်လသမီးအရွယ်အမြွှာကလေးနှစ်ယောက်ပါနေသည်။

ကလေးထိန်းရန်အဖော်ခေါ်လာသောမယ်ခင်က အပြန်တွင် မလိုက်လာဘဲ သူ့အိမ်မှာ ဝင်နေရစ်ခဲ့သည်။

"အူဝဲ. . . အူဝဲ. . . အူဝဲ"

"ဟော. . . သမီးလေးငိုပြီ၊ နို့ဆာနေပြီထင်တယ်"

"အနှစ်ကလေးငိုတာမဟုတ်လား"

"ဟုတ်ပါ့ရှင်, အနှစ်. . . အနှစ်, ရွှေအနှစ်လေ။ သူက သူ့များထက်ပိုပြီးဆာတတ်တယ်။ အချစ်ကလေးကဖြင့်ငြိမ်လို့"

သမီးအမြွှာနှစ်ယောက်အား ချစ်စနိုးဖြင့် ရွှေအနှစ်၊ ရွှေအချစ်ဟူ၍ခေါ် နေကြခြင်းဖြစ်၏။

ဦးချမ်းသာတို့လင်မယားမှာ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်လောက်မှာ အိမ်ထောင်ကျပြီး သားသမီးတော်တော်နှင့်မ

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော်မှ ဒေါ်ပြည့်စုံကိုယ်ဝန်ရလာရာ အသက်ကြီးမှ ကလေးမယူရန် သူများတွေတားသည့်ကြားက ယူခဲ့ခြင်းဖြစ်သည်။

အမြွှာသမီးလေးနှစ်ယောက်ဖြစ်နေသဖြင့် ငိုက်ခွဲ၍မွေးခဲ့ရလေသည်။

ဦးချမ်းသာနှင့် ဒေါ်ပြည့်စုံဆိုသည့်အမည်နှင့်လိုက်အောင်လည်း ရွှေပန်းထိမ်လုပ်ငန်းနှင့် ရတနာဆိုင်ကြောင့် ချမ်းသာပြည့်စုံသူများဖြစ်လေသည်။

"အို. . . မိုးတလည်း ထပ်သည်းလာပြန်ပြီ၊ ရှင်မြင်ရရဲ့လား။ ကားကိုဖြည်းဖြည်းမောင်းပါရှင်"

"ငါစိတ်မရှည်တော့ဘူး။ အိမ်ကိုမြန်မြန်ပြန်ရောက်ချင်ပြီ"

"စိတ်မလောစမ်းပါနဲ့။ မိုးရွာပြီး မှောင်နေလို့ပြောတာပါ"

"ဒီလမ်းနဲ့ဒီခရီး. . . ငါသွားနေကျပါ၊ စိုးရိမ်မနေစမ်းပါနဲ့။ ကလေးကိုသာ နို့ဝအောင်တိုက်စမ်းပါ။ ကလေးက နှစ်ယောက်ဆိုတော့ နို့မဝမှာစိုးလို့၊ နို့ဘူးကလည်း အပိုပါမလာဘူးမဟုတ်လား"

"ပါလာပါတယ်၊ အချစ်ကလေးက နို့ဘူးနဲ့ငိမ်ကျပြီး မှိန်းနေ





တာ။ ဟော! ရှင်. . . ရှေ့မှာ ကားကြီး"

"တီ. . . တီ. . . တီ"

"အမယ်လေး"

ရုတ်တရက်အနီးရောက်မှမြင်လိုက်ရသော ကုန်တင်ကားကြီးကြောင့် ဦးချမ်းသာ လမ်းဘေးသို့ကားကိုဆွဲကွေ့လိုက်ရာ ကားသည် ဘရိတ်ပေါက်ပြီး ထိန်းသိမ်းမရဘဲ သစ်ပင်ကြီးတစ်ပင်သို့ဝင်တိုက်မိကာ ကားထဲမှဒေါ်ပြည့်စုံ၏အထိတ်တလန့်အော်သံကို တောအုပ်ထဲမှာ မည်သူမျှကြားမိမည်မဟုတ်ပေ။

---

"အူဝဲ. . . အူဝဲ. . . အူဝဲ. . . အူဝဲ"

"အူဝဲ. . . အူဝဲ. . . အူဝဲ. . . အူဝဲ"

ကလေးငိုသံသည် ညအမှောင်မှာမို့ ပို၍ကျယ်လောင်စူးရှနေ၏။

"ဟဲ့. . . ဟဲ့၊ ကလေးငိုသံကြားသလိုပဲ။ သေချာနားထောင်



www.burmeseclassic.com

www.burmeseclassic.com


စမ်းပါဦး. . . ဖိုးထောင်ရယ်"

မပိုင်းစိန်သည် စက်ဘီးနောက်တွင် ထိုင်လိုက်လာရင်းက အော်ပြောလိုက်၏။

"ဟိုဘက်တိုသွားကြည့်စမ်း၊ အဲဒီမှာဘာလဲမသိဘူး။ ငါတွေ့နေရတယ်"

"အစ်မကတော့လုပ်ပြီ၊ အတော်စပ်စုတာပဲ"

ဖိုးထောင်တပြောရင်းမှ စက်ဘီးကိုရပ်လိုက်၏။

"အဲဒီနေရာကို ဆက်ပြီးနင်းလို့ရမှာမဟုတ်ဘူး"

လက်နှိပ်ဓာတ်မီးဖြင့် ကလေးငိုသည့်နေရာကို ထိုးကြည့်မိလျက်သားဖြစ်သွား၏။

"ဟိုမှာ တွေ့ပြီ့, ကလေးလေး၊ အဲ. . . ကားတစ်စီး သစ်ပင်နဲ့တိုက်ထားတာပါလား"

"အူဝဲ. . . အူဝဲ. . . အူဝဲ. . . အူဝဲ"

ငိုနေသောကလေးအား ကောက်ချီလိုက်၏။

ကလေးက ချက်ချင်းအငိုရပ်သွားပြီး မပိုင်းစိန်၏လက်ကကလေး၏ပါးစပ်နားရောက်နေရာ ကလေးက လက်ညှိုးအား သွားပါး



စပ်ဖြင့် တပြွတ်ပြွတ်စုပ်နေလေသည်။

"ဟောတော့. . . ကလေးက သနားစရာ၊ နို့ဆာနေရှာတာကိုး"

"အစ်မရယ်. . . ကားထဲမှာ လူတွေသေနေတယ်။ ကြောက်စရာကြီး။ ဒီကလေးကိုပြန်ချထားလိုက်"

"ဘာလို့ချထားရမှာလဲ။ ကလေးက အသက်ရှင်နေတာပဲ။ လာ. . . ကလေးကိုမွေးထားလိုက်မယ်။ ကလေးက,ကံကောင်းလွန်းလို့မသေတာဖြစ်မယ်"

"ဟာ! ဒီကလေးကိုထားခဲ့ပါ။ တော်ကြာ ကလေးပျောက်ရှာတဲ့လူရှိရင် အစ်မအမှုပတ်နေမယ်နော်"

"ဘာဖြစ်လဲ, အဲဒီတော့လည်း ပြန်ပေးလိုက်မှာပေါ့။ ကလေးတို ဒီအတိုင်းကြီးတော့ မထားရက်ခဲ့ပါဘူး။ လာ. . . သွားစို့"

ကလေးလေးကိုပွေ့ပိုက်၍ မပိုင်းစိန် စက်ဘီးနောက်မှာထိုင်လိုက်လာသည်။

တစ်လမ်းလုံး ကလေးမငို။

ရွာကိုရောက်တော့ မပိုင်းစိန်က နို့ဆီကိုရေနွေးနှင့် မပျစ်တကျဲ

www.burmeseclassic.com

www.burmeseclassic.com



လေးဖျော်၍ ဖွန်းသေးသေးလေးနှင့်တိုက်ကြည့်၏။

ကလေးက ကော်ဖီပန်းကန်တစ်ဝက်ကုန်အောင် အငမ်းမရ သောက်နေလေသည်။

"ကြည့်. . . သနားစရာသမီးကလေးရယ်"

ကလေးအား နွေးနွေးထွေးထွေးလေးဖြစ်အောင် မျက်နှာ သုတ်ပဝါဖြင့်ခြုံ၍ သိပ်လိုက်၏။

သမီးကလေး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

ဤ ဤ ဤ



အခန်း (၂)

## မျှော်လင့်ရဲ့သောက်ကြွှာ

"အူဝဲ. . . အူဝဲ. . . အူဝဲ"

"ဟဲ့. . . မရွှေတင့်, လာစမ်း၊ ကလေးကိုမြန်မြန်လာချီ။ နို့ ဆာလို့လား။ နို့ဘူးတိုက်စမ်းပါအေ"

မချိုရီက ကားပေါ်ဆင်း၍ အိမ်ထဲသို့ဝင်ရောက်လာချင်း ချင်းပင် ကလေးအား မရွှေတင့်၏လက်ထဲသို့အတင်းထည့်ပေးလေ သည်။

"ဟင်! ဒါ အချစ်ကလေးပဲ။ အနှစ်ကလေးရော"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကအေ့, အဲဒီတစ်ယောက်ပဲအသက်ရှင်တာ။ ကဲ . . . နားပြီးတယ်။ မြန်မြန်နို့ဘူးဖျော်တိုက်စမ်းပါ"

"ဟုတ် . . . ဟုတ်ကဲ့ပါရှင်"

မရွှေတင့်သည် နို့ဘူးဖျော်ရင်းမှ မျက်ရည်တွေကျလာ၏။ ခါတိုင်း နို့ဘူးဖျော်လျှင် နှစ်ဘူးဖျော်နေကျမဟုတ်ပါလား။

အနှစ်ကလေးရယ် . . . အနှစ်ကလေးကံဆိုးရှာတယ်။

ကျွန်မဘယ်လိုမှမေ့လို့ရမှာမဟုတ်ပါဘူး မကြီးရယ်။ မမကြီးတို့မရှိပေမယ့်လည်း မမကြီးရဲ့သမီးလေးကိုတော့ ကျွန်မပြုစုစောင့်ရှောက်ပေးမှာပါ။ မမကြီးတို့မိသားစုကွေ့အဖြစ်က ဆိုးပါတယ်။ မမကြီးတို့ ကောင်းရာသုဂတိရောက်ပါစေ။ သူတော်ကောင်းတွေမို့ ကောင်းရာသုဂတိရောက်မယ်လို့ ကျွန်မယုံကြည်ပါတယ် မမကြီးရယ်။

မရွှေတင့်သည် ရှိုက်ကြီးတငင်ငိုနေရင်းမှ ကလေးကိုနို့တိုက်သည်။

မျက်စိထဲမှာလည်း မမကြီးလို့ သူ လေးလေးစားစားခေါ်ပြီး ချစ်ကြည်ညိုရသည့် သူမ၏ဆရာသခင်မ ဒေါ်ပြည့်စုံ၏လှပ်ရှားမှု





များကိုမြင်ယောင်နေသည်။

သွားခါနီးတုန်းက မိမိအား မှာကြားစရာရှိတာ တတွတ်တွတ်မှာကာ လက်ပြနှုတ်ဆက်သွားပုံကို မျက်လုံးထဲကမထွက်။

တစ်သက်လုံးအတွက် နှုတ်ဆက်သွားတာဖြစ်လိမ့်မည်လို့ ထိုစဉ်က မတွေးမိပါလား။

ဦးချမ်းသာတို့လင်မယား ခရီးသွားရင်း လမ်းမှာကားတိုက်မှုဖြစ်ကာ ပွဲချင်းပြီးသေဆုံးသွားသည့်သတင်းကား တစ်မြို့လုံးပျံ့နှံ့သွားတာ အိမ်မှာ နာရေးလာမေးသူတွေဖြင့် မနားရအောင်ဖြစ်နေသည်။

ဦးချမ်းသာ၏မိဘများမှာလည်း မကြာသေးမီကပင် ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်ခဲ့သည်။

ဦးချမ်းသာတို့တွင် ညီအစ်ကိုနှစ်ယောက်တည်းရှိကာ အစ်ကိုဖြစ်သူမှာ နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်သူဖြစ်နေ၏။

ဒေါ်ပြည့်စုံဘက်မှာလည်း ညီအစ်ကိုမောင်နှမ မရှိ။

မိဘများလည်း ငယ်စဉ်ကတည်းက သေဆုံးသွား၏။

အိမ်မှာ ဦးချမ်းသာ၏ညီအစ်ကိုနှစ်ဝမ်းကွဲ ကိုရာကျော်၏



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူ မချိုရီသာ ဆွေမျိုးဆို၍ ရှိသည်။

ကိုရာကျော်က ပန်းထိမ်လုပ်ငန်းကျွမ်းကျင်သည်။ ဒါပေမဲ့ အလုပ်ကောင်းကောင်းမလုပ်ချင်။ လောင်းကစားဝါသနာပါ၍ ဦးချမ်းသာနှင့် မကြာခဏစကားများရသည်။

ခုတော့. . . ဦးချမ်းသာ၏လုပ်ငန်းကို ကိုရာကျော်ပဲဆက်၍ လုပ်ကိုင်မည့်သူရှိသည်။

အသုဘကိုစွာပြီးသွားသည်နှင့် အိမ်မှာ တိတ်ဆိတ်ခြောက်ကပ်သွားတာ တစ်စုံတစ်ခုလိုအပ်နေသလိုဖြစ်နေခဲ့သည်။

ရတနာဆိုင်မှာထိုင်သော ဆိုင်၏အုပ်ချုပ်ရေးမှူးလည်းဖြစ်သောဦးဝဏ္ဏက ‘ဆိုင်ကိုဆက်လက်ထိန်းသိမ်းပြီး ရောင်းချရသောပစ္စည်းများ၊ ရောင်းရငွေများကို စာရင်းနှင့်ပြုစုထိန်းသိမ်းထားသည်။

နိုင်ငံခြားမှရောက်လာသည့် ဦးချမ်းသာ၏အစ်ကို ဦးကြည်သာရောက်လာလျှင် ဦးချမ်းသာ၏ပစ္စည်းနှင့်ငွေများကို အပ်နှံမည်ဟုရည်ရွယ်ထား၏။

ဦးချမ်းသာတို့ဆုံးပြီး သုံးလလောက်နေမှသာ ဦးကြည်သာ





ရောက်လာလေသည်။

“အင်း. . . အတော်စိတ်မကောင်းစရာပဲ။ ကျွန်တော့်ညီချမ်းသာဟာ ပန်းထိမ်လုပ်ငန်းကို အတော်ဝါသနာကြီးတာ။ ရတနာလုပ်ငန်းနဲ့အောင်မြင်နေတော့လည်း ကျွန်တော်က နိုင်ငံခြားမှာအလုပ်လာလုပ်ဖို့ခေါ်လည်း ခေါင်းခါခဲ့တယ်။ သူ့အတွက် နိုင်ငံခြားသွားအလုပ်လုပ်တာ အထင်ကြီးစရာအားကျစရာမရှိဘူးတဲ့။ ရန်ကုန်မှာ ခြံဝင်းအကျယ်ကြီးနဲ့အိမ်ဝယ်ထားတာ။ ခုတော့ သူတို့မနေရတော့ဘူး။ နိုင်ငံခြားကုမ္ပဏီတစ်ခုကိုငှားထားလိုက်မယ်။ စကားတွေဘာတွေပြောဆိုပြီးပြီ။ အဲဒီအိမ်ငှားခငွေကို ဘဏ်မှာထည့်ထားပြီး သမီးလေး ကြီးတဲ့အခါမှထုတ်ပေးမယ်”

ဦးကြည်သာကတော့ ဦးချမ်းသာတို့လင်မယားသေဆုံးပြီးကျန်ရစ်သူသမီးလေးအချစ်အတွက် အကုန်စီစဉ်ပေးထားသည်။

ပန်းထိမ်လုပ်ငန်းကိုတော့ ကိုရာကျော်အတွက် ဆက်လက်လုပ်ကိုင်ရန်လွှဲထားသည်။

ရတနာရောင်းဝယ်သည့်ဆိုင်ကိုတော့ လက်ကျန်ပစ္စည်းများအမြန်ဆုံးရောင်းချ၍ ငွေများ ဘဏ်တွင်အပ်ကာ ဆိုင်ပိတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားသည်။

အချစ်ကလေးကိုလည်း ကိုရာကျော်တို့လင်မယားပင် ဆက်လက်စောင့်ရှောက်ရမည်ဖြစ်၏။

"ကျွန်မတို့မှာ ကလေးလည်းမရှိတော့, ဒီသမီးလေးကိုပဲ သမီးလေးအရင်းလို မွေးမှာပါ အစ်ကိုကြီး။ အစ်ကိုချမ်းသာနဲ့ မမကြီးတို့ဟာ ကျွန်မတို့ကျေးဇူးရှင်တွေပါ။ အစ်ကိုနဲ့မမကြီးမရှိပေမယ့် ဒီကလေးကို ကျွန်မ, ဝမ်းနဲ့လွယ်မွေးတဲ့သမီးလိုချစ်မှာပါ။ စိတ်ချပါ အစ်ကိုကြီး"

မချိုရီက သမီးလေးရွှေအချစ်ကို ရင်ခွင်ထဲပွေ့ထားရင်းက ဦးကြည်သာအား ကတိတွေအထပ်ထပ်ပေးနေလေသည်။

"ဟုတ်ပါပြီဗျာ, ကျွန်တော်က အဝေးမှာနေရတာ။ အခြေအနေပေးရင်တော့ တစ်နှစ်တစ်ခေါက် မြန်မာပြည်ကိုပြန်ရောက်မှာပါ။ ဒီအိမ်မှာ ကိုရာကျော်ပဲဆက်နေပါ။ ကလေးအတွက် အသုံးစရိတ်နဲ့ ခင်ဗျားတို့အတွက်ပါ လစဉ်မှန်မှန် ဘဏ်ကနေ လွှဲပေးဖို့ စီစဉ်ထားပါတယ်"

အချစ်ကလေးအား စောင့်ရှောက်ပြုစုပေးဖို့အတွက် သည်





အိမ်ကြီးမှာပင် အခြေမပျက်နေ၊ ပန်းထိမ်လုပ်ငန်းလည်း ဆက်လုပ်၊ လစဉ်သုံးရန်အတွက် ငွေများလည်းရဦးမည်ဆိုတော့ မချိုရီတို့လင်မယားမှာ ပြုံးပန်းတွေဝေလို့ စိတ်ချမ်းသာနေကြသည်ပေါ့။

ဂျာ ဂျာ ဂျာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## အချစ်ကစေး

"အူဝဲ. . . အူဝဲ. . . အူဝဲ"

ကလေးငိုသံကြားသည်နှင့် မရွှေတင့် ဆတ်ခနဲနိုးလာ၏။

ကလေးပုခက်ဆီသို့ ကြည့်လိုက်သည်။

"အို! "

ရင်ထဲမှာထိတ်ခနဲဖြစ်ကာ ပါးစပ်မှလည်းအော်မိသည်။

"မမကြီး. . . မမကြီး"

ခြင်ထောင်တွင်းမှထွက်၍ မီးခလုတ်ကိုဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မရွှေတင့် စောစောကတွေ့လိုက်ရသော မမကြီးဒေါ်ပြည့်စုံပျောက်သွားလေသည်။

သူမ အမြင်မှားတာလား...

အိပ်မက်လေလား...

ပုခက်အေးမှာရပ်၍ ငိုနေသောအချစ်ကလေးအား ကြည့်နေသည့်မိန်းမတစ်ယောက်သည် ဒေါ်ပြည့်စုံနှင့်တူမှတူ။

အဆင်သင့်ဖျော်ထားသောနို့ဘူးအားတိုက်ပြီး သေးစိုနေသည့်အနှီးအား လဲပေးလိုက်သည်။

အချစ်ကလေးအား မရွှေတင့်နှင့် တစ်ခန်းတည်းထား၍သိပ်လေသည်။

မချိုရီက ဦးကြည်သာရှေ့တွင်သာ အလွန်သဘောထားပြည့်ဝဟန်၊ မိခင်စိတ်ရှိဟန်တွေပြပြီး ဦးကြည်သာပြန်သွားသည်နှင့် ကလေးအား လက်ဖျားနှင့်ပင်မတို့။

ကလေးငိုသံကို နားငြီးသည်ဟုဆို၏။

ကလေးအီးအီးပါတာမြင်လျှင် အန်ချင်သည်ဆိုပြီး ဝေးဝေးပြေးသည်။





မကြာခင်မှာပင် မချိုရီမှာလည်း ကိုယ်ဝန်ရှိလာသည်လေ။

"အင်း... မချိုရီမှာ ကလေးရှိလာရင်တော့ အချစ်ကလေးတို့ဘယ်ပြေးရမယ်မသိဘူး။ ဪ... သနားလိုက်တာ အချစ်ကလေးရယ်"

နို့ဘူးစို့ကာ မှိန်းနေရှာသည့်အချစ်ကလေးအားကြည့်ရင်း မရွှေတင့်ပြောလိုက်သည်။

"သွား... သွား... ကျွန်မဆီမလာနဲ့၊ ကျွန်မလက်မခံဘူး။ သွား... သွား"

ရုတ်တရက် တစ်ဖက်ခန်းမှ ဆူညံစွာအော်ဟစ်သံကြား၍ မရွှေတင့် အခန်းထဲကထွက်ခဲ့၏။

"ဘာဖြစ်တာလဲ၊ မချိုရီအော်သံကြားလို့"

"အိပ်မက်မက်ပြီး ယောင်အော်နေတာပါ"

ကိုရာကျော်ကပြောသည်။

မချိုရီသည် အနွေးထည်ကြီးဝတ်ပြီး ဇောချွေးတွေပြန်နေသည်။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေရာက မျက်လုံးမျက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပြူးဖြစ်နေပုံက ကြောက်လန့်စရာတစ်ခုခုနှင့်တွေ့ကြုံနေရသလို ဖြစ်နေ၏။

"ကျွန်မအိပ်မက်မက်တာမဟုတ်ဘူး၊ တကယ်တွေ့တာ။ မမကြီးကိုတကယ်တွေ့တာ။ ဟိုပြတင်းပေါက်မှာရပ်ပြီး ကျွန်မတို့ပြောနေတာ။ နင်တို့နဲ့အတူ ငါလာနေချင်တယ်တဲ့"

"ဟာ... တော်ကွာ။ မင်းမဟုတ်တာတွေပြောပြန်ပြီ"

ကိုရာကျော်က အော်လိုက်သည်။

"ကျွန်မ တကယ်တွေ့တာပါရှင်။ မမကြီးက လာနေမယ်လို့ ပြောတော့ ကြောက်လိုက်တာ"

"ဘာကြောက်စရာရှိလဲ။ အခု မချိုရီက ကိုယ်ဝန်ရှိနေပြီပဲ။ မမကြီးက မချိုရီဗိုက်ထဲဝင်စားချင်လို့ဖြစ်မှာပေါ့"

မရွှေတင့်က ပြောလိုက်သည်။

မချိုရီ ဗျာဗျာသလဲခေါင်းခါလိုက်ပြီး...

"အမယ်လေး! ကျွန်မထဲကိုတော့ မဝင်စားပါနဲ့၊ သူ့ကိုတော့ ကျွန်မမုန်းတယ်"

ကြည့်စမ်း... ပြောရက်လိုက်ပုံက...





ဒေါ်ပြည့်စုံ၏ကျေးဇူးတွေကိုမှ မထောက်ထား။

ကိုရာကျော်အား မိန်းမပေးစားဖို့စီစဉ်ရာ မချိုရီနှင့်ထွက်ပြေးသဖြင့် ဒေါ်ပြည့်စုံမှာ စိတ်ဆိုးပြီးမခေါ်မပြောဘဲ တစ်နှစ်ကျော်ကြာအောင်ပစ်ထားခဲ့တာကို မချိုရီက အမှတ်ထားဟန်ရှိသည်။

"မမကြီးကို ဘယ်လိုပုံစံနဲ့တွေ့တာလဲ"

"အို... ကြောက်စရာကြီး၊ အသားက နန္ဒင်းလိမ်းထားသလို ဝါပြီး မျက်တွင်းချိုင့်ကြီးနဲ့။ ဆံပင်ဖားလျားချထားတယ်။ ဟော့ဒီပြတင်းပေါက်ကနေ ကျုပ်ကိုကြည့်နေတာ။ အမယ်လေး... ပြောရင်းတောင် ကြက်သီးထလိုက်တာ။ သူ့မကျွတ်ဘူး။ ဒီအသက်ကြီးနဲ့ သူ့ကလေးတွေကိုစွဲလမ်းပြီး ပြိတ္တာဖြစ်နေတာဖြစ်မှာပေါ့"

အမယ်လေး.... ရက်စက်လိုက်တာ။

'အဲဒီလိုတော့မပြောပါနဲ့ မချိုရီရယ်'လို့ မရွှေတင့်ရင်ထဲက ပြောလိုက်သည်။

စောစောတုန်းက အချစ်ကလေး၏ပုခက်နားမှာ ရပ်နေတာ မြင်ခဲ့သည်လို့ပြောလျှင် ချက်ချင်းအသက်ရှူရပ်သွားနိုင်သည်။

မရွှေတင့်ကတော့ ဒေါ်ပြည့်စုံကို လွန်စွာကြည်ညိုနေ



www.burmeseclassic.com

www.burmeseclassic.com

စား သစ္စာစောင့်သိသူမို့ ရင့်ရင့်သီသီး ပြဋ္ဌာပြဿနာဖြစ်နေသည်လို့ပြော တာ လုံးဝမကြိုက်။

မမကြီးတို့လင်မယား ကောင်းရာမွန်ရာဘုံဘဝသို့ရောက် အောင် ကောင်းမှုကုသိုလ်တွေများများလုပ်ပြီး အမျှပေးဝေစေချင် သည်။

"မမကြီးတို့မကျွတ်ဘူးလို့ထင်ရင် အလှူလုပ်ပြီး အမျှဝေပါ လားမချိုရီ"

"ဦးကြည်သာရှိတုန်းကလည်း အိမ်မှာဆွမ်းကျွေးပြီး လှူလိုက် တာ အများကြီးပဲ။ တစ်လပြည့်တုန်းကလည်း ဆွမ်းကျွေးတာပဲ။ ဒါမှမကျွတ်လည်း မတတ်နိုင်ဘူး။ အစိမ်းသေတွေဆိုတော့ ကျွတ်မှာ မဟုတ်ဘူး"

"တော်ပါကွာ, မင်း အဲဒါတွေလျှောက်ပြောမနေနဲ့။ ကဲ. . . မရွှေတင်လည်းအိပ်တော့၊ မင်းလည်းအိပ်၊ ဘာမှမရှိဘူး။ အိမ်မှာ ဘုရားနဲ့အစောင့်အရှောက်တွေရှိတယ်။ ဘာမှမဝင်နိုင်ဘူး"

ကိုရာကျော်ကပြောရင်း အတင်းအိပ်ခိုင်းနေတော့သည်။

ဂျာ ဂျာ ဂျာ



## အခန်း ( ၄ )

### အချစ်ကလေးက 'ချစ်ကြည်သာ'

ခုတော့လည်း နှစ်ပေါင်းများစွာကြာခဲ့ပြီဆိုပေမယ့် ဒေါ်ရွှေ တင့်သည် သူ့မမကြီးဒေါ်ပြည့်စုံအား လုံးဝမေ့မရခဲ့ပေ။

သမီးအချစ်ကလေးပင် အသက်(၁၈)နှစ်ပြည့်ခဲ့ပြီ။

အချစ်ကလေး ကျောင်းထားရမည့်အရွယ်တွင် နိုင်ငံခြားမှ ဦးကြည်သာ ပြန်ရောက်လာပြီး 'ချစ်ကြည်သာ' အမည်နှင့် ကျောင်း အပ်ပေးခဲ့လေသည်။

အချစ်ကလေးက စာတော်သည်။ ဆယ်တန်းကို နှစ်ခါး



www.burmeseclassic.com

www.burmeseclassic.com

ပေါက် အောင်မြင်သည်။

မချိုရီကလည်း ဒေါ်ချိုရီအဖြစ် မိမိတို့မြို့တွင် လူသိထင်ရှား ဖြစ်၏။

ဦးရာကျော်ကလည်း ကိုယ်တိုင်ပန်းထိမ်မလုပ်တော့၊ တပည့်တွေဖြင့် ပန်းထိမ်လုပ်ငန်းသည် အသင့်အတင့်အောင်မြင်မှုရနေသည်။

ဒေါ်ချိုရီ၏ တစ်ဦးတည်းသောသမီး 'ချိုသဲဦး'မှာလည်း အသက် (၁၇)နှစ်အရွယ်ရှိပြီ။

အမေဖြစ်သူက အလိုလိုက်ထားလွန်းသောကြောင့် အလွန်လည်းဆိုးချင်သည်။

ကျောင်းစာကို စိတ်မဝင်စား။ အပျော်အပါးကို ခုံမင်သည်။ အစားအသောက် တပ်မက်သည်။ စကားပြောလျှင် မာမာဆတ်ဆတ်နှင့် မိုက်မိုက်ရိုင်းရိုင်းပြောတတ်၏။ လူကြီးသူမ ရိုသေရမှန်းလည်းမသိ။

'ဒီကောင်မလေးကောင်းတာ ဘာတစ်ခုမှမရှိဘူး'ဟု ချိုသဲဦးကွယ်ရာတွင် ဒေါ်ရွှေတင့်ပြောတတ်၏။





ဒေါ်ရွှေတင့်ကိုလည်း ချိုသဲဦးက လုံးဝကြည့်မရ။

သူမထက် အချစ်ကလေးကို ဦးစားပေးတတ်သည်ဟု ထင်နေသောကြောင့်ဖြစ်သည်။

ချိုသဲဦးက အချစ်ကလေးအပေါ်မှာလည်း အနိုင်ကျင့်တတ်၏။

အချစ်ကလေးကလည်း ချိုသဲဦး တမင်အနိုင်ကျင့်တာသိပေမယ့် သည်းခံနိုင်စွမ်းရှိ၏။

အချစ်ကလေးမှိုးအေးပုံကို ဒေါ်ရွှေတင့်အသည်းယားနေမိသည်။

"အချစ်ရေ . . . အချစ် . . . လာဦး"

တစ်ခုခုခိုင်းစရာရှိလျှင် ချိုသဲဦး အသံပြကြီးနှင့် ခုနစ်အိမ်ကြားရှစ်အိမ်ကြားအော်ခေါ်ပါပြီ။

အချစ်ကလေးက လုပ်လက်စအလုပ်ကိုချပြီး၊ ချိုသဲဦးရှိရာ အမြန်သွားရသည်။

"အချစ်"

"လာပြီ၊ ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ထဘီစကတ်အဝါရောင်လေး ရှာမတွေ့ဘူး"

"လျှော်ထားတယ်လေ"

"ဟင်! ဘယ်သူလျှော်ခိုင်းလို့လဲ"

"မသိဘူးလေ၊ ဝတ်ပြီး ကြမ်းပေါ်မှာ ချွတ်လိုက်ပုံထားတော့ လျှော်ရမယ်မှတ်ပြီး လျှော်လိုက်ပြီ၊ ပြီးတော့ ထဘီကလည်း ညစ်ပတ်နေပြီ"

"ဘာဖြစ်လဲ၊ ညစ်ပတ်ချင်ပတ်ပေါ့၊ မလျှော်ခိုင်းဘဲ လျှာရှည်ပြီးလျှော်တယ်၊ မုန်းစရာကောင်းလိုက်တာ။ တော်ပြီ၊ အချစ်ဆိုတဲ့ နာမည်နဲ့မတန်လိုက်တာ၊ အမုန်းလို့ပဲခေါ်မယ်။ အဲဒီထဘီစကတ် အခုဝတ်ချင်လို့၊ ဘယ်လိုလုပ်မလဲ"

"တန်းပေါ်မှာလှန်းထားတာ ခြောက်နေပါပြီ။ ဒါပေမဲ့ မီးပူမတိုက်ရသေးဘူး။ တခြားထဘီဝတ်ပေါ့"

"ဟင့်အင်း၊ မဝတ်ချင်ပါဘူး၊ အဲဒီဟာလေးနဲ့ ပိုလိုက်တယ်ဆိုလို့ ကျူရှင်ကိုဝတ်သွားချင်တာ"

ချိုသဲဦးကလည်း သူလုပ်ချင်တာဆို ဇွတ်လုပ်တတ်သည်၊

"ကျူရှင်သွားတာပဲ၊ တခြားစကတ်တွေ ဝတ်သွားပါလား၊





အများကြီးရှိတာပဲဟာ"

"မရဘူး၊ အဲဒီစကတ်သွားယူ။ မီးပူတိုက်ပေး"

အချစ်ကလေးက သက်ပြင်းမျှဉ်းမျှဉ်းကလေးရှိုက်လိုက်ရင်း နောက်ဖေးဘက်ကြိုးတန်းပေါ်မှာ လှန်းထားသောထဘီစကတ်ကို သွားယူပြီး ချက်ချင်းမီးပူတိုက်ပေးရ၏။

ချိုသဲဦးမှာ ထဘီတွေအများကြီးရှိတာ၊ ဒီထဘီအဝါမဝတ်ရလို့ ဘာဖြစ်မှာလဲ။

မကျေမနပ်စိတ်ကို အချစ်ကလေးရင်ထဲမှာမျိုသိပ်ကာ မီးပူတိုက်ပြီးသောထဘီစကတ်ကို ချိုသဲဦး၏ခုတင်ပေါ်မှာ ထားပေးလိုက်သည်၊

"ခဏနေဦး။ ဒီမှာ ဆံပင်စည်းပေးဦး"

ချိုသဲဦးဆံပင်က နဂိုကောက်မို့ ဖြီးရခက်သည်။

မဖြီးလျှင် ဆံပင်တွေက တွန့်လိမ်ရှုပ်ထွေးနေသည်။

အရင်ဆုံး ဆံပင်ကိုရှင်းပြီး နှစ်ဖက်ခွဲကာ စည်းပေးလိုက်သည်။

"ငါ့တိုကြည့်စမ်း။ ပြင်ထားတာလှလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . လှတယ်"

လို့ပဲ တိုတိုတုတ်တုတ်ဖြေလိုက်သည်။

သည်လိုပဲဖြေရမည်လေ။ မလှဘူးပြောလျှင် ကြိုက်မှာမှ မဟုတ်ဘဲ။

"အကျီဝတ်ပေး၊ အင်္ကျီက နောက်ကွဲ။ ဇစ်တပ်ပေး"

အင်္ကျီဝတ်ပေးပြီး နောက်ကျောမှာ ဇစ်တပ်ပေးရပြန်သည်။

ပြီးလျှင်ပြီးချင်း အိပ်ခန်းထဲမှပြေးထွက်ခဲ့၏။ အဲဒီအခန်းထဲမှာ ကြာကြာမနေချင်။ ဆိုးသဲဦးတာ သူ့မျက်စိရှေ့မှာတွေ့နေလျှင် တစ်မျိုးပြီးတစ်မျိုးခေါ်ခိုင်းနေဦးမှာမဟုတ်လား။

လှေကားမှပြေးဆင်းလာခဲ့သောအချစ်ကလေးသည် ရုတ်တရက် ခြေလှမ်းများတုံ့ခနဲရပ်တန့်သွားရသည်။

ဧည့်ခန်းထဲတွင်ထိုင်နေသော ဒေါ်ချိုရီနှင့်စကားပြောနေသည့်လူတစ်ယောက်၏အကြည့်စူးစူးကြောင့် သူတို့ရှေ့မှဖြတ်သွားရမှာကိုပင် ရင်တွေတုန်သည်အထိချောက်ချားသွားမိ၏။

"အဲဒါပေါ့ အချစ်ကလေးဆိုတာ။ လာဦး. . . ကောင်မလေး။ အဲဒါ ငါ့အစ်မကြီးရဲ့သား, ငါ့တူပေါ့၊ ဥက္ကါတဲ့။ ဒီအိမ်မှာနေပြီး. . .





ပန်းထိမ်အလုပ်ကိုသင်မယ်။ သူ့အတွက် အောက်ခန်းကိုပြင်ပေးထားလို့မှာထားတယ်မဟုတ်လား။ အဲဒါပြင်ပြီးပြီလား"

ဒေါ်ချိုရီက မေးသည်။

"ဟုတ်ကဲ့. အခန်းရှင်းထားပါတယ်။ ခုတင်နဲ့ အိပ်ရာလည်း ခင်းထားပြီးပါပြီ"

"ထမင်းပို ချက်ထားနော်။ သူတို့က အစားကြီးတယ်"

အချစ်ကလေး ခေါင်းညိတ်ပြပြီး မီးဖိုခန်းဘက် ဝင်လာခဲ့သည်။

"နာမည်က အချစ်ကလေးတဲ့လား။ ဒေါ်လေးရဲ့တူမပေါ့နော်"

"သွေးတော ဝေးပါတယ်။ ကိုရာကျော့်အစ်ကိုနှစ်ဝမ်းကွဲရဲ့သမီး၊ အလတားကောင်မလေး, ထုံထုံအအနဲ့။ အဲဒီအခန်းမှာ မင်းနေရဲ့လား။ သရဲခြောက်တယ်လို့တော့ ကောင်မလေးတွေပြောတာပဲ"

"ဟာ, ဒေါ်လေးတ ကျွန်တော့်ခြောက်နေပြန်ပြီ။ ကျွန်တော် သရဲမကြောက်တတ်ပါဘူး။ သရဲတကယ်ရှိလို့လား"

"မပြောတတ်ပါဘူး။ ကလေးထိန်းကောင်မလေးတွေ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခန်းထဲက အသံတွေကြားတယ်လို့ပြောတယ်။ သူတို့လည်း ခဏခဏခြောက်ခံရလို့မနေရဲဘူး၊ ထွက်ပြေးကြတယ်။ ဒီအိမ်က သူဌေးမတေ တားတိုက်ပြီးသေသွားတာကိုး"

ဥဂ္ဂါက ပခုံးတွန့်ပြီး ဂရုမစိုက်ဟန်ပြုလိုက်သည်။

"မေကြီး"

အသံပြဲပြဲကြီးနှင့်ခေါ်၍ အပေါ်မှဆင်းလာသောချီသဲဦး အား ဥဂ္ဂါမော့ကြည့်မိသည်။

"လာ. . . သမီး"

"အဲဒါ ဘယ်သူကြီးလဲ, မေကြီး"

"မေမေပြောတဲ့ ဓမ္မေတူ ဥဂ္ဂါဆိုတာ"

"ဪ. . . ဒီအိမ်မှာနေဖို့ရောက်လာတာလား"

"အင်း"

ဥဂ္ဂါက ပြုံး၍ခေါင်းညိတ်လိုက်၏။

အသားညိုညိုမောင်းမောင်း၊ နှုတ်ခမ်းမွှေးစစနှင့် ဥဂ္ဂါ၏ပုံစံ သည် ဗီဒီယိုရုပ်ရှင်ထဲက လူကြမ်းမင်းသားနှင့်တူသည်လို့ ချီသဲဦး ကတွေးမိသည်။





အသားညို၍ အရပ်မနိမ့်မမြင့်၊ ကိုယ်လုံးတုတ်တုတ်နှင့် ချီ သဲဦးသည် အချစ်တလေးလို ချစ်စရာမကောင်းလို့ ဥဂ္ဂါကတွေးနေ သည်။

"သမီး, ကျူရှင်သွားမယ်။ မုန့်ဖိုးပေး"

"အေးအေး. . . ထမင်းစားသွားတာမဟုတ်ဘူး။ မုန့်ဖိုးက အပိုကုန်အောင်"

"တင့်အင်း,ပြန်လာမှစားမှာ။ သွားပြီ မေကြီး. . . တာ့တာ"

ချီသဲဦး လွယ်အိတ်ကလေးလွယ်၍ထွက်သွား၏။

"အဲဒါပဲ၊ ငါ့သမီးက ကလေးစိတ်။ မိဘကို ဆိုးဖို့နွဲ့ဖို့ပဲသိ တယ်။ မင်း, ဒီအိမ်မှာနေရင်တော့ ငါ့သမီးကိုသည်းခံရမယ်နော်"

"ဟာ. . . ဒေါ်လေးကလည်း ဒါပြောစရာလား။ ကိုယ့်ညီမ လေးပဲဟာ။ ဆိုးချင်တာဆိုးစမ်းပါ။ သည်းခံရမှာပေါ့"

ဥဂ္ဂါသည်လည်း ထိုနေ့ကစ၍ ချမ်းသာပြည့်စုံအိမ်ဂေဟာ ကြီး၏အိမ်သားတစ်ဦးဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

## ဿမင်း...တဲ့လား

"ဒေါင်! "

"တောက်. . . တောက်. . . တောက်. . . တောက်"

ခေါင်မိုးပေါ်ကအသံတွေကြောင့် ဒေါ်ဝိုင်းစိန်အိပ်နေရာက ဖျပ်ခနဲလန့်နိုးလာသည်။

"တောက်. . . တောက်. . . တောက်"

အမိုးသွပ်ပြားပေါ်ကို ခဲလုံးလေးများကျလာသည့်အသံလား။

"ဒေါက်! "



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့. . . ဘယ်သူလဲ။ ငါ့အမိုးပေါ်ကို ခဲတွေပစ်နေတာ"

ဒေါ်ဝိုင်းစိန်အသံကျယ်ကြီးဖြင့်အော်ရင်း အိမ်ရှေ့သို့ထွက်လာခဲ့၏။

"ဒလုံး. . . ဒုံး. . . ဒုံး"

"ဘာတွေလဲ. . . ဘယ်က မီးမဆိုးမဲ့မဆုံးမသားတွေ လက်ကမြင်းနေတာလဲ"

အသံကိုပိုမြှင့်၍ အော်လိုက်သည်။

"အမေ. . . ကျွန်တော်ပါ, အမေ"

လက်ထဲမှာ လောက်လေးခွကိုင်ကာ သစ်ပင်အရိပ်အောက်မှ ထွက်လာသူက 'လမင်းလေး'. . .

သူ့ကိုယ်သူ ကျွန်တော်ကျွန်တော်နှင့်ပြောတတ်ပြီး ယောကျ်ားလေးဆန်စွာနေထိုင်တတ်သောလမင်းက တကယ်တော့ ဒေါ်ဝိုင်းစိန်, တောထဲမှကောက်ယူမွေးစားခဲ့သောမိန်းကလေးသာ ဖြစ်ပါသည်။

"ဘာ. . . ကျွန်တော်လဲ၊ လာဦး, အဲဒီလောက်လေးခွ မကိုင်ပါနဲ့လို့ပြောနေတာ"





"တောကြောင်တွေရောက်လာလို့ ခြောက်လွှတ်နေတာပါ"

လောက်လေးခွလေး, ကိုင်ထားသောလက်ကို နောက်မှာဝှက်ရင်း လမင်းက ရယ်ဖြဲဖြဲလေးလုပ်နေ၏။

"ဟွန်း. . . နင့်အကြောင်းများ မသိရင်ခက်မယ်။ နင့်ကို ငါမွေးထားတာပါ။ ပေးစမ်း, အဲဒီလေးခွ၊ ပေးစမ်းပါ"

"အမေကလည်း ကျွန်တော့်ဟာမဟုတ်ပါဘူး၊ နေမင်းဟာ"

"အဲဒီနေမင်းဘယ်ရောက်သွားလဲ။ နေမင်းရောလမင်းရော နှစ်ယောက်စလုံး ထုခံရတော့မယ်"

လမင်းက သူ့လက်ထဲက လောက်လေးခွကို ဒေါ်ဝိုင်းစိန်အား ပေးလိုက်၏။

"ဟင်း. . . မိန်းကလေးနော်, မိန်းကလေး။ တစ်နေကုန် အပြင်ထွက်ဆော့နေတာ။ ကိုယ့်ကိုယ်ကို ရေချိုးရမှန်းမသိ၊ အလှပြင်ရမှန်းမသိ၊ အိမ်အလုပ်လည်း ဘာမှကူမလုပ်ဘူး။ ကဲ. . . သွား ရေချိုးချည်စမ်း။ ရေချိုးရင်း အဝတ်တွေရေစိမ်ထားတာ လျှော်လိုက်"

"ဟင့်. . . ခိုင်းပြီ"


www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းစူပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့် အိမ်ထဲသို့ ဝင်သွားသည်။

မီးဖိုခန်းထဲမှာ ဟိုဟိုဒီဒီလျှောက်ကြည့်ပြီး ဒေါ်ဝိုင်းစိန်အား လက်ဆောင်ပေးထားသောဘီစကွတ်ထုပ်အားယူ၍ ဖောက်လိုက်၏။

ဒေါ်ဝိုင်းစိန်က ဝမ်းဆွဲဆရာမကြီးမို့ အရပ်ထဲကလူတွေက မကြာခဏလက်ဆောင်လာပေးတတ်၏။

"ဩော်. . . အလုပ်လုပ်မလားမှတ်တယ်။ ဘီစကွတ်မုန့်တွေ ဖောက်စားနေတယ်. . . ဟုတ်လား"

"မေမေကလည်း ဗိုက်ဆာတာကို။ နွားနို့တစ်ခွက်လောက် ယူသောက်လိုက်ဦးမယ်နော်, မေမေ"

အမေအတွက်ကြိုထားသောနွားနို့အား ယူသောက်နေပြန်သည်။

"ရော့. . . မေမေလည်းတစ်ခွက်သောက်၊ တျွန်တော် ရွှားနို့ ဒိုး ဆေးလိုက်တော့မယ်နော်"

ဒေါ်ဝိုင်းစိန်ဘာမှမပြောတော့။ လမင်းပေးလာသောနို့ခွက်





ကိုယူ၍သောက်လိုက်၏။

ခုနေသောက်ထားမှ။ တော်ကြာမှသောက်မယ်ဆိုလျှင် ဒီ နွားနို့က ကျွန်ချင်မှကျန်တော့မှာ။

လမင်းက အစားအသောက်ဆိုလက်မြန်သည်။

သူ့အားကောက်ရတုန်းက အသားဖြူဖြူဖွေးဖွေး၊ မျက်နှာဝိုင်း စက်စက်နှင့် ချစ်စရာကောင်းလွန်း၍ လမင်းလေးလို့အမည်ပေးခဲ့ တာဖြစ်သည်။

ချစ်စရာကောင်းသောလမင်းလေးသည် တစ်နေ့တခြားကြီး လာသောအခါ အလွန်ဆော့၊ အလွန်အစားသန်ပြီး၊ ဆိုးလည်းဆိုး လာလေသည်။

ဒါပေမဲ့. . . ဒေါ်ဝိုင်းစိန်ကတော့ အချစ်မပျက်ရှာ။ ပို၍ပို ၍ သံယောဇဉ်တွယ်ကာ သမီးလေးအား ပြန်လာတောင်းမည့်သူရှိ မှာပင် စိုးရိမ်နေလေသည်။

တကယ်တော့ ဒေါ်ဝိုင်းစိန်က အပျိုကြီး။ ဝမ်းဆွဲဆရာမ အဖြစ် အသက်မွေးဝမ်းကျောင်းပြုကာ သူ့ဘာဝသူ ရပ်တည်နေခဲ့သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လမင်းလေးကိုကောက်ရလာသည့်အချိန်မတိုင်မီ ခြောက်လလောက်က ဒေါ်ဝိုင်းစိန်၏မိခင်သေဆုံးသွားသည်ဖြစ်ရာ လမင်းလေး မကောက်ရမီအချိန်က ဒေါ်ဝိုင်းစိန့်မိခင်ဖြစ်သူအားအိပ်မက်မက်သည်။

"သမီး. . . ညည်းဆီကို ငါပြန်လာခဲ့မယ်"

"ဘယ်လိုပြန်လာမှာလဲမေမေရယ်။ ကျုပ်က အပျိုပဲတာ။ ကျုပ်, လင်ယူရမှာလား"

"တစ်နည်းနည်းနဲ့ ရောက်အောင်ကိုလာခဲ့မယ်"

အိပ်မက်မက်ပြီး အမှတ်တမဲ့ပင်နေခဲ့တာကိုး။

ကလေးကောက်ပြီးမှ ဒီကလေးဟာ အမေများဝင်စားတာလားလို့ ဒေါ်ဝိုင်းစိန်တွေးမိခဲ့သည်။

ကလေးက ရင်ဘတ်အလယ်တည့်တည့်မှာ,မှဲ့ပါသည်။ ကျောမှာလည်း မှဲ့ပါသည်။

ဒေါ်ဝိုင်းစိန့်၏မိခင်လည်း ထိုနေရာများတွင် မှဲ့ပါနေတာကတော့ တိုက်ဆိုင်သည်ဟုဆိုမလား။

ပြီးတော့. . . လမင်းလေးက စိတ်မြန်လက်မြန် ရှိသည်။





လက်တလည်းသွက်သည်။

ဒေါ်ဝိုင်းစိန်၏မောင်တစ်ဝမ်းကွဲ ဦးဖိုးထောင်၏သား 'နေဝေး' နှင့် ငယ်စဉ်ကတည်းက အတူကစား၊ အတူကျောင်းသွားနှင့်နေလာခဲ့ရာ လမင်းသည် ယောကျ်ားလေးအဝတ်များဝတ်ဆင်၍ ယောကျ်ားဆန်ဆန်နေထိုင်လာခဲ့သည်။

ကျောင်းစာကိုလည်း သိပ်စိတ်မဝင်စား။ စာကျက်ပျင်း၍ ဆော့ကစားချည်းမက်နေသဖြင့် အတင်းစာကျက်ခိုင်းနေရကာ၊ သည်နှစ်တော့ ဆယ်တန်းဖြေပြီးသွားပေပြီ။

ဒေါ်ဝိုင်းစိန်က လမင်းအား မိန်းမပီပီသသနေစေချင်၍ အိမ်အလုပ်တွေသင်ပေး၊ အတင်းရိုက်ခိုင်းသော်လည်း ကြောက်၍ သာလုပ်သင့်သလောက်လုပ်ပြီး အပြင်ထွက်လည်နေတာက များသည်။

ခုလည်းကြည့်. . .

ရေစိမ်ထားသောအဝတ်တွေ သေချာလျှော်ဖွပ်သည်မဟုတ်၊ ရေစင်အောင်မညှစ်ဘဲ ကြိုးတန်းပေါ် ဖြစ်သလိုလှန်းနေတာတွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ. . . ဒီကောင်မလေးတော့၊ အဝတ်ကိုသေချာမညှစ်ဘူး။ ရေတွေက တစက်စက်ကျလို့"

လမင်းက သူ့အမေ အဝတ်ရေညှိတွေညှစ်နေစဉ် ခြေကိုဖွနင်း၍ ကုပ်ချောင်းကုပ်ချောင်းအမူအရာနှင့် အပြင်သို့ထွက်သွား၏။

"ဟော့! ဒါဘာလုပ်တာလဲ"

"အမေ့"

ရုတ်တရက်ရှေ့မှကာဆီး၍ ရပ်တာမေးလိုက်သံကြောင့် ရုတ်တရက်လန့်အော်မိပြီးမှ အရှုးဆာမိဖြစ်နေသောကြောင့် လမင်းက လက်တစ်ဖက် နဖူးပေါ်မြှောက်တင်၍ အလေးပြုပေးလိုက်၏။

"ကောင်မလေး. . . ရော့"

အရှုးဆာမိက လမ်းမှကောက်လာသော ခေါင်ရမ်းသန်းတစ်ပွင့်, လမင်းအားပေးပြီးထွက်သွားသည်၊

လမင်းက အရှုးဆာမိအားကြောက်၍ယူလိုက်ပြီးလျှင် အဝေးရောက်မှ ခေါင်ရမ်းဝန်းအား လွှင့်ပစ်လိုက်သည်။

ပြီးမှ ရွာဦးထိပ်တွင်ရှိသောချောင်းကလေးဆီ လျှောက်လာ





ခဲ့သည်။

ချောင်းကိုဖြတ်ရန် တံတားလေးတစ်ခုရှိရာ တံတားထိပ်တွင် သစ်သားခုံတန်းလေးရှိပြီး ထိုသစ်သားခုံတန်းလေးတွင် ရွာကာလသားလူငယ်တချို့ ထိုင်လေ့ရှိပါသည်။

နေမင်းလည်းလာထိုင်ပြီး အပေါင်းအသင်းတွေနှင့်ဟေးလားဝါးလားလုပ်နေတတ်၏။

ယခုလည်း နေမင်းနှင့် အောင်သူတို့ထိုင်နေကြ၏။

လမင်းလက်ထဲမှာ ကျွတ်ကျွတ်အိပ်နှင့်ထုပ်ထားသော ပဲကြီးလှော်ပါလာသည်။

"ဟာ. . . ပဲကြီးလှော်ပါလာတယ်,ဟုတ်လား။ ငါတို့ဗိုက်ဆာတာနဲ့အတော်ပဲ"

"သိတယ်၊ နင်တို့က စားဖို့ဆိုရှေ့ဆုံးက"

"ဟဲ. . . ဟဲ. . . ဟဲ"

လမင်းက ကျွတ်ကျွတ်အိတ်ထဲမှနှိုက်၍ ပဲကြီးလှော်လက်တစ်ဆုပ်စီ သူတို့အားပေးလိုက်သည်။

လမင်း၏အိမ်မှာ မုန့်ပဲသရေစာတော့ပေါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝိုင်းစိန်က သားဖွားဆရာမဖြစ်နေတာမို့ တစ်ရွာလုံးက ရော၊ အနီးအနားရွာတွေကပါ ကျန်းမာရေးအတွက် ဒေါ်ဝိုင်းစိန် အား အကူအညီတောင်း၊ အားကိုးကြပြီး စားသောက်စရာများလက် ဆောင်ပေးတတ်ကြသည်။

"တို့မှာ ဖိုးနီနဲ့ သာဦး ယောင်တောင်တောင်လုပ်နေတယ်။ သူတို့ ဒီနားမှာ ဘာအကြံအဖန်ရှိတယ်မသိဘူး"

အောင်သူက ပြောလိုက်သည်။

ဖိုးနီနှင့်သာဦးသည် ရွာထဲကလူတွေ အော့ကြောလန်ရသော လူဆိုးစာရင်းဝင်များဖြစ်သည်။

ရွာထဲက ကြက်ပျောက်လျှင် သူတို့လက်ချက်ဟုအတပ်စွပ် စွဲကြသည်။

ဘာပစ္စည်းပျောက်ပျောက် ဖိုးနီနှင့်သာဦးလက်ချက်ဟုထင် ၍ ရွာလူကြီးအား မကြာခဏတိုင်တတ်ကြသည်။

ဘုရားပွဲမှာ ရန်ဖြစ်လျှင်လည်း ဖိုးနီနှင့်သာဦး။

ကျောင်းမနေ၊ အလုပ်အကိုင်မရှိ တစ်ခါတလေ မြို့ပေါ် တက်သွား။ တစ်ခုခုမကောင်းတာလုပ်ပြီး ရွာမှာပြန်ပုန်းလုပ်နေ





တတ်သည်။

ဖိုးနီနှင့်သာဦး တာတေလန်အောင်ဆိုးသော်လည်း လမင်း ကိုတော့ကြောက်ကြသည်။

ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်း။

ရန်ဖြစ်ပြီဆိုလျှင် လမင်းက လက်သွက်စွာဖြင့် သူတို့အား တစ်ခုခုနှင့်ကောက်ပေါက်စမြဲ။

ပြီးတော့. . . လမင်းက ဘုန်းကြီးကျောင်းက သိုင်းဆရာကြီး နှင့် သိုင်းပညာလည်းသင်ထားဖူး၏။

အထူးသဖြင့် ဆရာမကြီးဒေါ်ဝိုင်းစိန်၏သမီးမို့ လမင်းအား ပြန်ခံမလုပ်ရဲဘဲ ကြောက်နေကြခြင်းဖြစ်သည်။

"ဟေ့ ဟိုနှစ်ယောက်. . . လာစမ်း။ ဘာလုပ်မလို့ အဲဒီနား ယောင်လည်လည်လုပ်နေတာတုန်း"

လမင်းက အော်လိုက်သည်။

ဖိုးနီနှင့်သာဦး တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြပြီး တံတားအနီးသို့လျှောက်လာ၏။

"ဘာလဲ. . . ဘာလုပ်ကြမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလုပ်စရာမရှိလို့ ပျင်းလို့ပါကွာ။ ဘာတွေစားနေလဲ၊ ပဲကြီးလှော်လား။ နည်းနည်းပေး"

"အင်း. . . ပဲကြီးလှော်တောင် ထောင်းစားရတဲ့ဘဝရောက်ပြီလား။ ရော့. . ."

လမင်းက မနေ့ပြောတတ်။ သူ့မှာရှိလျှင်တော့ ဘယ်သူ့ကိုမဆို 'ရော့အင့်'ဆိုပြီးကျွေးပေးတတ်သည်။

"ငါတို့ နိုင်ငံခြားသွားပြီး အလုပ်လုပ်ရမလားလို့"

ဖိုးနီက ပြောသည်။

"ဟင်. . . ဒီမှာတောင် လက်ကြောမတင်းတာ။ ဘယ်နိုင်ငံသွားပြီးအလုပ်လုပ်မှာလဲ"

လမင်းပြောသည်။

"ဟုတ်သားပဲ။ ဒီမှာက အေးအေးဆေးဆေးနေလို့ရတယ်။ မရှိရင် ဘုန်းကြီးကျောင်းမှာ ခိုကပ်စားနေလို့ရသေးတယ်။ ဟိုကိုရောက်ရင် အလုပ်နဲ့လက် မပြတ်လုပ်ရတာ။ အစားတိုလျှော့စားပြီး ငွေကိုကျစ်ကျစ်ပါအောင်စုနိုင်မှ၊ ဒီကိုငွေပြန်ပို့နိုင်တာပါကွာ။ ကိုယ့်နိုင်ငံမှာပဲ အလုပ်ကိုရှိရှိသေသေလေးလေးစားစားလုပ်ပါ"





နေမင်းက ပြောသည်။

"မင်းတို့နှစ်ယောက်ကတော့ အတိုင်အဖောက်ညီနေတာပဲ။ ဒီမှာဘာသွားလုပ်မှာလဲ"

"အေးလေ၊ အလုပ်ရှားတယ်"

"မင်းတို့က အလုပ်ရွေးတာကိုး။ မင်းတို့မိဘတွေရဲ့စိုက်ခင်းထဲမှာပဲ ဒေသချောလုပ်။ ရတဲ့အသီးအနှံတွေ မြို့ပေါ်တက်ရောင်း။ အလုပ်ဖြစ်ပါတယ်။ မင်းတို့ လုပ်မှမလုပ်ချင်တာ"

"အေးလေ၊ ဘာပညာမှမတတ်ဘဲ နိုင်ငံခြားသွားလုပ်ချင်တယ်။ ဟိုမှာဘာလုပ်မှာလဲ၊ အလုပ်ကြမ်းပဲလုပ်ရမှာ။ အလုပ်ကြမ်းလုပ်ရမှာချင်းအတူတူ သူများနိုင်ငံမှာ ကျွန်သွားမခံချင်ပါနဲ့ကွာ"

"ဟိုမှာ လူပျင်းတစ်ယောက်လာပြန်ပြီ"

အောင်သူက တံတားပေါ်သို့ ခေါင်းငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာသောကိုလူမအေးအား မေးဆတ်ပြရင်းပြောလိုက်၏။

"အစ်ကိုလူပျင်းကြီး၊ အဲ. . . ဟုတ်ပေါင်၊ အစ်ကိုလူအေး။ မျက်နှာမသာမယာနဲ့ ဘယ်လိုစိတ်ပျက်စရာ၊ စိတ်ဓာတ်ကျစရာတွေကြုံပြီး တံတားပေါ်ရောက်လာရတာလဲ။ မိန်းမနဲ့ရန်ဖြစ်တို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ပြီး တံတားပေါ်က ခုန်ချသေကြောင်းကြံမလို့လား။ မလုပ်နဲ့။ ချောင်းထဲမှာ ရေခန်းနေတယ်"

လမင်း နောက်ပြောင်လိုသောမျက်နှာနှင့်ပြောလိုက်၏။

"ချောင်းထဲရေခန်းတာထက် ငါ့အိမ် ရေခန်းနေတာ အရေးကြီးတယ်။ ဘာတွေစားနေကြတာလဲ။ ပါးစပ်တလှုပ်လှုပ်နဲ့"

"ပဲကြီးလှော်ပါဗျာ။ ရော့ . . . စားဦး"

အိပ်ထဲက ပဲကြီးလှော်လက်တစ်ဆုပ် နှိုက်ပေးလိုက်ပြန်၏။

"အေး . . . ပဲကြီးလှော်စားရလည်းဗိုက်ပြည့်တာပဲ။ မိန်းမက ပိုက်ဆံမရှာနိုင်ဘူးဆိုပြီး မနက်က ထမင်းတောင် ဝအောင်မကျွေးဘူး"

"ပိုက်ဆံမရှိတဲ့အကြောင်း လာမပြောနဲ့၊ ကျွန်တော်တို့လည်း ဒီမှာအလုပ်မရှိလို့ မလေးရှားအလုပ်သွားလုပ်ရမလား စဉ်းစားနေတာ"

ဖိုးနီကိုအထင်ကြီးစွာနှင့် တိုလူအေးတကြည့်လိုက်၏။

လမင်းက ဖိုးနီနောက်မှနေ၍ လက်ခါပြလိုက်သည်။

"အလကား၊ ဒီမှာတောင် အလုပ်လက်ကြောမတင်းရင် သူ





ျားနိုင်ငံမှာသွားလုပ်ဖို့ စဉ်းစားမနေနဲ့။ ပြီးတော့ ဘယ်မှာလဲ ပိုက်ဆံ၊ ပိုက်ဆံတရင်းတနှီးကြီးပေးပြီး သွားကျွန်ခံရမှာ။ ဒီမှာလုပ်စမ်းပါဗျာ။ ကိုလူအေးနှယ်, မိန်းမနဲ့ကူပြီးဈေးရောင်းပေါ့ဗျ"

"သူဈေးရောင်းတဲ့နေရာမှာ ငါကူတာကိုမကျေနပ်ဘူး။ ငါ့ကသာ တခြားအလုပ်ရှာလုပ်တဲ့"

"အေးလေ . . . သူက ဈေးရောင်းပြီး ခင်ဗျားက အိပ်နေတာ ပို့"

"အေးကွာ, ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲမသိဘူး။ ချို့များကျတော့လည်း အမွေရတာနဲ့၊ ထီပေါက်တာနဲ့၊ ကြံဖန်ငွေးဖြစ်တာကွ"

"ဟုတ်တယ်၊ ရွာထိပ်က ညောင်ပင်ရုက္ခစိုးကြီးဆီမှာ ဆုတောင်းတာနဲ့တင် ဒေါ်ငွေရှင် ထီဆုကြီးပေါက်ပြီး ချမ်းသာတာ။ လိုက်တန်းလိုက်တာ အားကျစရာကွာ"

လမင်းက မေးစေ့ကို လက်ညှိုးနှင့်လက်မပွတ်၍စဉ်းစားဟန်နေသည်။

"ဘယ်ကငွေထုပ်ကြီးကောက်ရမလဲလို့ ငါစဉ်းစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလူအေးစကားအဆုံးမှာ လမင်းက လက်ဖျောက်တီးလိုက်၏။

"ဘာလဲ"

နေမင်းက လမင်း၏ပြုံးစုံစမျက်နှာကို စူးစမ်းစွာကြည့်ရင်း မေးလိုက်သည်။

"အမေပြောတာ သတိရလို့၊ ကျွန်တော်တို့ရွာမှာ ရာကျွပ်ဘိုင် လို့ခေါ်တဲ့ကုလားသူဌေးရှိတယ်မဟုတ်လား"

"ဦးရာကျွပ်တို့မိသားစု မြို့ကိုပြောင်းသွားပြီ။ သူ့သားတစ်ယောက်ဆို ရန်ကုန်မှာ သူဌေးဖြစ်နေပြီတဲ့"

"ဟုတ်တယ်။ အဲဒီဦးရာကျွပ်ကြီးက အစက ဒီလိုချမ်းသာဘူးတဲ့။ ရွာအနောက်ဘက်က ဘိုအိမ်ကြီးနားမှာနေတာတဲ့"

"သိသားပဲ။ အဲဒါ ငါတို့အဖေလည်းပြောဖူးတယ်"

ဖိုးနီက ခုမှသတိရဟန်ဖြင့် ဝင်ပြောလိုက်သည်။

"အဲဒီဦးရာကျွပ်ကြီးက ဘိုတွေမရှိတော့တဲ့အိမ်ကြီးမှာ ညစောင့်လုပ်ရတာ"

ရွာ၏မြောက်ဘက်မှာ သစ်တောကုမ္ပဏီမှာလုပ်သည့် မျက်နှာဖြူတွေနေခဲ့သည့်အိမ်ကို ဘိုအိမ်ကြီးဟု ရွာကလူတွေခေါ်ခဲ့ကြသည်။

ခုတော့လည်း ဘိုအိမ်ကြီးမှာ နေမည့်သူမရှိ၊ ပျက်စီးနေပြီ။

"အဲဒီအိမ်ကြီးမှာ ညစောင့်နေရတော့၊ အပေါ်ကနေ ပစ်ချလိုက်မယ်နော်၊ ပစ်ချလိုက်မယ်နော်လို့ပြောနေသံ ခဏခဏကြားရတယ်တဲ့"

"အေး၊ အဲဒီအိမ်မှာ ဂျပန်စစ်သားတွေဝင်သတ်လို့ အင်္ဂလိပ်စစ်တောမင်းကြီးသေသွားတယ်လို့ပြောတယ်။ အဲဒီမှာ သရဲဖြစ်နေတာ။ သရဲအရှိန်ကြောက်လို့ ခုထိဘယ်သူမှမနေရဲတာကြည့်"

"ညတိုင်းလိုပဲ ပစ်ချလိုက်မယ်နော်၊ ပစ်ချလိုက်မယ်နော်လို့ပြောတော့ ဦးရာကျွပ်က စိတ်မရှည်တဲ့ 'ဟေ့. . . အော်ချည်းမနေနဲ့ ပစ်ချချင်ရင်ပစ်ချလိုက်ပေါ့ကွာ' လို့ ပြန်အော်လိုက်တာနဲ့ အပေါ်ကနေ အထုပ်ကြီးတစ်ထုပ် ဘုတ်ခနဲဆို ကျလာပါရောတဲ့"

"ဟာ! "

"ဘာထုပ်ကြီးလဲ"

"ပြောမယ်လေ၊ အရင်မလိုပါနဲ့။ ဦးရာကျွပ်က ဘာတွေရ







www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အထုပ်ကြီးကောက်ဖွင့်ကြည့်လိုက်တော့ ရွှေတုံးတွေတဲ့။ တင်းတုံးကို တစ်ဆယ်ကျပ်သားလောက်ရှိတဲ့ရွှေတုံး အတုံးနှစ်ဆယ်လောက်ရှိတယ်"

"ဟာ. . . တီတီကျူကျူပါပဲလား။ ရွှေနှစ်ပိဿာလောက်ရှိမယ်"

"ဟုတ်တယ်. . . အဲဒီကစပြီး ဦးရာကွပ် ချမ်းသာသွားတာ၊ သူက ဘယ်သူ့ကိုမှပြောရဲတာမဟုတ်ဘူး၊ သူ့ခိန်းမ၊ သူညီမတွေ ကလေးမွေးရင် တို့အမေနဲ့ပဲခွေးရတော့ အမေ့ကိုပဲပြောတာ"

"ကောင်းလိုက်တာကွာ။ အဲဒီလိုရွှေထုပ်တောက်ရချင်တာ၊ ဘယ်ကနေ ကောက်ရမလဲမသိဘူး"

ကိုလူအေးက လိုချင်တပ်မက်အားကျစွာနှင့်ပြောလိုက်သည်။

"အခုလည်း အဲဒီအိမ်ကြီးမှာ သွားအိပ်ကြည့်ပေါ့"

"ဟာ. . . သရဲခြောက်ပါတယ်ဆိုမှ"

"သရဲက ရိုးရိုးသရဲမဟုတ်ဘူး။ သူဌေးသေလို့ သရဲဖြစ်သွားတာလေ။ သရဲကပေးလိုက်လို့ ရွှေထုပ်ရသွားတာမဟုတ်လား"

"အေးကွ၊ အဲဒါဝဉ်းစားသင့်တယ်"





ဖိုးနီက ပြောလိုက်၏။

ကိုလူအေး မျက်လုံးလေးပေကလပ်ပေကလပ်လုပ်ရင်း နားထောင်နေသည်။

သူတို့ပြောတာ ဟုတ်သလိုလိုပါလား။

"အခု အဲဒီအိမ်ကြီးမှာ အရူးဆာမိနေတာမဟုတ်လား"

"ဟုတ်တယ်လေ၊ အရူးဆာမိတောင် မကြောက်မရွံ့ အဲဒီမှာနေနိုင်သေးတာပဲ"

"ဆာမိကိုတော့ ရွှေထုပ်မပေးဘူးလား"

"အရူးမို့မပေးတာနေမှာပေါ့။ ရူးနေတော့ ရွှေထုပ်ပေးလည်း အဖိုးတန်မှန်းသိမှာမဟုတ်ဘူး"

"ဆာမိက ရူးတယ်ဆိုပေမယ့် ထမင်းမငတ်ဘူး။ သူကြည့်ရတာ စိုစိုပြည်ပြည်နဲ့ ဘာမှလုပ်စရာမလိုဘဲ ထမင်းဝတယ်။ အဲဒါ သရဲကျွေးတာနေမှာပေါ့"

"ဟာ. . . သရဲက ဘယ်လိုလုပ်ကျွေးမှာလဲ"

"ပိုက်ဆံပေးတာဖြစ်မှာပေါ့။ ဆာမိ တစ်ခါကပြောဖူးတယ်။ ိုက်ဆံလိုချင်ရင် မိုးပေါ်ကြည့် လက်ခုပ်တီးလိုက်၊ ပိုက်ဆံကျလ



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ မိုးနတ်မင်းကြီးပေးတာလို့ သူပြောတယ်။ တကယ်တ သရဲပစ်ချပေးတာဖြစ်ရမယ်"

လမင်းပြောတာကိုနားထောင်ရင်း ဖိုးနီနှင့် သာဦးတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ကိုလူအေးသည် စိတ်ဓာတ်တက်ကြွလာ၏။

"ဖြစ်တော့ဖြစ်နိုင်တယ်။ အဲဒီမှာ သွားအိပ်ကြည့်ရင်ကောင်းမလား"

"ကောင်းမလားလုပ်မနေနဲ့. . . ကောင်းကိုကောင်းတယ်။ ယောက်ျားတွေပဲဗျ၊ ဒီလောက်သွေးနည်းမနေပါနဲ့"

လမင်းက မြှောက်ပေးလိုက်၏။

ဂျာ

တကယ်တော့ အဲဒီ သရဲခြောက်သည့်ဘိုအိမ်ကြီးသို့ ကိုလူအေး သွားမအိပ်ရဲဟုထင်နေတာ။

ချမ်းသာချင်လွန်းသောကြောင့် ကိုလူအေးတစ်ယောက်တည်း သရဲခြောက်သည့်အိမ်သို့ သွားအိပ်ခဲ့လေသည်။

ထိုအိမ်ကြီးသည် လမင်းတို့နေသည့် မြိုင်ညိုရွာလေး၏ မြောက်ဘက်ကုန်းမြင့်တွင်ရှိပြီး၊ ကုန်းမြင့်၏နောက်မှ တောအုပ်တောတန်းများ တစ်ဆက်တည်းရှိသောကြောင့် သစ်ခုတ်သမားများမှလွဲ၍ လူသူအရောက်အပေါက်နည်းလှသည်။

တိုက်ခံနှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး အမိုးများလည်းပေါက်၊ သစ်သားများလည်း ဆွေးမြေ့ပျက်ဆီး ယိုယွင်းနေလေပြီ။

သရဲခြောက်သည်ဟု ရွာကလူတွေအပြောများ၍ မည်သူမျှ မကပ်ရဲကြသော်လည်း ထိုအိမ်ကြီးထဲတွင် အရူးဆာမိတစ်ယောက်တော့ စတည်းချနေထိုင်လေသည်။

အရူးဆာမိမှာ အသက်ငါးဆယ်ကျော်ရွယ် ကုလားလူမျိုးဖြစ်၏။

အလုပ်မယ်မယ်ရရမရှိ။ ပြောချင်ရာပြော၊ သွားချင်ရာသွားပြီး ထိုအိမ်ကြီးသို့ ရံဖန်ရံခါပြန်လာတတ်၏။

ကိုလူအေးက ဖိုးနီနှင့်သာဦးတို့အား ထိုအိမ်ကြီးတွင် သွား



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အိပ်ရန် အဖော်ခေါ် ချင်သော်လည်း မတော်တဆ ရွှေထုပ်ကြီးများ ရလာခဲ့လျှင် ဖိုးနီတို့အား ခွဲပေးရမည်ကိုမလိုလား၍ မခေါ်တော့ဘဲ သူတစ်ယောက်တည်း သွားအိပ်ခဲ့လေသည်။

ဂုဏ် ဂုဏ် ဂုဏ်



အခန်း ( ၆ )

## ကျွန်မဖြင့် သာအိမ်ကြီး

"ဗူး . . . အူး . . . အူး"

ရွာထိပ်မှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကြောင့် စိတ်ချောက်ချားစရာကောင်းနေပါသည်။

ကောင်းကင်မှာ လကွေးလေးရှိနေသောကြောင့် မှောင်မိုက်သောညမှာ အလင်းရောင်ပျပျလေးရှိနေလေသည်။

ကိုလူအေးသည် ချမ်းသာချင်လွန်းသောကြောင့်သာလျှင် ကြောက်စိတ်ကိုစွန့်၍ ထိုအိမ်ကြီးထဲကို နေမဝင်ခင်အရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



၍ အိပ်နေလေသည်။

အိမ်ကြီး၏တံခါးမကြီးသည် ဂလန့်မရှိ။ အဆင်သင့်ဖွင့်ထား သလိုပွင့်နေ၏။

အထဲမှာ ဖျာကြမ်းတစ်ခုခင်းထား၏။

အရှုးဆာမိလာသည့်အခါ ထိုဖျာကြမ်းပေါ်မှာအိပ်သည်ဟု ထင်ရ၏။

အနီးအနားမှာ အရှုးဆာမိ၏ပစ္စည်းအစုတ်ပလုတ်တွေ ပုံ ထားတာတွေ့ရ၏။

ပထမတော့ ရထားသောဘုရားစာတွေရွတ်ရင်း အိမ်ကြီး၏ ဝန်းကျင်မှာ ကိုလူအေး လမ်းလျှောက်နေလေသည်။

အရှုးဆာမိရောက်လာလျှင်လည်း အဖော်တော့ရသားဟု တွေးမိ၏။

အရှုးဆာမိက သူ့ဖာသာ ပြောချင်ရာပြောဆိုချင်ရာဆို၊ တစ် ယောက်တည်း ခုန်ပေါက်ကနေတတ်သော်လည်း လူတွေကိုဒုက္ခ မပေးတတ်၍ ကြောက်စရာမလို။

တစ်စတစ်စမှောင်လာသောအခါ အပြင်မှာ လေပြင်းတိုက်





ပြီး အေးလည်းအေးလာသောကြောင့် ကိုလူအေးအိမ်ထဲမှာထိုင်၍ ဆေးလိပ်သောက်နေလေသည်။

အိပ်မပျော်လျှင် ဆေးလိပ်နှင့်အဖော်ပြုနေမည်အတွေးဖြင့် ဆေးလိပ်တွေ အများကြီးယူလာခဲ့သည်။

ပြီးတော့ ရဲဆေးတင်သည့်အနေဖြင့် အရက်လည်းနည်းနည်း သောက်လာခဲ့သည်။

ခါတိုင်းအရက်သောက်ပြီး အိမ်ပြန်လျှင် ခေါင်းချအိပ်ပျော် နေကျဖြစ်၏။

ခုတော့. . .

အိပ်မပျော်နိုင်ပါ။

“ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက် . . . ဒေါက်. . . ဒေါက်”

အပေါ်မှကြမ်းပြင်ကို တစ်စုံတစ်ခုနှင့်ခေါက်သံလိုလိုကြား နေရ၏။

တကယ်ဆို အရှုးဆာမိပြန်လာတာလည်းမမြင်၍ အပေါ် မှာလည်း မည်သူမျှမရှိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒလိမ့်. . . ဒလိမ်. . . တိန်. . . တိန်. . . တိန့်"

ဘာသံတွေမှန်းမသိ။ အပေါ်က တစ်စုံတစ်ယောက်၏လှုပ်ရှားမှုတွေကို ကြားနေရ၏။

ကြွက်တွေလား. . .

လင်းနို့တွေလား. . .

တဖျပ်ဖျပ်နှင့် တောင်ပံခတ်သံလိုလိုကြားရ၏။

ကိုလူအေးစိတ်တွေ ဘယ်မှာဂနာငြိမ်ပါ့မလဲ။

တစ်အိမ်လုံးမှောင်မည်းနေသည်။

အနီးမှာ ဖယောင်းတိုင်တစ်တိုင်ထွန်းလိုက်ပြီး ဆေးလိပ်ထိုင်သောက်နေ၏။

ဖယောင်းတိုင်မီးရောင်ဖြင့် အိမ်ကြီးထဲမှာ တိုယ့်အရိပ်ကိုယ်မြင်တာတောင် ကြောက်စိတ်တွေဖြင့်ချောက်ချားရပါ၏။

"ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

ဟော. . . ကြားရပြန်ပြီ။

ဒါကတော့ အိမ်မြှောင်စုတ်ထိုးသံ။





"ရှုပ်. . . ရှုပ်. . . ရှုပ်. . . ရှုပ်. . . ရှုပ်"

တစ်စုံတစ်ယောက် လမ်းလျှောက်သံလို တရှုပ်ရှုပ်နှင့်ကြားရပြန်၏။

ဒီအသံတွေ လိုက်နားထောင်နေလို့မဖြစ်ပါဘူး။ အမြန်အိပ်ပျော်အောင်အိပ်မှ၊ နို့မဟုတ် ကြောက်လို့မဆုံးနိုင်ဘူး။ ကြောက်စရာကောင်းတာတွေ အတွေးပုံရိပ်ထဲက ဖယ်ပစ်မှ။

"ဂျလောက်. . . ဂျလောက်. . . ဂျလောက်. . . ဂျလောက် . . . ဂျလောက်"

မဖြစ်သေးပါဘူး။

အပေါ်က အသံမျိုးစုံကြားနေရ၏။

ဒီအိမ်ထဲမှာရှိသည့်သရဲက ပညာပြနေတာလား။

သရဲဆိုတာ ဘုရားစာရွတ်ရင် ကြောက်တယ်။ အနားမကပ်နိုင်ဘူးလို့ မိန်းမဖြစ်သူကပြောလိုက်၍ ဘုရားစာတွေရွတ်လိုက်ပြန်၏။

ပြီးလျှင် အမျှဝေသည်။

သည်အိမ်ကြီးမှာရှိသည့် မကျွတ်မလွတ်သူများအား ရည်စူး



www.burmeseclassic.com

www.burmeseclassic.com



၍ အမျှဝေခြင်းပေါ့။

"အားလုံး အမျှရ၍ သာဓုခေါ်ကြပါ။ ကွန့်နိပ်အလိုရှိသော ရွှေထုပ်ကိုလည်း ချပေးကြပါ"

ဟုပင် အသံကျယ်ကျယ်ရွတ်ဆိုလိုက်သေး၏။

"ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

အိမ်မြှောင်စုတ်ထိုးသံတွေ ညံနေ၏။

"ဖလပ်. . . ဖလပ်. . . ဖလပ်. . . ဖလပ်. . . ဖလပ်"

လင်းနို့တောင်ပံခပ်သံတွေရောပဲ။

"ကျွိ"

အပေါ်မှပြတင်းပေါက်တံခါးက လေအတိုက်မှာ ဖွင့်လိုက် ပိတ်လိုက်ဖြစ်ကာ အသံမြည်နေသည်။

ကိုလူအေး အိပ်ချင်လာပြီ။

ဖျာပေါ်မှာ လှဲချလိုက်၏။

ဖယောင်းတိုင်မီးကလည်း ငြိမ်းသွားပြီဖြစ်သည်။

နောက်တစ်တိုင်ထပ်ထွန်းမည်ပြုပြီးမှ မထွန်းဖြစ်တော့ဘဲ အိပ်ပျော်သွားသည်။





ကိုလူအေး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားမှ ဖယောင်းတိုင်မီးမရှိသောအခန်းက တဖြည်းဖြည်းလင်းလာသည်။

အရိပ်မည်းကြီးတစ်ခု တရွေ့ရွေ့ရွေ့လျားလာ၏။

ကိုလူအေး၏အနီးရောက်ရှိလာသောအရိပ်ကြီးမှာ အမည်းရောင်ပြောင်ပြောင်လက်လက်အဝတ်အစားများဝတ်ဆင်ထားသော လူကြီးတစ်ယောက်ဖြစ်လေသည်။

လူကြီးက ငုံ့ကြည့်နေစဉ်မှာပင် ကိုလူအေးလန့်ပြီးနိုးသွား၏။

"ဟော့. . . ဒီမှာ မင်းလိုချင်တဲ့ရွှေထုပ်. . . ရော့"

ပြောပြောဆိုဆိုနှင့် လူကြီးက ရွှေရောင်အဝတ်နှင့်ထုပ်ထားသောအထုပ်တစ်ထုပ်ကို သူ့ကိုယ်ပေါ်သို့ပစ်ချပေးလိုက်၏။

"အား. . ."

လေးလံသောအရာတစ်ခု သူ့ကိုယ်ပေါ်ပြုတ်ကျလာသဖြင့် ကိုလူအေးလန့်နိုးလာ၏။

"ဟာ! ဘာဖြစ်တာလဲ"

မှောင်ထဲမှာ သူတစ်ယောက်တည်း။

စောစောက လူကြီးကဘယ်ရောက်သွားပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းမှာ ထားအိပ်သောမီးခြစ်နှင့်ဖယောင်းတိုင် ထွန်းလိုက်၏။

"ဟာ! "

အိပ်မက်မက်နေတာဟုထင်မိသော်လည်း သူ့ကိုယ်ပေါ်သို့ တစ်စုံတစ်ခုပြုတ်ကျလာတာဖြစ်၏။

အထုပ်ကြီးတစ်ထုပ်. . .

တကယ်အမှန်ပင် အထုပ်ကြီးတစ်ထုပ်ဖြစ်နေပါရောလား။

ဝမ်းသာလိုက်တာ. . .

ရင်ထဲမှာ ထိတ်လန့်တုန်လှုပ်သောစိတ်များပျောက်သွားကာ အထုပ်ကိုကောက်ကိုင်လိုက်၏။

ငါတကယ် ရွှေထုပ်ရပြီ။ အမှန်တကယ်ချမ်းသာတော့မှာ လား။

ကျေးဇူးတင်တယ်. . . သရဲရေ၊

သွားပြီးနော်. . . တာတာ့ဟု ရင်ထဲကနှုတ်ဆက်ပြီး အထုပ် ကိုကောက်ယူကာ အိမ်ကြီးထဲက အလျှင်အမြန်ပြေးထွက်ခဲ့၏၊

မြန်မြန်ပြေးမှလေ။ တော်ကြာ စိတ်ပြောင်းပြီး၊ အထုပ်





ပြန်လာလုနေရင် မခက်ပါလား။

လရောင်ဖြင့် အရာခပ်သိမ်းကို ထင်ရှားစွာမြင်နေရ၏။

အိမ်ပြန်လမ်းသည် ချောမွေ့နေသည်။

မိမိအထုပ်ရလာတာ တစ်စုံတစ်ယောက်မှ မမြင်မသိပါစေ နှင့်။

အိမ်ကို တော်တော်အလှမ်းဝေးနေသေးသည်။

ကိုလူအေး အိမ်ရောက်တော့ မိန်းမဖြစ်သူမသန်းမြင့် နှစ်နှစ် ပြိုက်ခြိုက်အိပ်မောကျနေ၏။ အတော်လေးနှိုးယူရ၏။

"ရှင်ပြန်လာပြီလား၊ အချိန်မတော်ကြီးမှပြန်လာရလား။ ကယ်သွားပြီး အလေလိုက်နေတာလဲ"

"ဟာ. . . တိုးတိုး. . . မိန်းမ။ ဒီမှာအထုပ်ကြီးရလာပြီ"

"ဟင်! "

မီးခွက်ထွန်းလိုက်၏။

"ရှင် တကယ် အဲဒီအိမ်ကြီးမှာသွားအိပ်တာလား"

"ဟုတ်တယ်. . . ဒီမှာအိပ်မက်မက်သလိုဖြစ်ပြီး လူကြီးတစ် ယောက်က ရွှေထုပ်ပေးမယ်ဆိုပြီး အထုပ်ကြီးပစ်ချပေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အပေါ် တစ်ခုခုကျလာလို့ လန့်နိုးသွားတော့ ငါ့ဘေးမှာ အဲဒီ အထုပ်ရောက်နေတာ"

"ဟယ်တော့. . . ထူးဆန်းလိုက်တာ။ အထုပ်ကြီးက အကြီး ကြီးပဲ"

ကျွတ်လွတ်အိတ်အမည်းနှင့်ထုပ်ထားသဖြင့် ဘာမှသေချာ သဲကွဲမမြင်ရ။ အထုပ်ကိုဖွင့်လိုက်၏။

အထဲမှာလည်း ဆန်အိတ်ရှိသေး၏။

"ဘာတွေလဲ. . . နှိုက်ကြည့်ပါဦး"

ကိုလှအေး လက်နှင့်နှိုက်ယူ၏။

"ဟွန်း. . . နံလိုက်တာ"

"ချိုးတုံးတွေ. . . ဟာ. . . မာမာရော၊ ပျော့ပျော့ရော"

"ဟင်း. . . ညစ်ပတ်လိုက်တာ။ ဘာတွေထည့်ပေးလိုက်တာ လဲ"

"မီးခွက်ပေးစမ်း။ သေချာကြည့်ပါဦး"

"ရှင့်ဟာက မည်းနေတာ၊ ရွှံ့နဲ့အသီသာကြီး။ အိုး. . . လိုက်တာ. . . သွား. . . သွား. . . လွှင့်ပစ်လိုက်။ အပြင်သွားပစ်





လိုက်။ ကြည့်ပါဦးတော်. . . ကြဲ့ကြဲ့ဖန်ဖန်၊ ချိုးထုပ်ကောက်လာရ တယ်လို့"

စိတ်တိုဒေါသဖြစ်စွာဖြင့် မသန်းမြင့်အော်လိုက်သောကြောင့် အိပ်ပျော်နေသောကလေးတွေပင် လန့်နိုးလာကြကုန်သည်။

"အရှုးဆာမိရဲ့ချိုးထုပ်ကို ရှင်ကောက်လာတာပေါ့လေ။ အံ့ ပါရဲ့တော်. . . ဒီလောက်အ,ရလား။ လက်ကို ရေနဲ့သေချာဆေး"

ဝေးဝေးမပစ်ရသေး။

မနက်မှ သေချာရှာကြည့်ရဦးမည်။ အိမ်နားက ချုံထဲမှာပစ် ပြီး လက်ကိုရေဆေးရသည်။

"ဆပ်ပြာနဲ့သေချာဆေးနော်. . . ရှင်"

"အင်းပါ"

"ဟင်. . . မပြောလိုက်ချင်ဘူး။ လုပ်လိုက်ရင် သောက်တလွဲ တွေချည်းပဲ"

"ငါ့ကျမှ ချိုးထုပ်ပေးရတယ်လို့ကွာ"

"ဘယ်သရဲကမှ ပေးတာမဟုတ်ဘူး။ အရှုးဆာမိ ချိုးပါပြီး ထုတ်တဲ့အထုပ်ကို ရှင်ကောက်လာတာဖြစ်မှာ။ ရှင်ကကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂျတာ။ လူကြားလို့မှ မကောင်း"

မသန်းမြင့်မကျော့မနုပ်ဖြင့် မြည်တွန်တောက်တီးပြောလို့မပြီး ဖြစ်နေ၏။

မနက်မိုးလင်းမှ ချုံထဲပစ်ထားသောအထုပ်ကို သွားကြည့်၏။

တကယ်ပင် ဘယ်နှရက်ဘယ်နှကြိမ် ဆက်၍ပါထားသော အီးအီးတုံးတွေလဲမသိ။

အင်း. . . အရှုးဆာမိလုပ်ချလိုက်ပြန်ပြီ။

တကယ်တော့ အရှူးဆာမိလုပ်တာမဟုတ်။

ကိုလူအေးအား ပေါက်ကရပြော၍ ခြောက်ပေးလိုက်သော လမင်း၏လက်ချက်သာဖြစ်တာမဟုတ်လား။

နောက်နေ့တွေမှာ ကိုလူအေး ချီးထုပ်တောက်ရလာသည့် အကြောင်း လမင်းပြော၍ရယ်မဆုံးဖြစ်နေတော့သည်။

ဂျူ ဂျူ ဂျူ



အခန်း ( ၇ )

## နောက်မှရောက်လာတဲ့ညီသည်

"ဟော့. . . ကောင်မလေး, လာဦး"

ဥက္ကါ၏ခေါ်သံကြားသော်လည်း အချစ်ကလေးသည် ကြမ်းကို ဆက်၍တိုက်နေ၏။

"ခေါ်နေတာမကြားဘူးလား"

ဥက္ကါက အော်သည်။

"ကြားပါတယ်၊ ဘာလုပ်မလို့လဲ။ ဒီမှာ ကြမ်းတိုက်နေတာ မပြီးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကလေးက ခပ်တိုတိုခပ်ပြတ်ပြတ်ပင်ပြောလိုက်၏။

ဒီလူကိုကြည့်မရပါဘူးနော်။

သူများအိမ်ရောက်လာပြီး ဧည့်သည်လိုဖနေ့

နေရာထကာမှာ ဆရာလုပ်၍ သူ့အတွက်သူပင် ဘာမှမလုပ်

ချင်။ လက်ကြောမတင်းသည့်လူ။

"ငါ့ဖိနပ်တိုက်ပေးစမ်း"

"သမီးမအားသေးဘူး"

"အဲဒီအလုပ်ကိုချထား။ ဒီမှာလာတိုက်ပေး"

အချစ်ကလေး မျက်စောင်းကလေးဝင့်ပြီးကြည့်လိုက်၏။

သူ့ဖိနပ် သူ့ဖာသာတိုက်ပါလားလို့။

အဲဒီလို လူကိုကြောတာလေ။

ထိုစဉ်ပင် ဒေါ်ချိုရီ အပေါ်မှဆင်းလာ၏။

"တဲ့. . . ဥက္ကါခိုင်းနေတာ ကြားတယ်မဟုတ်လား။ ဟိုက အပြင်သွားတော့မှာ ညည်းအလုပ်ပြီးအောင် စောင့်နေရမှာလား"

အချစ်ကလေး ကြမ်းတိုက်အဝတ်ကိုချပြီး ဖိနပ်စင်အနီး လျှောက်လာ၏။





ဖိနပ်စင်ပေါ်မှာရှိသော ဘရပ်ချ်ကိုယူ၍ ဥက္ကါ၏ဘွတ်ဖိနပ်ကို တိုက်ပေးလိုက်သည်။

ဒီလောက်လေးလုပ်ရတာကို ကိုယ့်ဖာသာမလုပ်နိုင်သည့် ဥက္ကါ၏ပုံစံက တမင်တကာ လူကိုကြောတာမဟုတ်လား။

အချစ်ကလေးက ပြန်မပြောသာ၍ သည်းခံနေရခြင်းဖြစ်သည်။

"အပြင်သွားရင်လည်း ထမင်းစားပြီးမှသွားပါလား။ ထမင်းဟင်းတွေကျက်နေပြီ"

"မစားသေးဘူး။ ဆိုင်ကယ်နဲ့မြို့တစ်ပတ် ပတ်လိုက်ဦးမယ်"

"ကဲ. . . သွား. . . သွား. . . စောစောလည်းပြန်လာဦး"

"အစ်ကိုဥက္ကါ၊ သမီးလည်းလိုက်မယ်"

ချိုသဲဦးအပေါ်က ပြေးဆင်းလာပြီးပြောသည်။

"နင်ရှုပ်ပြန်ပြီ။ ညနေတစ်ခေါက်ထွက်မှခေါ်မယ်။ အခုကိစ္စလေးရှိသေးလို့ သူငယ်ချင်းနဲ့ချိန်းထားတာဟ"

"သိပါတယ်နော်၊ မြို့မလမ်းက မမဆီသွားမလို့မဟုတ်လား"

"အေး. . . သိရင်လည်းငြိမ်ငြိမ်နေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတာဖြင့် သူ့ကိုလည်း အထင်မကြီးဘဲနဲ့ . . . ဟွန်း"

သူ့ကိုခေါ်မသွား၍ ချိုသဲဦး မကျေမနပ်ဖြင့် နှုတ်ခမ်းစူပြော လိုက်၏။

"ကဲ. . . အဲဒီကြမ်းတိုက်တာပြီးရင် ထမင်းစားကြမယ်နော်၊ ထမင်းပြင်"

"မေကြီးက ဆာနေပြီလား. . . သမီးတော့ မဆာသေးဘူး၊ အခွေကြည့်ဦးမယ်"

ချိုသဲဦးက ယိုးဒယားသရဲကား ဖွင့်ကြည့်နေသည်။

"ဟဲ့. . . တီဗီဘက်လှည့်ကြည့်မနေနဲ့။ ကိုယ့်အလုပ်ကိုပြီး အောင်လုပ်စမ်း။ အလုပ်လုပ်တာသိပ်ကြာတာပဲ"

အလုပ်လုပ်ရင်း အမှတ်မထင် တီဗီဘက်အကြည့်ရောက် သွားသောအချစ်ကလေးအား လှမ်း၍ငေါက်လိုက်၏။

အချစ်တလေးဘာမှမပြောဘဲ ကြမ်းကိုင့်တိုက်နေသည်။

ပြီးတော့ အချစ်ကလေး ကြမ်းတိုက်အဝတ်များ ချက်ချင်း လျှော်ဖွပ်ပြီး ရေချိုးသည်။

ခေါ်ရွှေတင့်က ရေချိုးအဝတ်အစားလဲပြီးပြီဖြစ်၍ ထမင်းပွဲ





ပြင်ပေးနေသည်။

အချစ်ကလေး သနပ်ခါးသွေး၍ မျက်နှာပေါ်ရေကျဲလေး ပွတ်လိမ်းလိုက်၏။

ဦးရာဇော်လည်း အပြင်မှပြန်ရောက်လာပြီး ထမင်းစားပွဲ မှာထိုင်နေပြီဖြစ်သည်။

"ဘာဟင်းတွေလဲကွ"

"ဝက်သားနဲ့ သရက်သီးခြောက်ချက်ခိုင်းထားတယ်"

"ကောင်းတယ်"

ရှန်သားဘလောက်စ်ပွပွလေးနှင့် ပါတိတ်ထဘီတစ်ပတ်နွမ်း လေးဝတ်၍ အချစ်ကလေး ထမင်းစားခန်းရောက်လာ၏။

"ဩော်. . . ဦးဝဏ္ဏဖုန်းဆက်တယ်။ မနက်ဖြန် မနက်စော စော သူ ရန်ကုန်ကထွက်လာခဲ့မယ်တဲ့"

"ဟုတ်လား။ ဒါဆိုဟင်းကောင်းကောင်းချက်ထား"

"သူ့သားလည်း ခေါ်လာခဲ့မယ်တဲ့။ သူ့သားက ကိုကြည်သာ နဲ့အတူ နိုင်ငံခြားမှာသွားနေပြီး ကျောင်းတက်နေခဲ့တာ။ ခုတော့ မြန်မာပြည်ပြန်လာပြီထင်တယ်။ ဒီမှာ စက်ရုံထောင်မလို့ဆိုလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်သာတ သူ့တူမအချစ်ကလေးအကြောင်း ခဏခဏပြော လွန်းလို့ ဦးဝဏ္ဏရဲ့သားကလည်း စိတ်ဝင်စားပြီး အချစ်ကလေးကို ကြည့်ချင်လို့လိုက်လာတာတဲ့"

ဒေါ်ချို့ရီ မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ခုတို့စဉ်းစားနေ၏။

"ဘာတွေစဉ်းစားနေလဲ"

ဦးရာကျော်တာမေးသည်။

"ပြော်. . . ဦးဝဏ္ဏဆိုတဲ့လူတ သူ့သားနဲ့ အချစ်ကလေး နီးစပ်ဖို့များ ရည်ရွယ်သလားမသိဘူး။ နိုင်ငံခြားမှာနေတဲ့သူ့သားနဲ့ တောင်ငူမှာနေတဲ့မိန်းကလေးကိုများ နီးစပ်ဖို့ သူကြံစည်နေတယ် ဆိုရင် ဦးဝဏ္ဏဟာ ဥစ္စာရှူးပဲဖြစ်ရမယ်"

"ဘာ. . . ဘယ်လိုကွ"

"ရှင်ကလည်း မပါးနပ်လိုက်တာ။ ရန်တုန်က ဒစ်တိုချမ်းသာတို့ဝယ်ထားတဲ့အိမ်ဆိုတာ ကြားသာကြားဖူးတာ။ ရှင်တို့ကျွန်မတို့ တစ်ခါမှမရောက်ဖူးခဲ့ဘူး။ အဲဒီအိမ်ကိုငှားစားတာ အနှစ်နှစ်ဆယ်၊ အဲ. . . ဟုတ်ပေါင်။ ဆယ့်ငါးနှစ်ကျော်မှ အိမ်ဈေးကောင်း





တယ်ဆိုပြီး ရောင်းလိုက်တဲ့သတင်းပဲကြားလိုက်ရတယ်။ အဲဒီငွေတွေ ဘဏ်မှာထည့်ထားပြီးသိမ်းထားတာလည်း ဦးဝဏ္ဏနဲ့ ကိုကြည်သာ တို့ပဲလုပ်တာ။ ဘဏ်မှာရှိတဲ့ငွေတွေက သိန်းထောင်နဲ့ချီနေတာ။ အတိုးတွေကလည်း မနည်းဘူးရတာ။ ဒီတော့ အဲဒီငွေတွေ ကိုကြည် သာလည်း မက်မှာ၊ ဦးဝဏ္ဏလည်းယူချင်မှာပဲ။ သူ့သားကို သိန်း ထောင်ချီချမ်းသာတဲ့မိန်းကလေးနဲ့ ယူစေချင်မှာပေါ့"

"အင်း. . . မင်းအတွေးက မဆိုးပါဘူး။ ကလေးချင်းက ကြိုက်ဦးမှကိုး။ မနက်ဖြန် ဦးဝဏ္ဏတို့သားအဖလာရင်တော့ သေချာ ညှိခံကျွေးမွေးလွှတ်ပါကွာ"

"ဘယ်တုန်းက သေချာမကျွေးလို့လဲ။ အပြန်လက်ဆောင် တွေလည်း ပေးလိုက်တာပဲ။ သူက ဒီအိမ်မှာလည်း ဘယ်တော့မှ မတည်းဘူး။ တည်းမယ်ဆိုလည်း သေချာလုပ်ပေးမှာ"

"ဒါကတော့ သူ့အစ်မအိမ်ရှိနေတာကိုး။ အချစ်ကလေးကို လည်း အဝတ်အစားလှတပတလေးတွေ ဝတ်ပေးထားဦး"

"အင်းပါတော်. . . အလှဆုံးပြင်ထားပေးပါ့မယ်"

ဦးဝဏ္ဏသည် သုံးလတစ်ခါလောက် လာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့လည်း အလုပ်တွေများလွန်း၍ဆိုပြီး
ခြောက်လလောက်ကြာမှ တောင်ငူကိုရောက်လာတတ်၏။

"ကဲ. . . ဒေါ်ရွှေတင့်ရေ မနက်ဖြန် ဦးဝဏ္ဏလာမယ်တဲ့။
ဝက်သားနဲ့မျှစ်ချဥ်ကောင်းကောင်းလေးချက်။ ဦးဝဏ္ဏက ဝက်သား
နဲ့မျှစ်ချဥ် သိပ်ကြိုက်တာ"

ဒေါ်ရွှေတင့်အား ဈေးဖိုးထုတ်ပေး၍ ဟင်းချက်ရန်မှာကြား
နေသည်။

"သူ့သားလည်း ပါလာမှာတဲ့။ နိုင်ငံခြားမှာနေတဲ့လူဆိုတော့
မြန်မာထမင်းဟင်း လျှာလည်သွားအောင် ချက်ပေးလိုက်ပါ"



အခန်း ( ၈ )

အချစ်ကလေးရဲ့ဘဝ...

"ကဲ. . . သမီးသွားတော့၊ ရေချိုးအလှပြင်ချည်။ မေတင့်
ဆက်လုပ်မယ်"

ဒေါ်ရွှေတင့်က ဟင်းအိုးမွှေနေသော အချစ်ကလေးအား
ပြောလိုက်သည်။

"ရပါတယ်၊ စောပါသေးတယ်။ အမေတင့်တစ်ယောက်တည်း
ဆို ပင်ပန်းနေဦးမယ်"

ဒေါ်ရွှေတင့်အား အချစ်ကလေးက မေမေတင့်ဟူ၍ခေါ်
ရင်းမှ မေတင့်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ငယ်ငယ်ကတည်းက သူမအားထိန်းကျောင်းရှင်း တစ်အိမ်လုံးအတွက် ချက်ပြုတ်၊ လျှော်ဖွပ် အိမ်အလုပ်တွေမနားမနေ လုပ်ရသောဒေါ်ရွှေတင့်အား အချစ်ကလေး သနားနေသည်။

ကျောင်းမတက်ရသေးခင်မှာ ဒေါ်ရွှေတင့်အား တတ်နိုင်သလောက် အချစ်ကလေး ကူလုပ်ပေးချင်သည်။

ဒေါ်ချိုရီနှင့် ချိုသဲဦး၏ အနိုင်ကျင့် စီးစီးပိုးပိုးဆက်ဆံတတ်ပုံကြောင့် အိမ်မှာ အိမ်ဖော်,မမြဲ။

အဝတ်လျှော်၊ မီးပူတိုက်နှင့် သန့်ရှင်းရေးလုပ်ဖို့ ငှားထားသည့်တောင်မလေးတွေ ချိုသဲဦးနှင့်ရန်ဖြစ်ပြီးထွက်သွားတတ်၏။

"ဒီတင်းအိုးကျရင် ရေသွားချိုးတော့နော်သမီး"

"ဟုတ်ကဲ့"

အချစ်ကလေးမှာ ငယ်စဉ်ကတည်းက မီးဖိုခန်းထဲမှာ ဆော့ကစားပြီး၊ ဝါသနာလည်းပါသဖြင့် အချက်အပြုတ်ကျွမ်းကျင်သည်။

ထမင်းဟင်းချက်လျှင်လည်း ဒေါ်ရွှေတင့်သင်ထားသဖြင့် လုပ်ကိုင်ရင်း ဘုရားစာရွတ်ပြီး မိမိချက်သည့်ဟင်းစားမည့်သူများအား မေတ္တာပို့နေတတ်သည်။





ထို့ကြောင့်များလားမသိ။ အချစ်ကလေးချက်သည့်ဟင်းများသည် အရသာရှိပြီး အလွန်စားလို့ကောင်းနေတတ်၏။

ဟင်းအိုးပြီးသွားသည်နှင့် အချစ်ကလေး ရေချိုးအလှပြင်သည်။

ဒီလိုနေ့မျိုးတွင် ဒေါ်ချိုရီက အချစ်ကလေးအား အထူးလှပနေအောင် ပြင်ဆင်ဝတ်စားစေ၏။

ဒါမှ ရန်ကုန်မှ ဦးဝဏ္ဏရောက်လာသောအခါ အချစ်ကလေးအား ဒေါ်ချိုရီတို့က သမီးရင်းကဲ့သို့ ဂရုတစိုက်စောင့်ရှောက်သည်ဟုထင်သွားရမည်မဟုတ်လား။

"အချစ်ကလေး. . . ရော့, ဒီဟာတွေဝတ်လိုက်။ ပြီးရင် ငါ့ကိုလာပြဦးနော်။ ခြေထောက်မှာ Foot Chain ဝတ်ထားမှာ။ ဒါကြောင့် စကတ်ဝတ်"

အချစ်ကလေးဝတ်ဖို့ အဝတ်အစားများနှင့် ရွှေထည်ပစ္စည်းများ ဒေါ်ချိုရီကပေးလိုက်သည်။

မဝတ်ချင်ဘူးငြင်းလည်းမရ၊ အချစ်ကလေး ဒီနေ့မှာ ရှယ်ဝတ်ရမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောလယ်ထိရှည်သောဆံပင်ကို တစ်ဝက်ခွဲ၍ စည်းကာ ဖဲပွင့်ပုံကလစ်လှလှလေးထိုးထား၏။

လည်ပင်းကို အချွန်းပုံဟိုက်ထားပြီး လက်မောင်းတွင်အထပ်ထပ်တွန့်ထားသည့် ကိုယ်ကျပ်လက်ဖောင်း ဘလောက်စ်အင်္ကျီ အနက်ရောင်နှင့်တွဲ၍ဝတ်ထား၏။

စကတ်က ခြေသလုံးအလယ်ထိရှည်သည်။

နားမှာတော့ ဖန်စီပုံစံနားတွဲလေးဝတ်ထားသည်။

လည်ပင်းမှာ ရွှေကြိုးမျှင်မျှင်ကလေး၊ စိန်ကို ပလက်တီနံမှုတ်ထားသောဆွဲပြားလှလှလေးဆွဲထား၏။

လက်မှာ ဒီဇိုင်းလှလှလေးနှင့်လုပ်ထားသော ကွင်းစွပ်လက်ကောက်ခြောက်ကွင်း ဝတ်ထားရ၏။

တစ်တန်းသွားစိန်လက်စွပ်သုံးကွင်း လက်ခလယ်မှာ ဝတ်ထားသည်။

ခြေထောက်မှာလည်း ရွှေအစစ်နှင့်လုပ်ထားသော Foot Chain ဝတ်ထားရသည်။

ပြင်ဆင်ဝတ်စားပြီးတော့ ဒေါ်ချိုရီအားသွားပြရ၏။





ဒေါ်ချိုရီအနီးမှာထိုင်နေသောချိုသဲဦးက အချစ်ကလေး အရမ်းလှနေတာကိုကြည့်ပြီး မနာလိုဖြစ်သွား၏။

ဒါပေမဲ့. . . ကြံဖန်ကဲ့ရဲ့ချင်တော့လည်း. . .

"ဟင်. . . နှုတ်ခမ်းက ဘာရောင်လဲ။ ဘာမှလည်းမဆိုးထားပါလား"

"အေးလေ, နှုတ်ခမ်းဆိုးပါဦးလား။ အပြောင်လေးဆိုးထား"

"မဆိုးတော့ပါဘူး မေချို။ အိမ်နေရင်းပဲဟာ"

"အိမ်နေရင်းဆိုပြီး အဝတ်အစားသစ်တွေ ဝတ်ထားတာတော့ သဘာဝမကျပါဘူးနော်။ ဒီတစ်ခါ လူပျိုကြီးတစ်ယောက်ပါလာမှာ။ မလှလို့ကတော့ နောက်ကောက်ကျသွားမှာ. . . ခစ်. . . ခစ်"

ချိုသဲဦးက တမင်တကာရယ်ချင်ဟန်လုပ်နေ၏။

"တဲ့. . . ညည်းရော ပျင်းပြီးယိုင်မနေနဲ့။ မေ့ချိုးအလှပြင်တော့"

အချစ်ကလေး ထွက်သွားလေသည်။

"သမီးကတော့ အမြဲလှလှလေးနေတာ။ တော်ကြာ မေမြို့



www.burmeseclassic.com

www.burmeseclassic.com



တူမ လာကြည့်တဲ့လူက သမီးကိုကြွေသွားရင် ဘယ်လိုလုပ်မလဲ"

"ကြွေ. . . ကြွေ။ အဲဒါလည်းကောင်းတာပဲ။ ကဲ. . . ရေချိုး တော့။ သူ့ထက်ပိုလှအောင်ပြင်"

## ၅

"ဦးဝဏ္ဏ. . . နေကောင်းတယ်နော်။ မတွေ့ရတာကြာပြီ"

"ဟုတ်ပါရဲ့။ မချိုရီ ပိုပြီးလှလာတယ်။ ဟော. . . အချစ် ကလေးလည်း ပိုပြီးလှလာတယ်။ သား. . . ဒါအချစ်ကလေးလေ"

ဦးဝဏ္ဏသည် ချက်ချင်းပင် အချစ်ကလေးနှင့် သားဖြစ်သူ ကျော်ဇေဝဏ္ဏအား မိတ်ဆက်ပေးလိုက်သည်။

ကျော်ဇေဝဏ္ဏသည် အချစ်ကလေးအား နှစ်လိုဖွယ်ပြုံး၍ လိုက်သည်။

အချစ်ကလေးက ရှက်သွေးဖြန်းသောမျက်နှာလေးအား ဝှက် ထားသလို ခေါင်းငုံ့သွား၏။

ဘေးမှကြည့်ပြီး အားမလိုအားမရဖြစ်နေတာက ချိုသဲဦး၊





သူမကတော့ သုံးဆယ့်နှစ်ချောင်းသောသွားတွေပေါ်အောင် ဖြဲပြီး ကျော်ဇေဝဏ္ဏအားကြည့်နေသော်လည်း ဦးဝဏ္ဏကလည်း မိတ်ဆက်မပေး။

ကျော်ဇေဝဏ္ဏကလည်း လုံးဝဂရုမပြုပုံနှင့် ချိုသဲဦးအား မကြည့်။

ချိုသဲဦး စိတ်တိုသွားသည်။

"သမီး ဆယ်တန်းအောင်သွားပြီဆိုလို့ သမီးဘဘဦးကြည် သာက ဝမ်းသာနေတာ။ ရွှေ့နှစ်ထဲမှာတော့ မြန်မာပြည်ပြန်လာဦး မှာ။ သမီးအတွက် လက်ဆောင်တွေ ဦးရဲ့သားနဲ့ပေးလိုက်တယ်။ သားပေးလိုက်လေ"

"ဟုတ်ကဲ့၊ အန်ကယ်ဦးကြည်သာ ပေးလိုက်တာပါ"

အိပ်လှလှလေးနှင့်ထည့်ယူလာသောပစ္စည်းများကို ကျော်ဇေ ဝဏ္ဏက အချစ်ကလေးအားပေးလိုက်သည်။

"ဟုတ်ကဲ့. . . ကျေးဇူးပါ"

မပွင့်တပွင့်လေးပြောရင်း ကျော်ဇေဝဏ္ဏလက်ထဲက လက် ဆောင်ထုပ်ကို ရှက်ကိုးရှက်ကန်းဟန်ဖြင့်လှမ်းယူလိုက်သော အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးအား ချိုသဲဦးက မနာလိုစွာကြည့်လိုက်သည်။

“ဖွင့်ကြည့်ပါဦးလား။ ဘာတွေလဲလို့”

“ဟုတ်ကဲ့၊ နောက်မှပဲ”

“ကဲ. . . ကဲ. . . ဦးဝဏ္ဏတို့သားအဖ ဆာနေကြမယ်။ ထမင်းအရင်စား။ စားရင်းမှစကားပြောကြတာပေါ့နော်”

ဒေါ်ချိုရီက ထမင်းစားဖို့ခေါ်လိုက်သည်။

ကျွန်းသားဖြင့်ပြုလုပ်ထားသော ထမင်းစားပွဲဝိုင်းကြီးမှာ လူဆယ်ယောက်ခန့် ဝိုင်းထိုင်စားနိုင်ပြီး ခေတ်မီပန်းကန်ခွက်ယောက်များအသုံးပြု၍ ဟင်းဖွယ်ပွယ်ရာရာဖြင့် စားချင့်စဖွယ်ပြင်ဆင်ထားသည်။

ဦးချမ်းသာ၊ ဒေါ်ပြည့်စုံတို့လက်ထက်က ဆောက်လုပ်ထားသောခေတ်မီနှစ်ထပ်တိုက်ကြီးမှာ အနှစ်နှစ်ဆယ်ကျော်သည့်အထိ ခိုင်ခံ့စွာခေတ်မီနေဆဲဖြစ်သည်။

အလွန်ချမ်းသာသောသူဌေးများမို့ ဦးချမ်းသာတို့လင်မယားသည် ကျယ်ဝန်းလှသောခြံကြီးထဲမှာ ခေတ်မီတိုက်ကို အခိုင်အခံ့ဆောက်ပြီး အသုံးအဆောင်ပစ္စည်းများလည်း အဖိုးတန်များချည်း





ဝယ်ယူစုဆောင်းထားရာ ဒေါ်ချိုရီတို့မှာ သုံးမကုန်အောင်ဖြစ်နေသည်။

အိမ်ကိုတစ်နှစ်တစ်ခါဆေးမှန်မှန်သုတ်ပြီး လိုအပ်သည်များပြုပြင်နိုင်ရန်လည်း ဦးကြည်သာက နိုင်ငံခြားမှငွေပို့ပေးနေသည်။

လွန်ခဲ့သောနှစ်များက ဦးကြည်သာလာချိန်တွင်လည်း အိမ်ကြမ်းပြင်များ တာရာဇိုခင်းခြင်း၊ မီးဖိုခန်းအား ကြွေပြားများကပ်ခြင်း၊ အမိုးသွပ်ပြားများလဲခြင်း စသဖြင့် အိမ်ကိုခေတ်မီဆန်းသစ်နေအောင် ပြုပြင်ပေးခဲ့လေသည်မဟုတ်လား။

“ဟင်းတွေ များလှချည်လား”

ဦးဝဏ္ဏက ထမင်းစားပွဲမှာ ပြင်ထားသောဟင်းခွက်များအားကြည့်ပြီးပြောလိုက်သည်။

“တစ်ခါတလေလာတုန်းကျွေးရတာ။ ဦးဝဏ္ဏကြိုက်မယ်ထင်တဲ့ဟင်းတွေချက်ထားတာ။ မျှစ်ချဉ်နဲ့ဝက်သား၊ ကြက်သားအချိုပေါင်း၊ ဝူစွန်နဲ့အသီးအရွက်ကြော်၊ ကြာဆန်အာလူးသုပ်၊ ပဲပုပ်နဲ့ငရုတ်သီးကြော်၊ ကဲ. . . ကြိုက်တာစား။ နိုင်ငံခြားက ပြန်လာတဲ့ကလေးလည်း မြန်မာထမင်းဟင်းလက်ရာလေး လွမ်းလည်းသွား



www.burmeseclassic.com

www.burmeseclassic.com

အောင်ချက်ထားတယ်။ ပြောဘ်. . . ဒီမှာငါးကြော်နှပ်ကလေးလည်း ရှိသေးတယ်။ သမီးအချစ်ကလေး ထမင်းတွေထည့်ပေးပါကွယ့်"

ဒေါ်ချိုရီအသံက ချိုနေသည်။

တမင်တကာ သဘောကောင်းဟန်လုပ်ပြနေပုံကို အချစ်ကလေးက သုန်သုန်မှုန်လေးကြည့်နေ၏။

"တစ်ခါတည်း ဝင်စားကြပါ၊ ကျွန်တော်တို့ချည်းစားရတာ ပျင်းစရာကြီး။ အားလုံးပျော်ပျော်ပါးပါးပေါ့။ ကဲ. . . လာစားကြပါ"

ချိုသဲဦးကတော့ နှစ်ခါမခေါ်ရ။ ဖြတ်ခနဲဆို ကျော်ဇေဝဏ္ဏ ရှေ့ရှိခုံမှာ ထိုင်လိုက်၏။

ဦးရဲကျော်တို့လည်းဝင်ထိုင်ပြီး ထမင်းအတူစားရန်ပြင်ကြသည်။

"အချစ်ကလေး. . . ထိုင်၊ ဘာလုပ်နေတာလဲ။ တစ်ခါတည်းစားလိုက်"

ချိုသဲဦး၏ဘေးမှာ အချစ်ကလေးထိုင်လိုက်ရ၏။

"ဟင်းတွေကတော့ စားကောင်းမယ့်ပုံပဲ။ သား. . . စားကွာ။ သမီးတို့လည်းစား. . . ပျော်ပျော်ပါးပါးပေါ့"

ချိုသဲဦးကတော့ ဇွန်းနှင့်ထမင်းစားနေကျ။ သွက်လက်စွာပင် ခပ်စားနေသည်။

အချစ်ကလေးက ဇွန်းခရင်းနှင့်စားလေ့မရှိ။

ပြီးတော့ သူမနှင့်မျက်နှာချင်းဆိုင်ထိုင်ကာ၊ သူမအား ပြုံးချိုချို မျက်နှာနှင့် စူးစိုက်ကြည့်နေပါသော ကျော်ဇေဝဏ္ဏ၏မျက်လုံးတွေကြောင့် ရှက်အမ်းအမ်းဖြစ်နေမိကာ ပါးစပ်ကိုပင် ကျယ်ကျယ်မဟဝံ့။ မျက်လွှာချ၍သာ ထမင်းကိုစားနေမိ၏။

"ဟင်းတွေထည့်စား။ နိုင်ငံခြားပြန်သူငယ်လေး. . . အသီးအရွက်ကြော်ပန်းကန်နဲ့ဝေးနေလား။ ဒေါ်ရွှေတင့်ရေ. . . အစိမ်းကြော်တစ်ပန်းကန် ဒီဘက်ထည့်ပါဦး။ အချစ်ကလေး. . . ကဲ. . . ထမင်းချည်းစားနေရအောင် ညည်းက ညှော်သည်လား။ ဟိုး. . . ညှော်သည်တွေကိုထည့်ပေးလိုက်"

ဒေါ်ချိုရီအသံက ထမင်းဝိုင်းမှာ ညံနေသည်။

"မြန်မာပီပီ ငါးပိတို့စရာလေးပါမှဖြစ်တာမို့၊ ငါးပိရည်နဲ့ တို့စရာအစုံလည်းပါတယ်။ ငါးပိရည်က အချစ်ကလေးအကြိုက်လေ







www.burmeseclassic.com

www.burmeseclassic.com


ဟဲ့. . . ငါးကြော်နုပ်ကလေး ချေသည်ကိုထည့်ပေး။ ညည်းနဲ့ အဲဒီ ပန်းကန်က နီးတယ်"

ဒေါ်ချိုရီအတင်းထည့်ခိုင်းနေ၍ အချစ်ကလေးက ငါးကြော် နုပ်တစ်တုံးကို ဇွန်းနှင့်ယူ၍ ဦးဝဏ္ဏပန်းကန်ထဲသို့ လှမ်းထည့်စဉ် ချိုသဲဦးသည် မတော်တဆလိုလိုနှင့် တမင်တကာ တံတောင်ဆစ်နှင့် တိုက်လိုက်သဖြင့် ငါးကြော်က ဦးဝဏ္ဏပန်းကန်ထဲမရောက်ဘဲ မှုစ် ချဉ်ပန်းကန်ထဲကျသွား၏။

"ဩော်. . . ဖြစ်ရမယ်၊ ဒီမိန်းကလေး ရှုပ်တီးရှုပ်တပ်နဲ့။ ကဲ ငါပဲထည့်ပေးပါတော့မယ်"

မှုစ်ချဉ်ပန်းကန်ထဲက ငါးကြော်ကိုတော့ ဒေါ်ချိုရီက ဇွန်း ခရင်းနှင့်ညှပ်ပြီး အချစ်ကလေးပန်းကန်ထဲပင်ထည့်ပေးသည်။

အချစ်ကလေးမှာ ရှက်အမ်းအမ်းဖြင့် နီစွေးစွေးမျက်နှာလေး ကို ဘယ်မှာထားရမှန်းမသိဖြစ်နေရှာသည်။

ကျော်ဇေဝဏ္ဏကလည်း အချစ်ကလေးရှက်သွေးဖြာနေတာ ကို ခပ်ငေးငေးကြည့်နေလေ၏။

အချစ်ကလေး ထမင်းဆက်စား၍မရတော့။



ရင်တွေ တဒိတ်ဒိတ်ခုန်သည်။

လက်တွေ တဆတ်ဆတ်တုန်သည်။

ဇွန်းနှင့်ခရင်းကို ကိုင်ထားသောလက်တွေပင် မမြဲမြံချင်။

ဟင်းအရသာ ဘယ်လိုနေမှန်းမသိ။

"ဟဲ့. . . ဟင်းထည့်ဦးလေ၊ အချစ်ကလေး"

ဟင်းထည့်ရန်လက်ကိုအလှမ်း၊ ကျော်ဇေဝဏ္ဏ၏လက်နှင့် ဇွန်းပေါ်မှာထိတွေ့မိသည်။

"ချွလွမ်"

ရှက်၍လက်ကိုပြန်အရုတ်မှာ သူမစားနေသောပန်းကန်ထဲ က ခရင်းက အောက်သို့ကျသွား၏။

"ဩော်. . . ဒီကောင်မလေး အရာရာနဲ့အကြောင်းကြောင်း ပါလား"

ဒေါ်ချိုရီ အော်လိုက်၏။

ချိုသဲဦးက ရယ်နေသည်။

တော်ပြီ။ ဆက်မစားတော့ဘူး။

အချစ်ကလေး. . . ရှက်ထွေးထွေးမျက်နှာဖြင့် ထမင်းဝိုင်း


www.burmeseclassic.com

www.burmeseclassic.com

မှ ထွက်လာခဲ့သည်။

ဂျာ ဂျာ ဂျာ





## အခန်း ( ၉ )

## တွေ့ဆုံခန်း

မနက်စောစောကတည်းက တောင်ငူမှထွက်လာခဲ့ပြီး ဦးဝဏ္ဏ သွားလိုသော မြိုင်ညိုသစ်စခန်းသို့ပို့ပေးခဲ့ရ၏။

အပြန်မှာ ဦးဝဏ္ဏပါမလာခဲ့။ အလုပ်ကိစ္စဖြင့် မြိုင်ညိုသစ် စခန်းမှာ နေခဲ့မည်ဖြစ်သည်။

သည်လမ်းသည်ခရီးတွေကို ကျော်ဇေဝဏ္ဏကျွမ်းသည်တော့ မဟုတ်။

ငယ်စဉ်က သည်ဘက်ကိုရောက်ဖူးသော်လည်း၊ ယ[illegible]မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကားမောင်း၍ တစ်ယောက်တည်းခရီးမထွက်ဖူးခဲ့။

မိမိ နိုင်ငံခြားသွားပြီး ပညာသင်နေထိုင်ခဲ့သည့်ခြောက်နှစ်ကျော်နောက်ပိုင်း မြန်မာပြည်သို့ပြန်လာသောအခါ ရန်ကုန်မြို့သာမဟုတ်၊ ဒီဘက်နယ်တွေအနှံ့ အစစပြောင်းလဲတိုးတက်နေခဲ့ပြီ။

ခေတ်မီအဆောက်အဦးတွေ၊ တည်းခိုခန်းတွေနှင့် ရန်ကုန်မန္တလေးတားလမ်းဘေးက မြို့ရွာတွေသည် စည်ကားနေလေသည်။

"ဟင်! "

ရုတ်တရက် ကားစက်ချို့ယွင်းသွားသည်ထင်၏။

ကားကို လမ်းဘေးထိုးရပ်ပြီး စက်ဖုံးဖွင့်ကြည့်သည်။

တောလမ်းခရီးမောင်းခဲ့ရသဖြင့် ဘက်ထရီခေါင်း ချောင်သွားတာဖြစ်သည်။

လိုအပ်သလိုစစ်ဆေးပြင်ဆင်ပြီး ကားစက်ဖုံးကိုပိတ်လိုက်ချိန် မိမိအနီး လူနှစ်ယောက်ကပ်လာ၏။

"ဟေ့! မင်းဘယ်ကလဲ"

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသူတစ်ယောက်က မေးလိုက်၏။





"ရန်ကုန်က"

"ရန်ကုန်ကကောင်, တို့ရွာကို ဖြတ်ကျော်ရင်၊ ဖြတ်ကျော်ခလေးပေးခဲ့ရတယ်ကွ"

"ခင်ဗျာ"

"နားမလည်ဘူးလား။ မင်းမှာပိုက်ဆံဘယ်လောက်ပါလဲ"

"ဟာ! ဟို. . . ကျွန်တော်"

စကားမှမဆုံးခင် ရုတ်တရက် ဟဲခြားတစ်ယောက်က ကျော်ဇေဝဏ္ဏအား လက်နောက်ပြန်ဆွဲ၍ဝင်ချုပ်လိုက်သည်။

"ထုတ်စမ်း. . . မင်းမှာဘယ်လောက်ပါလဲ"

အကျီမှာ အိတ်မပါတော့ ဘောင်းဘီအိတ်ထဲမှာထည့်ထားသောပိုက်ဆံအိတ်ကို နှိုက်ယူလိုက်၏။

"ခင်ဗျားတို့ပိုက်ဆံလိုချင်လို့လား၊ ယူ. . . ကြိုက်သလောက်ယူ။ လူကိုလွှတ်ဗျာ"

ကျော်ဇေဝဏ္ဏကပြောလိုက်သည်။

ဦးထုပ်ဆောင်းထားသူက ပိုက်ဆံအိတ်ကိုဖွင့်ကြည့်လိုက်[illegible] အတွင်းမှထွက်လာသောပိုက်ဆံအရွက်ကြီးအထပ်လိုက်ကို[illegible]ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်နမ်းကြည့်ကာ ပြုံးစေ့စေ့လုပ်လိုက်သည်။

"မင်းကို ခုချက်ချင်းလွှတ်ပေးရင် တို့နောက်လိုက်လာမှာပေါ့ကွ"

ပိုက်ဆံကိုအိတ်ထဲပြန်ထည့်လိုက်စဉ် ရုတ်တရက် တစ်စုံတစ်ယောက်သည် အမြင့်မှခုန်ချကာ ပိုက်ဆံအိတ်ကို ခြေဖြင့်ကန်၍ ပိုက်ဆံအိတ်လွင့်ကျသွားသည်။

"လူကိုလည်း ချုပ်ထားစရာမလိုဘူး။ ပိုက်ဆံအိတ်လည်းယူထားစရာမလိုဘူး။ မင်းတို့ အေးအေးဆေးဆေးနောက်ကြောင်းပြန်လှည့်သွား။ ငါ့အကြောင်းသိတယ်နော်။ ခုချက်ချင်းလွှတ်လိုက်စမ်း"

မာမာထန်ထန်အမိန့်ပေးသလိုပြောလိုက်သူသည် တကယ်တော့ ယောကျ်ားရင့်မကြီးမဟုတ်။

"ဖိုးနီ။ အဲဒီပိုက်ဆံအိတ်ကောက်ပြီး ဒီကိုလာပေး"

ဦးထုပ်ဆောင်းထားသောဖိုးနီသည် မြေပြင်ပေါ်ကျနေသည့် ပိုက်ဆံအိတ်ကောက်ယူ၍ပေးလိုက်ရာ ထိုမိန်းကလေးသည် ပိုက်ဆံအိတ်ကို ဖျပ်ခနဲဆွဲယူပြီး ကားပေါ် ခုန်တက်ထိုင်လိုက်၏။

"ဟင်! "





ကျော်ဇေဝဏ္ဏ အံ့ဩသွားသည်။

ရှပ်အင်္ကျီအနီကွက် လက်ရှည်ကို တံတောင်ဆစ်အထက်မှာ ခေါက်ပြီး ဂျင်းဘောင်းဘီနက်ပြာရောင်နှင့်တွဲ၍ဝတ်ထားသည်။

ဆံပင်အတိုပွယောင်းယောင်းလေးနှင့် ယောကျ်ားလေးဟန်အမူအရာအပြည့်လုပ်ထားသည့်ကောင်မလေး၏မျက်နှာမှာ ထူးထန်းအံ့ဩဖွယ်ကောင်းစွာ အချစ်ကလေးနှင့်အလွန်တူနေသည် မဟုတ်လား။

"ကဲ. . . သွားကြ။ အဲဒီလိုအနိုင်ကျင့်ပြီး ပိုက်ဆံရှာတာမျိုး ငါအရမ်းမုန်းတယ်။ ရိုးရိုးသားသားလုပ်ကိုင်စားပါလား။ သွား. . . သွား၊ ကြာရင် ငါစိတ်ပြောင်းသွားလိမ့်မယ်။ ငါစိတ်ပြောင်းသွားရင် မင်းတို့ကို ဒီလိုလွယ်လွယ်နဲ့လွှတ်မပေးဘူး။ ကြားလား"

ဖိုးနီနှင့်သာဦးတို့ဘာမှပြန်မပြောဘဲ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွားကြသည်။

"ရော့. . . လူကြီးမင်း။ ပိုက်ဆံအိတ်ထဲက ပိုက်ဆံပြန်ကြည့်ဦး။ မစေ့ရင် မလျှော်နိုင်ဘူးဗျာ။ ခင်ဗျားပိုက်ဆံ ပြန်ရအောင်လည်း လုပ်ပေးရသေးတယ်။ မြန်မြန်သွားတော့။ ဒီနေရာက ဒီလူ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုသာ ကိုယ့်ရွာထဲကမို့ ကျွန်တော်နိုင်တာ။ သူတို့အဖွဲ့ကို သွားခေါ်လာလို့ကတော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။ အမြန်လစ်စို့ဗျို့"

ပိုက်ဆံအိတ်ပြန်ပေးရင်း ပြောလိုက်သောကောင်မလေး၏ မျက်နှာကို စူးရဲစွာကြည့်နေမိသည်။

"ကျေးဇူးပဲ။ ဒါနဲ့. . . မင်းက"

"ကျွန်တော့်အကြောင်းမေးမနေပါနဲ့။ နောက်တွေ့ကြရတော့ မှာမှမဟုတ်တာ"

"မင်းကကိုယ့်အသိတစ်ယောက်နဲ့သိပ်တူလို့ပါ။ နာမည်လေး မသိရဘူးလား"

"နာမည်သိတော့ ဘာလုပ်ရအောင်လို့လဲ။ ကိုယ့်လမ်းကိုယ် သွားစမ်းပါဗျာ"

နာမည်လေးတောင် မသိရတော့လည်း ချင့်ရဲမပြေစွာဖြင့် ပြန်လာခဲ့ရသည်။ကျေးဇူးတင်သည့်အကြောင်းတော့ အထပ်ထပ် အခါခါပြောခဲ့မိလေသည်။

ဂ ဂ ဂ



အခန်း ( ၁၀ )

## ပေးပေးပြေး

ခေါင်းလျှော်ရေချိုးပြီးသည်နှင့် သနပ်ခါးရေကျဲပွတ်လိမ်း ထားသည့်မျက်နှာလေးသည် စိုပြည်ဝင်းဝါနေသည်။

အနက်ရောင်မှာ အပွင့်လုလုလေးများပါသည့် စပန့်သား အင်္ကျီပွပွလေးဝတ်လိုက်၏။

တို့ပတ်လေးရိုက်ပြီး မျက်ခုံးပေါ်မှ သနပ်ခါးများကို အမွှေးနု ရုပ်ချ်လေးဖြင့်ပွတ်ချလိုက်၏။

ထဘီကလည်း အနက်ရောင်လေး။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသောကြောင့် အချစ်ကလေး၏ အသားရောင်က ပိုပြီးဖြူဖွေးဝင်းလဲ့နေသည်။

သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းထားသဖြင့် သနပ်ခါးနံ့လေးက သင်းပျံ့ပျံ့မွှေးနေသည်။

"ကျွိ"

"ဟင်! "

ရုတ်တရက် အခန်းတံခါးပွင့်လာသဖြင့် လန့်ခနဲလှည့်ကြည့်လိုက်၏။

ဥဂ္ဂါ အခန်းတံခါးဖွင့်လိုက်ခြင်းဖြစ်သည်။

"အစ်ကိုဥဂ္ဂါ. . . ဘာခိုင်းမလို့လဲ"

"နှင့်အခန်းက သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ်ကလေးပါလား"

"ဟုတ်ကဲ့, လာ. . . အပြင်ထွက်ရအောင်"

မိမိအခန်းထဲ ဥဂ္ဂါဝင်လာတာမကြိုက်၍ အပြင်ထွက်ဖို့ခေါ်သည်။

ဥဂ္ဂါက မထွက်။





ရယ်ဖြဲဖြဲမျက်နှာနှင့် အချစ်ကလေးအနီးသို့ တိုးကပ်လာလေသည်။

"အချစ်. . . သိပ်ချစ်စရာကောင်းတယ်"

အချစ်ကလေး နောက်သို့ဆုတ်လိုက်သည်။

"အစ်ကိုဥဂ္ဂါ. . . ထွက်ပါ"

"မထွက်ဘူးကွာ၊ အပြင်မှာ ဘယ်သူမှမရှိဘူး။ အေးအေးဆေးဆေး စကားပြောချင်နေတာ၊ အချစ်ကလေးကိုချစ်နေတာကြာပြီ"

"ဒါတွေနောက်မှပြော"

"လာပါ။ လိမ်မာပါတယ် အချစ်ရာ။ နင်လည်း ငါ့ကိုချစ်တယ်မဟုတ်လား"

"ဘာတွေလာပြောနေတာလဲ။ မသိဘူး. . . ထွက်. . . ထွက် အပြင်ထွက်"

"ဘာဖြစ်နေတာလဲ။ နင် ငါ့လက်ကလွတ်မယ်ထင်လား။ ငါ လိုချင်တာ ရအောင်ယူတတ်တာ နင်သိလား။ နင် ငါ့ကို ချစ်ကိုချစ်ရမယ်။ ချစ်ရမယ်"

"လွှတ်. . . လူယုတ်မာကြီး။ ရှင်နော်. . . သွား. . . သွားစို



www.burmeseclassic.com

သွား။ အနားမလာနဲ့"

"ဟဲ. . .ဟဲ. . . တဲ. . . ဘာဖြစ်လဲ။ ဒီအိမ်မှာ နင်နဲ့ငါနှစ်ယောက်ထည်းရှိနေတာ ဘယ်သူတာ နင့်ကိုကူညီနိုင်မှာလဲ။ ဟဲ. . . ဟဲ. . . ပျော်စရာကြီး။ ငါဆိုတဲ့ဥက္ကါတလေ, မပေးချင်တာကိုမှလုယူ တတ်တယ်။ လာ. . ."

"အို. . . လွှတ်. . . လွှတ်။ ငါ့ကိုလွှတ်"

အချစ်ကလေး ကြောက်လန့်တကြားရှုန်းကန်သည်။

ဥက္ကါက အချစ်ကလေးအားပွေ့ချီ၍ အိပ်ရာပေါ်ချလိုက်စဉ် အချစ်ကလေးသည် တစ်ဖက်စွန်းသို့ရောက်အောင်လှိမ့်ပြီး ကြမ်းပေါ်မှာရှိနေသောသနပ်ခါးတုံးဖြင့်ကောက်၍ ဥက္ကါ၏ခေါင်းအား ရိုက်လိုက်၏။

"တ. . . တ. . . မလုပ်နဲ့. . . ခွေးမ. . . နင်သိမယ်"

အဆက်မပြတ်ရိုက်နေသောလက်အား ဖမ်းချုပ်ရင်း သနပ်ခါးတုံးကိုလုယူသည်။

အချစ်ကလေး၏ လွတ်မြောက်သွားသော လက်တစ်ဖက်သည် အကျီြည္ပ်သောကတ်ကြေးအား စမ်းမိကာ၊ ကတ်ကြေးအား





ကောက်ယူပြီး ဥက္ကါ၏နောက်ကြောအား ထိုးချလိုက်၏။

"အား. . . အား"

ဥက္ကါနာကျင်စွာအော်ရင်း အချစ်ကလေးအား လွှတ်ပေးလိုက်၏။

အချစ်ကလေး ကြောက်လန့်စိတ်ဖြင့်တုန်ယင်ကာ၊ ဘာကိုမှစဉ်းစားမဆင်ခြင်နိုင်၊ အခန်းထဲမှ ဗုန်းခနဲထွက်ပြေးခဲ့သည်။

တစ်အိမ်လုံးမှာလည်း မည်သူမျှမရှိ။

ဒေါ်ရွှေတင့်လည်း အစ်မဖြစ်သူနာရေးအတွက် ခရီးထွက်နေသည်။

အချစ်ကလေး နောက်ဖေးပေါက်မှတစ်ဆင့် အိမ်ထဲမှပြေးထွက်လာခဲ့လေသည်။

ဥက္ကါ မည်သို့ဖြစ်ကျန်ခဲ့သည်ကို မစဉ်းစားနိုင်။

ဏ ဏ ဏ

www.burmeseclassic.com

## အခန်း ( ၁၁ ).

### [illegible]

ကြောက်အားလန့်အားနှင့်ပြေးခဲ့သော အချစ်ကလေးသည် ဘယ်သွား၍ ဘယ်လာရမှန်းမသိ။

ပြေးစရာလည်း မြေမရှိတော့သလိုဖြစ်နေသည်။

ခြေဦးတည့်ရာပြေးရင်းမှ ဘုရားဝင်းအတွင်း ဇရပ်တစ်ခုတွင်း ဝင်၍ခိုနေမိသည်။

မိမိ၏အဖြစ်ကိုမိမိတွေး၍ ဝမ်းနည်းမဆုံးငိုရှိုက်နေမိသည်။

ဥဩအား သနပ်ခါးတုံးနှင့် ခေါင်းကိုအဆက်မပြတ်ရိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာ၊ နဖူးမှသွေးတွေစီးလာတာ မြင်ခဲ့သည်။

ကတ်ကြေးနှင့်ထိုးခဲ့သေး၍ သည်လူ နာကျင်စွာအော်လိုက်သေးသည်မဟုတ်လား။

ဒဏ်ရာပြင်းစွာရပြီး သေသွားနိုင်သည်။

ဥက္ကါဆိုသည့်လူအား ထိခိုက်ဒဏ်ရာရအောင်လုပ်ခဲ့သည့်အပြစ်ကို ဒေါ်ချိုရီက မည်သို့မျှခွင့်လွှတ်မည်မဟုတ်ပေ။

ပြီးတော့ ရာဇဝတ်မှုလည်းဖြစ်နိုင်၏။

အလကားနေရင်းတောင် ဒေါ်ချိုရီတို့သားအမိက အချစ်ကလေးအပေါ် ကြံဖန်အပြစ်ရှာ ဖိနှိပ်ဆက်ဆံကြတာမဟုတ်လား။

မိဘတွေ၏မျက်နှာကို အချစ်ကလေးမြင်တောင်မမြင်ဖူး။

သူမ လသားအရွယ်၊ မသိခင်အရွယ်က ဆုံးသွားသည်ဆိုတာပဲသိ၍ မိဘတွေ၏ကျေးဇူးကြောင့် သည်အိမ်ပေါ်မှာနေနိုင်ခဲ့တာပဲသိ၏။

အရမ်းချမ်းသာသောမိဘတွေက ထားခဲ့သည့်ပစ္စည်းတွေဖြင့် ဦးရာကျော်၊ ဒေါ်ချိုရီက သူမအား ကျွေးမွေးစောင့်ရှောက်နေခဲ့သည်ဆိုသော်လည်း မသေရုံတမယ် ကျွေးမွေးခြင်းမျိုး၊ လူမြင်ကောင်းအောင် ဝတ်ဆင်ပေးခြင်းမျိုးသာဖြစ်နေ၏။

ဦးကြီးဖြစ်သူ ဦးကြည်သာ ရောက်လာခဲ့လျှင်သော်လည်းကောင်း၊ ဦးဝဏ္ဏလိုလူမျိုးရောက်လာလျှင်သော်လည်းကောင်း သူမအား တကယ့်သမီးရင်းလိုပြုစုထားသည့်ပုံမျိုး လှပစွာဝတ်ထားခိုင်းပြီး ထိုလူတွေပြန်သွားသည်နှင့် အဝတ်အစားသစ်၊ ရွှေ စိန်စသောရတနာပစ္စည်း၊ လက်ဝတ်လက်စားတွေချွတ်ယူကာ အိမ်မှာခိုင်းသည့်အိမ်ဖော်မိန်းမတွေလို မနားမနေဖိခိုင်းတော့၏။

ငယ်စဉ်ကတည်းက ဒေါ်ချိုရီက မျက်နှာလိုက်ကာ သူ့သမီးချိုသဲဦးနှင့်ယှဉ်လျှင် အချစ်ကလေးအား အပြစ်ရှာပြီး ရိုက်နှက်ဆူပူတတ်သည်မဟုတ်လား။

ခုတော့. . . ပိုဆိုးပြီပေါ့။

သူတို့အရင်းအား ဒဏ်ရာဒဏ်ချက်ပြင်းစွာရအောင် ထိုးနှက်ခဲ့မိသည့်အပြစ်အား လုံးဝခွင့်မလွှတ်၊ ထောင်ကျအောင်သာ တွန်းပို့ချောက်ချမည်ကို အချစ်ကလေးအတပ်သိနေလေသည်။

ယခုနေ ဒေါ်ချိုရီတို့ ပြန်လာ၍ ဥက္ကါအကြောင်းသိသွားပြီး အချစ်ကလေးကိုလည်းရှာမတွေ့လျှင် ဒေါ်ချိုရီ မည်မျှယမ်းပုံမီးကျ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သဖြစ်ပေါက်ကွဲနေမည်နည်း။

အချိန်ကား တဖြည်းဖြည်းမှောင်ရီပျိုးလာပြီ။

အချစ်ကလေး အပြင်သို့လုံးဝမထွက်ရဲပါ။

သူမအားရှာဖွေနေသော ဒေါ်ချိုရိတို့နှင့်တွေ့လျှင် မည်သို့ရင်ဆိုင်ကြုံတွေ့ရမည်ကို တွေးပင်မတွေးဝံ့ပါလား။

ဆောင်းရာသီဝင်စပြုပြီမို့ ဆောင်းလေနုအေးလေး တသွေးသွေးတိုက်ခတ်လာပြီ။

ရာသီဥတုသည် အလွန်အေးလာနေပြီဖြစ်သည်။

ညစာမစားခဲ့ရသဖြင့် ဗိုက်ထဲမှတကျုပ်ကျုပ်မည်လာသည်ကိုပင် ဂရုမပြုအား။

သည်အချိန်မှာ ဘာမှစားချင်စိတ်လည်းမရှိ။

ဇရပ်ထဲက ထွက်သွားရမှာလား။ မထွက်သွားရဘူးလား။

ဘယ်အချိန်ထိ ဇရပ်ထဲမှာ နေနိုင်ပါမည်လဲ။

တစ်ယောက်ယောက် သူမအားတွေ့သွားခဲ့လျှင် စသဖြင့်တွေးတောရင်း ညသည် တစစနက်လာလေပြီ။

ဘုရားတွင် ပူဇော်ထားသောမီးများလည်းငြိမ်းပြီ။





ညဦးပိုင်းက ဘုရားလာဖူးသူ၊ အဓိဋ္ဌာန်ဝင်ပုတီးစိပ်သူတွေရှိနေသေးသည်။

ယခုတော့ ဘုရားဆွဲလည်းသံကလေးများမှလွဲ၍ ဘာသံမျှမကြားရတော့။

စိတ်သောကမျိုးစုံဖြင့် လူကမလှုပ်ချင်မကိုင်ချင်အောင်ဖြစ်တာ နုံးချည့်နေသဖြင့် ဇရပ်၏တိုင်မှာ ခေါင်းမှီ၍ မျက်စိစုံမှိတ်ထားသည်။

"ဘုရားရောက်ပြီး ဘုရားရှိခိုးဖို့မေ့နေပြီလား"

ရုတ်တရက် အနားကပ်၍ပြောလိုက်သောအသံ။

မျက်စိဖွင့်ကြည့်လိုက်၏။

ဇရပ်တွင်းမှာ မှောင်မည်းနေသည်။

သည်ဇရပ်အတွင်းမှာ မိမိမှလွဲ၍ မည်သူမျှလည်းမရှိပါ။

တခြားဇရပ်တွေမှာမှ လူရှိချင်ရှိဦးမည်။

ကြားတာကတော့ တကယ်ကြားတော့ မိမိနားကပ်၍ ခပ်တိုးတိုးပြောလိုက်သံ။

ဇရပ်ပေါ်ရောက်ခါစက ဘုရားကြီးဆီသို့ လက်အုပ်ချီ၍ ရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့ပါပြီ။

အခုတစ်ခါ တစ်စုံတစ်ယောက်က ဘုရားရှိခိုးဖို့ သတိပေးနေပါလား။

လက်အုပ်ချီ၍ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကာ ရတာတ်သမျှဘုရားရှိခိုးစာတွေ တိုးတိုးရွတ်ပြီးရှိခိုးလိုက်သည်။

"အရှင်ဘုရား. . . တပည့်တော်သည် နေ့စဉ်ရတနာသုံးပါးကို မမေ့မလျော့ ဦးထိပ်ထား၍ရှိခိုးကန်တော့ပါသည်။ သူတစ်ပါးအားလည်း မကောင်းသောအကြံအစည်များ မကြံစည် မပြုလုပ်ခဲ့ပါဘုရား။ ဤမှန်ကန်သောသစ္စာစကားနှင့် တပည့်တော်ပြုခဲ့သောကုသိုလ်ကံစေတနာတို့ကြောင့် ကိုဥက္ကါလည်း အသက်မသေပါစေနှင့်။ ဒေါ်ချိုရီတို့၏ဒုက္ခပေးခြင်းမှလည်း တပည့်တော်လွတ်မြောက်ရပါစေဘုရား"

ဆုတောင်းပြီး ငြိမ်သက်စွာပင် အကြောတွေ ဖြေလျှော့ကာထိုင်နေလေသည်။

စောစောကလောက် ပူပင်သောကတွေ မရှိတော့ဘဲ၊ ဆာလောင်မှုလည်းပျောက်၊ ရင်ထဲမှာလည်း ယောက်ယက်ခတ်မှုတွေ





အတန်အသင့်ငြိမ်ကာ၊ မျက်လုံးတွေလည်း မှေးစင်းကျလာသည်။

ပတ်ဝန်းကျင်သည် ပကတိတိတ်ဆိတ်ငြိမ်သက်နေသည်။

"ကျွိ. . . အိ. . . အိ. . . ကျွိ. . . အိ. . . အိ"

ဟောင်းမြွေဆွေးအိုနေသောဇရပ်ကလေးသည် သိမ့်ခနဲတုန်သွားပြီး တစ်စုံတစ်ယောက် ကြမ်းပြင်ပေါ်သို့ လျှောက်လာနေသလို ကြမ်းတွေသည် တကျွိကျွိအသံထွက်နေလေသည်။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

ရယ်သံလိုလိုငိုသံလိုလို၊ တစ်ခုခုညည်းသံလိုလို၊ တိုးတိုးမျှဉ်းမျှဉ်းအသံလေးကြားနေရ၏။

နင်းလျှောက်သံကလည်း အချစ်ကလေးအနီးသို့ တဖြည်းဖြည်း နီးနီးလာ၏။

နားထဲမှာ အသံတွေကြားနေရသော်လည်း မျက်လုံးတွေကလေးလံနေသဖြင့် ဖွင့်၍မရပါ။

"ဟေ့. . . ဒါ ငါ့နေရာ။ မနေနဲ့. . . သွား"

အချစ်ကလေး ရင်ထဲဒိန်းကခနဲမြည်အောင် ထိတ်လန့်တုန်လှုပ်သွားပြီး မျက်လုံးက ဖျပ်ခနဲပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမအနီးမှ ဖြတ်သွားသော ဖြူဖြူအရိပ်တစ်ခု၊ တွေ့ဘာတ် မှမြင်လိုက်ရ၏။

ကြောက်လွန်းသည့်စိတ်တွေကြောင့် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်၍ကြည့်နေဆဲ ဖြူဖြူအရိပ်သည် ချာခနဲပြန်၍လှည့်လာ၏။

"အမယ်လေး! "

လန့်၍အော်မိပြီး မျက်စိကိုလက်ဖြင့်ပိတ်လိုက်မိ၏။

မကြည့်ရဲမကြည့်ဝံ့အောင် ကြောက်မိတာက ဖြူဖြူအရိပ်ကြီး၏မျက်နှာသည် နှာခေါင်းမျက်လုံးပါးစပ်ဟူ၍မရှိဘဲ ပြားပြားကြီးဖြစ်နေသောကြောင့်ဖြစ်သည်။

ထပ်၍မကြည့်မိအောင် မျက်လုံးကိုလက်နှင့်ပိတ်ထားရင်းက ဘုရား. . . ဘုရားဟုရွတ်ဆိုနေမိသည်။

"သွားလေ. . . ငါ့ကိုကြောက်ရင်သွားလေ။ ဒီမှာမနေနဲ့. . . မနေနဲ့"

"သွားပါ့မယ်. . . သွားပါ့မယ်"

ဟုအော်ရင်း မျက်စိကိုဖွင့်လိုက်၏။





"ဟင်"

ဖြူဖြူအရိပ်ကြီး မရှိတော့ပါလား။

ဇရပ်အတွင်းမှာ အိမ်မြှောင်စုတ်ထိုးသံလေး ကြားနေရ၏။

အိပ်မက်မက်တာလား၊ တကယ်သရဲအခြောက်ခံရတာလား စဉ်းစားတွေဝေနေသော်လည်း သည်ဇရပ်ပေါ်မှာ မနေရဲတော့။

ကြောက်လည်း သိပ်ကြောက်နေပြီ။

ဇရပ်ပေါ်မှနေပြီး ဆင်းလာခဲ့၏။

ဂ္ဂ ဂ္ဂ ဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

## ဈေးသူဈေး... ထိုက်သူထိုက်...

"ဟင်. . . အိမ်ပေါ်က ဆင်းသွားပြီဟုတ်လား။ ဒီလိုထွက်သွားလို့ရမလား။ ဒီကောင်မကို မရရအောင်ရှာပြီး ပြန်ခေါ်ရမယ်"

ဒေါ်ချို့ရီသည် ဥက္ကါ၏ပြောပြချက်အရ အချစ်ကလေး အိမ်ပေါ်မှဆင်းသွားသည့်အကြောင်းကိုသိရကာ ဒေါသဖြင့်ဆွေ့ဆွေ့ခုန်နေ၏။

"မလောက်လေးမလောက်စားဒီကောင်မကများ အိမ်ပေါ်ကဆင်းရတာနဲ့ဘာနဲ့. . . နေပါဦး။ နင်ကလည်း သူ့ကိုထွက်မပြော

www.burmeseclassic.com

www.burmeseclassic.com



အောင် မတားနိုင်ဘူးလား"

"ဟာ. . . ဒေါ်လေးကလည်း ကျွန်တော့်ကိုတောင် ကတ်ကြေးနဲ့ထိုးသွားတာကြည့်ဦး"

"နည်းတောင်နည်းသေး၊ နင်တလည်းတော်တော်ဘူးထဲ နင့်အ,လို့ခံရတာ။ ဒီကောင်မလေး နင်ကြိုက်နေတယ်ဆိုရင် စောစောက ငါ့ကိုပြောပါလား"

"ဒေါ်လေးကိုလည်း ကျွန်တော်ကြောက်သေးတာကိုး။ ဒီကောင်မလေးက ပျော့တီပျော့ပတ်နဲ့ဆိုပြီးအထင်သေးမိတာ။ သူ့ကိုဘာလုပ်သေးလို့လဲ။ အပျိုနဲ့လူပျိုပဲ၊ ဒီလောက်တော့ပြောဆိုမှာ"

သူ့ဘက်ကို အပြစ်မရောက်အောင် ဥက္ကါကာဲတွယ်ပြောဆိုနေလေ၏။

ဒေါ်ချိုရီကလည်း ထိုင်ရမလိုထရမလို ပျာယာခတ်နေကာ အချစ်ကလေးထွက်သွားခြင်းကို မခံမရပ်နိုင်ဖြစ်နေ၏။

"ဘာပဲဖြစ်ဖြစ်၊ အချစ်ကလေးကိုတွေ့အောင်ရှာပြီး ခေါ်လာရမယ်။ သူမရှိလို့မဖြစ်ဘူး။ တော်ကြာ သူက ရန်ကုန်ထိရောပ





အောင်သွားပြီး ဦးဝဏ္ဏနဲ့တွေ့နေရင်ဒုက္ခ"

"ဟုတ်တယ်။ ကျော်ဇေဝဏ္ဏက အလွတ်ပေးမှာမဟုတ်ဘူး"

"ကျော်ဇေဝဏ္ဏနဲ့ပေးစားချင်လို့ ဦးဝဏ္ဏကခေါ်လာတာလေ။ အချစ်ကလေးက အမွေပစ္စည်းတွေအများကြီးရထားတာ။ မဖြစ်ဘူး. . . သူ့ကိုလိုက်ရှာ။ သူပျောက်သွားတာ တခြားလူတွေသိလို့လည်းမဖြစ်သေးဘူး"

ဥက္ကါနှင့်ဒေါ်ချိုရီတို့ ကားကိုယူ၍ အိမ်မှထွက်လာခဲ့ကြလေသည်။

❦

"အဲဒါ သက်သက်ကြောသွားတာ၊ သူနဲ့ဘာဆိုင်လို့လဲ။ မင်းကို့မှ အလို့ခံလာတာ။ လမင်းတဲ့လား. . . ဒီကောင်မလေးက"

လက်ကောက်အောင်အောင်က မေးလိုက်၏။

"ဟုတ်တယ်ဆရာကြီး"

"အဲဒီတောင်မလေးကိုရအောင်ရှာပြီး ခေါ်လာချည်။ အင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဆိုတော့လည်း ခက်သားလား။ သူ့ကိုအနိုင်ကျင့်တယ်လို့ဖြစ်ဦးမယ်။ ဒါပေမဲ့. . . အကြောင်းသိအောင်တော့ ဆုံးမပေးရမှာပဲ"

"ဟုတ်ကဲ့ဆရာကြီး. . . ကောင်မလေးက အတော်စွာတယ်။ ယောကျ်ားစိတ်ပေါက်နေတော့ ငယ်ငယ်ကတည်းက သိုင်းတို့ကိုယ်ခံပညာတို့တတ်တယ်"

"ဘာတတ်တတ်လေ. . . မိန်းမဟာမိန်းမပဲ။ ပြီးတော့ တို့အုပ်စုကို လာစလို့ဘယ်ရမလဲ။ နောက်မနှောင့်ယှက်ရဲအောင် ပညာပေးထားရမယ်။ သွားခေါ်ခဲ့စမ်းပါ"

လက်ကောက်မောင်မောင်က အမိန့်ပေးသလိုပြောလိုက်ပြီး ဖိုးနီနှင့်သာဦးတို့အား နှောင့်ယှက်လွှတ်လိုက်သည်ဆိုသောလမင်းဆိုသည့်မိန်းမဆိုးလေးအားဖမ်းရန် မောင်မျိုး၊ ကျော်ထင်၊ ဖန်ကတုံးဆိုသောသူတပည့်များအား ဖိုးနီတို့နှင့်အတူထည့်လိုက်လေသည်။

"မင်းတို့ကွာ. . . လူကြားလို့တောင်မကောင်း။ မိန်းမတ ယောက်ကိုများ အရှုံးပေးလာရတယ်လို့"





လမ်းတွင် မောင်မျိုးကပြောလိုက်သည်။

"ဒီကောင်မလေးက ငယ်နိုင်ကွ။ တစ်ရွာတည်းသားချင်းဖြစ်နေတာ။ သူက လက်မြန်ခြေမြန်ရှိတယ်။ ကိုယ်ခံပညာလည်းတတ်တယ်ကွာ။ ဝမ်းဆွဲဆရာမကြီးရဲ့သမီးဆိုတော့ ပြန်မလုပ်ရဲဘူး။ ခင်ဗျားတို့လို တခြားရွာကဆိုရင်တော့ ဆရာမကြီးမျက်နှာကြည့်စရာမလိုဘူး"

ဖိုးနီက ရှင်းပြနေ၏။

"ဒီအချိန် သူ့အိမ်မှာရှိနေမလား"

"ပြောလို့တော့မရဘူး။ သူက အိမ်မှာနေတယ်ရယ်လို့ မရှိပါဘူး။ အင်းလေ. . . ဘယ်သွားလည်နေနေ၊ အချိန်တန်အိမ်ပြန်လာရမှာ။ ညနေစောင်းဆိုရင် အိမ်နားကစောင့်ဖမ်းလို့ရမယ်"

ဖိုးနီတို့နှင့်အတူ မောင်မျိုးတို့အိမ်၏မလှမ်းမကမ်းမှာ စောင့်နေတာကို လမင်းကမြင်လိုက်သည်နှင့် အရိပ်မြင် အကောင်ကိုသိတတ်သည့်ဉာဉ်ကြောင့် နောက်ကြောင်းပြန်လှည့်လာသည်။

တစ်နေရာတွင်ပုန်း၍ ဖိုးနီတို့အုပ်စုအား လှေလာအကဲခတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးနီတို့ လမင်းပုန်းနေရာရှေ့မှ ဖြတ်သွားကြ၏။

"ဒီကောင်မလေးရှေ့ကို မင်းတို့နှစ်ယောက်မသွားနဲ့။ ငါတို့ကိုသာ လက်တို့လိုက်။ လမင်းရော၊ နေမင်းရော၊ ဘာမင်းဖြစ်ဖြစ် ငါတို့လက်ကမလွတ်စေရဘူး"

မောင်မျိုးက ဟောင်ဘွာဟောင်ဘွာအသံနှင့်ပြောသည်။

"မိန်းကလေးတစ်ယောက် ဖမ်းချုပ်ဖို့ရာ ဒီလောက်လည်း အကျယ်ချဲ့မနေပါနဲ့ကွာ။ ငါတို့ အဲဒီကောင်မလေးမမြင်ဖူးလို့ပါ"

ထင်တဲ့အတိုင်းပဲ။

ဒီလူတွေက လမင်းကိုရန်ရှာဖို့လာတာပါလား။

မဖြစ်ချေဘူး။ ရှောင်နေမှကောင်းမယ်ဆိုပြီး လမင်း ရွာပြင်ဘက်သို့ ဖြတ်လမ်းကပြေးလာခဲ့သည်။

မြိုင်ညို၏ရှေ့၊ မြိုင်ညိုနှင့်မဝေးလှသော သာယာကုန်းရှိ ဒေါ်ဝိုင်းစိန်၏တူမ မရွှေကြည်၏အိမ်မှာ သွားအိပ်ဖို့စဉ်းစားသည်။

ဖိုးနီတို့နှင့်ပါလာသောလူတွေမှာလည်း ရွာစဉ်တစ်လျှောက် ခိုးဆိုးတိုက်ခိုက်နေသောလူတွေဆိုတာ လမင်းကသိသည်။

ရွာအပြင် ကားလမ်းမကြီးသို့ရောက်သွား၏။





"ဟဲ့. . . ဟဲ့. . . ဟိုမှာအချစ်ကလေး"

အချစ်ကလေးပျောက်၍ ကားတစ်စီးနှင့် လှည့်ပတ်ရှာနေသောဒေါ်ချိုရီတို့က ကားလမ်းဘေးက လျှောက်နေသည့် လမင်းအား တွေ့သွားသည်။

လူမှားပြီး ကားကို လမ်းဘေးရပ်ကာ ခေါ်လိုက်၏။

"အချစ်ကလေး. . . ဘယ်တွေလျှောက်သွားနေတာလဲ။ လာ. . . တက်. . . ကားပေါ်တက်။ အချစ်ကလေးကို ဘာအပြစ်မှမဆူဘူး။ တက်. . . တက်"

ဒေါ်ချိုရီက မျက်နှာချိုသွေး၍ခေါ်လိုက်သည်။

လမင်း ခေါင်းခါလိုက်၏။

အချစ်ကလေးလို့ခေါ်နေတာ၊ သူမမှမဟုတ်ဘဲ။

"ဘာဖြစ်လို့လဲ. . . အချစ်ကလေးပျောက်လို့ လိုက်ရှာနေကြတာ။ အချစ်ကလေး စိတ်မညစ်စေရဘူး။ စိတ်ချမ်းသာအောင်ထားမယ်. . . လာ. . . တက်"

ဦးရာကျော်ကပါ ခေါ်လိုက်သည်။

"ဟင့်အင်း. . . မလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လမင်းပြောနေရင်းမှ နောက်သို့ဆုတ်လိုက်၏။

ထိုစဉ်ပင် ဖိုးနီ၊ ဖန်ကတုံးတို့အုပ်စု ရှာထဲက ထွက်လာတာ လှမ်းမြင်လိုက်ရသည်။

မဖြစ်ဘူး။

ဒီလူစုနဲ့ ထိပ်တိုက်တွေ့လို့မဖြစ်ဘူး၊

ရှောင်နေမှ. . .

တံခါးဖွင့်၍ ကားပေါ်ဆွဲတင်မတတ်ခေါ်နေသော ဦးရာ ကျော်၏မျက်နှာကို တစ်ချက်ကြည့်ပြီး ဖွင့်ထားသောကားတံခါးမှ နေ၍ ကားထဲဝင်ထိုင်လိုက်သည်၊

"အဲ. . . အဲ. . . ဟုတ်ပြီ။ တက်. . . တက်"

လမင်း, ကားပေါ်ရောက်သည်နှင့် ဥက္ကါက ကားကို ဂငယ် ကွေ့ ပြန်ကွေ့၍ တောင်ငူဘက်သို့ဦးတည်မောင်းလိုက်၏။

လမင်းကတော့ ဖိုးနီတို့အုပ်စုနှင့်ဝေးသွားပြီ။

ဂုဏ် ဂုဏ် ဂုဏ်



အခန်း ( ၁၃ )

## အနိုင်မခံဘူးနော် . . .

"ဟော. . . အချစ်ကလေးပြန်ပါလာပြီ။ ဟွန်း! အမြင်ကပ် စရာကြီး။ ဘာလို့ရွာတွေ့လာရတာလဲ မသိဘူး။ သူ့ကိုယ်သူ သတ် သေပစ်လိုက်တာကမှဟုတ်ဦးမယ်"

ကားထဲမှာ လမင်းပါလာတာတွေ့သည်နှင့် အိမ်ပေါ်က ချို သဲဦးက မကျေမနပ်ပွစိပွစိလုပ်နေသည်။

ဒေါ်ရွှေတင့်က ကားသံကြားသည်နှင့် အပြေးအလွှားထွက် ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းကိုတွေ့သည်နှင့် ဒေါ်ရွှေတင့် ဝမ်းသာကျေနပ်စွာ အိမ်တံခါးပြေးဖွင့်၍ကြိုလိုက်သည်။

"တော်ပါသေးရဲ့။ အချစ်ကလေးတို့တွေ့လာပေလို့။ အို. . . အိမ်ကထွက်သွားတာ တစ်ညပဲရှိသေးတယ်၊ အသားတွေတော်တော် ညိုသွားပြီ"

လမင်း၏ပခုံးလေးကိုဖက်ရင်း ဒေါ်ရွှေတင့်ပြောသည်။

အချစ်ကလေးတို ငယ်စဉ်ကတည်းက ထိန်းကျောင်းလာခဲ့ရတာဆိုတော့ ဒေါ်ရွှေတင့်မှာ မိမိသွေးသားလို သံယောဇဉ်ဖြစ်နေရတာမဟုတ်လား။

လမင်းသည် မိမိအား လူမှားခေါ်လာတယ်ဆိုတာသိ၏။

ဒီအိမ်က အချစ်ကလေးဆိုတာ မိမိနှင့်ခွဲမရအောင် တူလှချည်လားဆိုပြီး အံ့ဩနေမိသည်။

"ဒါဘယ်က အဝတ်တွေလဲ၊ စုတ်ပြတ်နေတာပဲ။ လာ. . . ရေချိုး၊ အဝတ်အစားလဲလိုက်။ ထမင်းရောစားပြီးပြီလား"

ဒေါ်ရွှေတင့်က အိမ်ထဲသို့ဆွဲခေါ်လာရင်းပြော၏။

"ဘယ်ကခေါ်လာတာလဲ မကြီး"





ချိုသဲဦးက မေးသည်။

"ဟင်း. . . ရှာလိုက်ရတာ ဖတ်ဖတ်မော။ နေဦး. . . ခုတော့ ဘာမှမပြောသေးဘူး။ မနက်ဖြန်ကျမှ သေအောင်ရိုက်ပြီးဆုံးမမယ်။ ကောင်မ တော်တော်ဒုက္ခပေးတယ်"

ဒေါ်ချိုရီ ပြောပြီး အိမ်ပေါ်သို့တက်လာခဲ့၏။

လမင်းအား ဒေါ်ရွှေတင့်က ရေချိုးခိုင်းသည်။ ပြီးတော့ အဝတ်အစားများလဲစေသည်။

အချစ်ကလေး၏အဝတ်များမှာ လမင်းနှင့်အရွယ်တော်ပင် ဖြစ်၏။

တီရှပ်အနီရဲလေးနှင့် ပါထိုင်းထဘီအနက်ကလေး ယူဝတ်သည်။

"ဆံပင်တွေ ဘာဖြစ်လို့ တိုသွားရတာလဲ။ ဘယ်လိုကြောင့် ညှပ်ပစ်လိုက်ရတာလဲ ကလေးရယ်"

ဒေါ်ရွှေတင့်က ဆံပင်တိုလေးနှင့် ယောကျ်ားလေးပုံစံဖြစ်နေသောလမင်းအားငေးကြည့်ကာ မေးလိုက်၏။

"အိမ်ကထွက်လာတာ အသိတွေမှတ်မိမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



လမင်း ခပ်တိုးတိုးပြောလိုက်၏။

ဒေါ်ရွှေတင့်က သည်အိမ်က အချစ်ကလေးနှင့်ဘာတော်လဲ၊ မည်သို့ပတ်သက်နေတာလဲဆိုတာ လမင်းသိချင်နေ၏။

"အချစ်ကလေးရယ်, မေတင့်ပြန်လာတော့ အချစ်ကလေး အိမ်ကထွက်ပြေးတယ်လို့ကြားရတော့ စိတ်ပူလိုက်ရတာ။ ဘာတွေ ဖြစ်ကုန်ပြီလဲလို့။ ခုလောက် မြန်မြန်ဆန်ဆန်ရှာတွေ့မယ်ကိုမထင်တာ။ မိန်းကလေးနော်. . . ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး။ မတော်တရော်လူတွေနဲ့တွေ့မှဒုက္ခ"

ထမင်းပြင်ပေးရင်းက ဒေါ်ရွှေတင့်ပြောသည်။

နောက်ဖေးမီးဖိုခန်းထဲမှာ ထမင်းစားပွဲဝိုင်းလေးနှင့် လမင်းကို ထမင်းစားစေသည်။

"ကြက်သားနဲ့ဘူးသီး ရောချက်ထားတယ်။ သမီးမရှိဘူးဆိုတာနဲ့ လွယ်လွယ်နဲ့ပြီးတဲ့ဟင်းချက်ထားတာ။ သမီးကို ချက်ချင်းပြန်ရှာတွေ့ရင်လည်း သမီး အပြင်မှာ စိတ်ပင်ပန်းလူပင်ပန်းနဲ့ ထမင်းကောင်းကောင်းစားမှာမဟုတ်ဘူး။ မေမေတင့်လက်ရာမှ အချစ်ကလေး ထမင်းမြိန်တာမဟုတ်လား။ ပုစွန်ချဉ်လေးလည်း ကြော်ထားတယ်။ ခရမ်းချဉ်သီးများများ၊ ငရုတ်သီးစိမ်းများများထည့်မှ အချစ်ကလေးကြိုက်တာမဟုတ်လား"

ပုစွန်အသားချဉ်ကို ခပ်ပါးပါးလှီး၊ ခရမ်းချဉ်သီးနှင့် ငရုတ်သီးစိမ်းများရောစွ၍ကြော်ထားသောပုစွန်ချဉ်မှာ လမင်းအကြိုက်ဖြစ်သည်။

သမီးလို့ခေါ်လိုက်၊ အချစ်ကလေးလို့ခေါ်လိုက်၊ သူ့ကိုယ်သူ မေမေတင့်ဟုပြောသော သည်အဒေါ်ကြီးဟာ အချစ်ကလေး၏ အမေတော့မဟုတ်တန်ရာဘူး။ အဒေါ်အပျိုကြီးများလားဟု လမင်းတွေးရင်း ထမင်းကိုစားသည်။

မနေ့ကလည်း ဘာမှမစားရ။ ဒီမနက်လည်း ဘာမှမစားရသေး၍ ဗိုက်ကဆာဆာနှင့် ထမင်းစားလို့အလွန်ကောင်းသည်။

ထမင်းတစ်ပန်းကန်ဆို ပြိုက်ခနဲကုန်သွား၏။

နောက်တစ်ပန်းကန် ထပ်ယူသည်။ ထမင်းကို ပန်းကန်နှင့်ပြည့်မောက်မောက်ထည့်ပြီး ကြက်သားနှင့်ဘူးသီးကို ဟင်းပန်းကန်လိုက် ထမင်းပေါ်မှာ မှောက်၍ထည့်။ ပြီးတော့. . . လက်နှင့်အားရပါးရနယ်ဖတ်ကာ ပလုတ်ပလောင်းစားနေသောလမင်းအား







www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဒေါ်ရွှေတင့်မှာ သနားကရုဏာပွားကာ. . .

"စား. . . အချစ်ကလေး, အားရပါးရစား။ မနေ့က ထမင်း မစားရဘူးမဟုတ်လား။ ဒီနေ့မှ အတိုးချစားရတာကိုး။ ကြက်သား နဲ့ဘူးသီး ထပ်ထည့်ပေးဦးမယ်"

လမင်းက ထည့်ပေးသမျှဟင်းတွေနှင့်ထမင်းကို နယ်ဖတ် ကာ အားပါးတရ အငမ်းမရ ပလုတ်ပလောင်းစားပစ်လိုက်သည်။

နောက်တစ်ဖန် ထည့်ပေးပြန်၏။ ပြုံးကြက်ခနဲကုန်အောင် စား လိုက်ပြီး လက်မှာ ပေကျံနေသောဟင်းတွေကို လျှာနှင့်ယက်နေပြန် ၏။

လမင်း၏အမူအရာကိုကြည့်ကာ ဒေါ်ရွှေတင့် အံ့ဩတကြီး ဖြစ်သွားလေသည်။

ဒီကလေးမ ဘယ်လိုဖြစ်နေတာလဲ။

အရင်ကနှင့်မတူတာအောင် ပြောင်းလဲသွားတာကလည်း နေ့ချင်းညချင်းပါလား။

စိတ်ထဲမှာ ထူးဆန်းသည်လို့ထင်နေ၏။

"ရေသောက်ချင်တယ်"





ရေအိုးထဲမှရေကိုလည်း မတ်ခွက်ကြီးနှင့် အပြည့်ခပ်ယူ၍ တကျိုက်ကျိုက်မော့သောက်သည်။

ထမင်းတွေ တအားစားထားပြီး ရေတဝကြီးသောက်လိုက် သဖြင့် ဗိုက်ကပြည့်တင်းက အိပ်ချင်လာ၏။

လမင်းသည် ဘယ်မှာအိပ်ရမလဲလို့ ဟိုကြည့်သည်ကြည့်နှင့် နေရာရှာသည်။

ပြီးတော့. . . ညည့်ခန်းထဲက ကြိမ်ဆက်တီမှာ သွားအိပ်နေ သည်။

ဒေါ်ရွှေတင့်က လုပ်စရာရှိတာ သိမ်းကျုံးလုပ်နေသဖြင့် လမင်းဘယ်မှာအိပ်နေသလဲဆိုတာ မကြည့်မိ။

မနက်စာထမင်းစားဖို့ ချိုသဲဦး ဆင်းလာ၏။

"ဟောတော့. . . ဘယ်လိုဖြစ်နေတာလဲ"

နှစ်ယောက်ထိုင်ကြိမ်ဆက်တီမှာအိပ်နေသော လမင်းအား ချိုသဲဦး စိတ်ဆိုးမာန်ဆိုးနှင့် လက်မောင်းမှနေ၍ ဆတ်ခနဲဆွဲမကာ ...းလိုက်သည်။

"ဟဲ့! ထစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

လမင်း လန့်နိုးသွား၏။

သူ့မလက်မောင်းအား ဆွဲ၍ကိုင်လှုပ်သော ချိုသဲဦးအား ဒေါသဖြင့်ကြည့်၍ ပြန်တွန်းလိုက်သည်။

"အိုး. . . အမေ့"

ချိုသဲဦး လန့်ပြီးအော်လိုက်၏။

လမင်းက သည်လိုပြန်တွန်းမည်ဟုမထင်။

အချစ်ကလေးဆိုလျှင် သည်လိုပြန်မလုပ်တတ်ဘူး မဟုတ် လား။

"မကြီး. . . မကြီး"

ချိုသဲဦးက အပေါ်သို့မော့၍ အမေဖြစ်သူအား လှမ်းခေါ်နေ သည်။

လမင်းက ဘာကိုမှဂရုမစိုက်ဟန်ဖြင့် ဆက်၍အိပ်နေလေ သည်။

ဒေါ်ချိုရီ အိမ်ပေါ်က ဆင်းလာ၏။

"ဘာဖြစ်လို့ ဒီလောက်အော်နေတာလဲ"

ရွှေပဒေသာစာပေ



"ဒီမှာကြည့်ဦး"

"အဲဒါက ဘာဖြစ်နေတာလဲ"

"သိဘူးလေ။ ဒီနေရာ သူ့အိပ်စရာလားလို့"

"နိုးလိုက်စမ်း, ဒီကောင်မကို"

"နိုးတာပဲ, မထဘူး။ ဘယ်လိုဖြစ်နေမှန်းလည်းမသိဘူး"

"ဟော့. . . ဟော့. . . အချစ်ကလေး. . . ထစမ်း"

ဒေါ်ချိုရီက အချစ်ကလေး၏တင်ပါးကို ဖြန်းခနဲမြည်အောင် ရိုက်၍နိုးလိုက်သည်။

အချစ်ကလေး လုံးဝမလှုပ်။

"ကြည့်ပါဦး, လုံးဝမလှုပ်ဘူး။ သေနေတဲ့အတိုင်းပဲ"

ထိုစဉ် ဥဂ္ဂါရောက်လာသည်။

"ဒီကောင်မ အိပ်ပျော်နေတာ၊ နိုးလို့မရဘူး"

"ဟော့. . . ထစမ်း"

ဥဂ္ဂါက လက်မောင်းနှစ်ဖက်ကို ဖျစ်ညှစ်၍ဆွဲထူလိုက်၏။

"ဘာဖြစ်နေတာလဲ"

"ဒီနေရာက နင်အိပ်စရာမဟုတ်ဘူး"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကါက ပြောလိုက်၏။

"ဒီမှာမအိပ်၊ ဘယ်မှာအိပ်ရမှာလဲ"

လမင်းက မာမာထန်ထန်မေးလိုက်၏။

သူမအား စူးစူးရဲရဲကြည့်နေကြသော ဒေါ်ချိုရီ၊ ချိုသဲဦး၊ ဥက္ကါတို့အား လမင်းကလည်း မျက်မှောင်ကြုတ်၍ကြည့်နေသည်။

"နင့်အိပ်ရာ နင်သွားအိပ်ပေါ့"

"ဒီဧည့်ခန်းထဲမှာ အိပ်နေတာ၊ လူမြင်လို့ကောင်းလား"

ထိုစဉ်ပင် ဒေါ်ရွှေတင့်ရောက်လာသည်။

"ဘာဖြစ်ကြတာလဲ"

"ဒီကောင်မ ဒီပေါ်မှာအိပ်နေတာ မတင့်ကလည်း မပြောဘူးလား"

"သြော်. . . ကျွန်မတကယ်မသိဘူး။ အချစ်ကလေးကလည်း ဟုတ်သားပဲ။ အိပ်ရာထဲ သွားအိပ်ချည်။ သွား. . . သွား. . . အပေါ် သွား"

လမင်း အပေါ်သို့မော့ကြည့်၏။

ဟုတ်သားပဲ။





အပေါ်ထပ်ရှိသေးတာပဲ။ အဲဒီမှာ အိပ်ခန်းတွေရှိမှာပဲဟု တွေးပြီး အပေါ်ထပ်သို့တက်သွားသည်။

၇၇

အပေါ်ထပ်အိပ်ခန်းတွေအား လိုက်ကြည့်၏။

နှစ်ယောက်ခုတင်ကြီးနှင့် အခန်းကတော့ အချစ်ကလေး၏ အခန်းမဟုတ်။

စိတ်သဘောထားဆိုးသော ဟိုအဒေါ်ကြီး၏အခန်းပဲဖြစ်ရမည်။

တစ်ယောက်အိပ်ခုတင်နှင့် မှန်တင်ခုံရှိသောအခန်းထဲဝင်၍ အိပ်လိုက်၏။

နှစ်နှစ်ခြိုက်ခြိုက်ပင် ပြန်၍အိပ်ပျော်သွားသည်။

အောက်ထပ်မှာ ထမင်းစားနေသူများ သူမအကြောင်းပြော၍ မကြားနိုင်တော့ပေ။

"ဒီကောင်မလေးကြည့်ရတာ တစ်မျိုးပဲ။ တစ်ခုခုထူးခြား



www.burmeseclassic.com

www.burmeseclassic.com



မနေဘူးလား"

ဒေါ်ချိုရီက မေးသည်။

"ဟုတ်တယ်၊ တစ်ညတည်း အိမ်က ထွက်သွားတာနဲ့ အသား ကလည်း တော်တော်ညိုသွားတယ်။ ဆံပင်ကလည်းအတိုနဲ့ စား စရာမရှိလို့ ဆံပင်ဖြတ်ရောင်းစားလိုက်ပြီနဲ့တူတယ်"

ချိုသဲဦးက ပြောသည်။

"ကျွန်တော့်ကိုကြည့်တာများ၊ တစ်ခုခုပြန်လုပ်မလိုနဲ့ အရပ် ကဆို ကျွန်တော့်ကို စေ့စေ့တောင်မကြည့်ရဲဘူး"

"ဟုတ်တော့ဟုတ်တယ်။ အစားကလည်း စားနိုင်လိုက်တာ။ ထမင်းသုံးပန်းကန်ပြောက်ခနဲပဲ။ ညက ထမင်းမစားခဲ့ရဘူးနဲ့တူပါ တယ်"

"မေးကြည့်ပါဦး။ သူ မနေ့ညက ဘယ်မှာအိပ်သလဲလို့"

ထမင်းစားသောက်ပြီး အောက်ထပ်ညှေ့ခန်းမှာပင် အပေါ ထိုင်ကြည့်နေကြ၏။

"အချစ်ကလေးကို သိပ်ပြီးစိတ်ညစ်အောင်လည်း မလုပ်ပါ ပါနဲ့။ ထပ်ပြီးထွက်ပြေးနေပါဦးမယ်"

ရွှေပဒေသာစာပေ



အလုပ်သွားခါနီး ဦးရာကျော်က မှာသည်။

အခွေကြည့်ပြီးသည်နှင့် ချိုသဲဦး အိပ်ချင်လာ၍ အပေါ်ထပ် ရှိ မိမိအိပ်ခန်းသို့တက်လာခဲ့၏။

"ဟင်! လုပ်ပြန်ပြီ။ အချစ်ကလေးကတော့"

ချိုသဲဦး၏ခုတင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်နေ ပါသောလမင်းအားကြည့်ပြီး ချိုသဲဦး ဒေါသတွေဖြစ်သွား၏။

ဒီမိန်းမ ဒီလိုနှိုးလို့မဖြစ်ဘူး။ ရိုက်ပြီးနှိုးမှပဲဆိုပြီး အမှိုက် လှည်းသောငှက်မွေးကိုယူလာခဲ့၏။

ငှက်မွေး၏လက်ကိုင်ကြိမ်လုံးဖြင့် လမင်း၏တင်ပါးကိုနှစ် ချက်ဆင့်၍ ခပ်ဆတ်ဆတ်ကလေးရိုက်ပစ်လိုက်သည်။

"ကဲ. . . သူများအိပ်ရာပေါ် တက်အိပ်ချင်ဦး"

"အား. . . ဘာလုပ်တာလဲ"

"နင် ငါ့အိပ်ရာပေါ်အိပ်နေလို့"

"ဟင်. . . နင်ကများ ငါ့ကို ကြိမ်နဲ့ရိုက်နှိုးတာပေါ့လေ။ ငါက ငါ့အသားနာလို့တော့ လုံးဝသည်းမခံဘူး။ ပေးစမ်း. . . အဲဒီကြိမ် ငှက်မွေး။ ကဲ. . . ငါ့အသားကိုထိတဲ့မိန်းမ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ရွှမ်း"

"အမယ်လေး! "

"ရွှမ်း"

"အမေရေ. . . ကယ်ပါ"

ရွှမ်းခနဲ၊ ရွှမ်းခနဲမြည်အောင်ကို ကြိမ်ငုက်မွေးဖြင့် အားကုန်လွှဲ၍ လမင်းကရိုက်သောကြောင့် ချိုသဲဦး တင်ပါးကိုလက်ဖြင့်ပွတ်၊ ငယ်သံပါအောင်အော်ရင်း အောက်ထပ်သို့ဆင်းပြေးသည်။

"မေကြီး. . . ရေ့ ကယ်ပါဦး။ ဒီမှာ အချစ်ကလေး သမီးကို လိုက်ရိုက်နေတယ်"

သတင်းစာဖတ်နေရာက ဒေါ်ချိုရီသည် အလန့်တကြားမော့ကြည့်၏။

ချိုသဲဦးက သံကုန်အော်ဟစ်ရင်း ပြေးဆင်းလာပြီး လမင်းက နောက်မှကြိမ်နှင့်လိုက်ရိုက်နေသောမြင်ကွင်းကြောင့် ဒေါ်ချိုရီသည် ဆွေ့ဆွေ့ခုန် ဒေါသထွက်သွားသည်။

"ဟဲ့. . . ဟဲ့. . . ဒါဘာလုပ်တာလဲ၊ နင်ကများ ငါ့သမီးကို ကြိမ်နဲ့ရိုက်တယ်။ ဟဲ့. . . တော်စမ်း။ ဒါ နင်ရိုက်စရာလား"





"သူ ဘာဖြစ်လို့ ကျွန်တော့်ကိုရိုက်သေးလဲ"

"သမီးအိပ်ရာပေါ်မှာ သူအိပ်နေလို့ ရိုက်နှိုးတာ။ ရိုးရိုးနှိုးလို့မှမရတာ။ ဘယ်တုန်းက သမီးခုတင်ပေါ် သူအိပ်ရလို့လဲ"

"ဟုတ်ပါ့တော်. . . ကောင်မက ရာရာစစ၊ ငါ့သမီးအိပ်ရာမှာအိပ်ရတယ်လို့၊ အရင်က ဘယ်မှာအိပ်ရလဲ။ မနေ့ညက အိမ်ကထွက်သွားတော့ရော။ ဘယ်မှာသွားအိပ်နေလဲ"

"သချိုင်းကုန်းမှာ အိပ်တာပေါ့"

"ဟင်! "

"ဘုရားရေ. . . သူ သချိုင်းမှာအိပ်တယ်တဲ့။ ဒါကြောင့် သူ့ကြည့်ရတာ တစ်မျိုးပါလို့။ သချိုင်းက သရဲပူးလာသလားမသိဘူး"

"သရဲမဟုတ်ဘူး. . . ပြိတ္တာ"

"အမယ်လေး! "

ချိုသဲဦး ကြောက်လန့်စွာ နောက်ခြေတစ်လှမ်းဆုတ်ပြီး ဒေါ်ချိုရီအား ဖက်လိုက်သည်။

အမှန်တော့ လမင်းသည် သချိုင်းမှာ အိပ်လာတာမဟုတ်။ ချိုသဲဦးဖြစ်နေပုံအား အမြင်ကပ်၍ တမင်ရွဲ့ပြောလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ဒါကိုတောင် တကယ်ထင်ပြီး ချိုသဲဦး ကြောက်ပြနေတာကို က အမြင်ကပ်ဖို့ကောင်းလိုက်တာ။

"ဟော့. . . ငှက်မွေးကိုချလိုက်စမ်း"

"ဘယ်ကိုချရမှာလဲ။ ဒီလိုလား"

အောက်သို့လွှတ်မချဘဲ လက်ကိုမြှောက် အားကုန်လွှဲ၍ရိုက် ဟန်ပြုလိုက်ရာ. . .

"အမယ်လေး! "

သားအမိနှစ်ယောက်သား တကယ်ရိုက်မည်ထင်ပြီး နောက်သို့ဆုတ်သွားကြ၏။

"နင်. . . နော်၊ ဒါဘာလုပ်တာလဲ. . . အချစ်ကလေး"

ဒေါ်ချိုရီ စိတ်ကိုတင်းပြီး မာမာထန်ထန်အော်ဟစ်လိုက် ပြန်၏။

"အချစ်ကလေး မဟုတ်ဘူး။ ငါ့ကိုဘာမှတ်သလဲ။ နင်တို့ တစ်အိမ်လုံး အရိုးတွေကြေကုန်အောင် ဖွတ်ဖွတ်ဝါးစားပစ်မယ်။ ဟင်း. . . မလေးမစားနဲ့"





လမင်း အလျှော့မပေး။

လက်ထဲမှ ငှက်မွေးကိုလွှဲပြီး ရိုက်လိုက်ရာ ဒေါ်ချိုရီ၏ခြေ သလုံးကိုရိုက်မိလေသည်။

"အမယ်လေး. . . လေး. . . သေပါပြီ။ အမယ်လေး. . . ကယ်ကြပါဦး"

ချိုသဲဦးက သူ့အမေကိုရိုက်ပြီး သူ့အားရိုက်မှာစိုး၍ အိမ်ပေါ် တက်သည့်လှေကားဆီ ပြေးသွား၏။

"ဟဲ့. . . သမီး, အချစ်ကလေး အချစ်ကလေး. . . ဘယ်လို ဖြစ်နေတာတုန်း။ သမီး အဲလိုမလုပ်ရဘူးလေ"

ဒေါ်ရွှေတင့်ထွက်လာပြီး လမင်းအားဆွဲသည်။

"ဒီသားအမိနှစ်ယောက်ကြည့်လို့မရဘူး။ ဘာတွေလဲ။ သူတို့ က ကျွန်တော့်ကိုအနိုင်ကျင့်လို့မရဘူး။ ဟင်း. . . ကြည့်ထားကြ၊ မျက်နှာကိုသေချာကြည့်ထား။ အရင်ကလို ငြိမ်ခံနေမယ်မထင်နဲ့"

"လာ. . . လာ, သမီး။ သမီးအိပ်ခန်းထဲမှာ ငြိမ်ငြိမ်လေး အိပ်နေ. . . လာ"

ဒေါ်ရွှေတင့်ဆွဲခေါ်မှ အပေါ်ထပ် သူ့အခန်းဆီသို့ ခုန်



www.burmeseclassic.com

www.burmeseclassic.com

အကန်ရောက်သွား၏။

ဂူ

"ဒါ. . .အချစ်ကလေးအခန်းလား"

"ဟုတ်တယ်လေ၊ အချစ်ကလေးနဲ့ မေမေတင့်တို့ ငယ်ငယ်ကတည်းက နေလာတာ။ အခုတော့ မေမေတင့်က အတက်အဆင်း ခဏခဏမလုပ်ချင်လို့. . . အောက်ကအခန်းကိုပြောင်းနေတာ။ အောက်မှာ ဥဂ္ဂါကလည်းနေတော့ သမီးကို အပေါ်မှာပဲ အိပ်ခိုင်းတာလေ"

"အဲဒီဥဂ္ဂါက ဘာလဲ။ ဒီအိမ်က ဘာတော်တာလဲ"

"ဟောတော့, အချစ်ကလေး တကယ်စိတ်တွေ ကယောင်ချောက်ချားဖြစ်နေတာကိုး။ ဥဂ္ဂါက ဒေါ်ချိုရီရဲ့တူလေ။ ရန်ကုန်မှာထိန်းမရလို့ ဒီပို့လိုက်တာနေမှာပေါ့"

"ဒေါ်ချိုရီက ကျွန်တော်နဲ့ဘာတော်လဲ"

"အချစ်ကလေးအဖေနဲ့ ဒေါ်ချိုရီယောကျ်ား ဦးရာကျော်က





ညီအစ်ကို သုံးဝမ်းကွဲလောက်တော်တယ်"

"ဒါဖြင့် အခု ကျွန်တော့်အဖေရော"

"အဖေနဲ့အမေက အချစ်ကလေးတို့ ခြောက်လသမီးအရွယ်လောက်ကတည်းက ကားမှောက်ပြီး ဆုံးသွားတာလေ။ အချစ်ကလေးတို့အမြွှာနှစ်ယောက်မှာ အချစ်ကလေးက ကံကောင်းပြီး ကျန်ခဲ့တာ။ မေမေတင့်ပဲ သမီးကို နို့ဘူးတိုက်မွေးခဲ့ရတာ။ မေမေတင့် အဲဒီအကြောင်းတွေပြောရင် ငိုချင်တယ်. . . သမီးရယ်။ စိတ်မကောင်းပါဘူး။ ဒီအိမ်ကြီးမှာ သူတို့ ဒီလိုနေထိုင်ခွင့်ရတာ အချစ်ကလေးကြောင့်ပါ။ ဒါနဲ့တောင် အချစ်ကလေးအပေါ်မှာ မကောင်းဘူး။ ဒီဝဋ်တွေကျွတ်အောင် ဦးဝဏ္ဏရဲ့သားနဲ့ ယူသာယူလိုက်သမီး။ သိပ်မစဉ်းစားနဲ့"

လမင်း မျက်မှောင်များတွန့်ပြီး စဉ်းစားနေသည်။

ဦးဝဏ္ဏရဲ့သားဆိုတာ ဘယ်သူပါလိမ့်။

လမင်း မသိပြန်ပါလား။

ဒါပေမဲ့. . . လမင်း ဘာမှမမေးတော့။ သိသလိုလိုနှင့် ခပ်ဟည်တည်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေတင့်လည်း အချစ်ကလေးသံယောဇဉ်ကြောင့်သာ ဒီမှာ ဒီလောက်ကြာကြာနေဖြစ်တာ။ အချစ်ကလေး အိမ်ထောင်ကျပြီးသွားရင် ကိုယ့်ရွာကိုယ်ပြန်နေတော့မယ်။ တကယ်ဆိုတော့ အချစ်ကလေးရဲ့မိဘတွေရဲ့ကျေးဇူးသာ မေမေတင့်မှာရှိတာပါ။ အချစ်ကလေးရဲ့အမေကလေ မေမေတင့်ကိုဆို သိပ်ချစ်တာ။ ရွှေဆိုင်ကလည်း ရွှေဆိုင်ဆိုတော့ တစ်နှစ်တခါ မေမေတင့်ကို ရွှေတွေလုပ်ပေးတာ။ နားကပ်၊ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက်တစ်ခုပြီး တစ်ခုလုပ်ပေးလာတာ။ အချစ်ကလေးတို့မွေးတဲ့အချိန်မှာ မေမေတင့် ရွှေငါးကျပ်သားစုမိသွားပြီ။ ခုခေတ်ရွှေဈေးနဲ့ဆိုမနည်းဘူး။ ရွာမှာလည်း မေမေတင့်ရဲ့အစ်မနဲ့ညီမတွေနေဖို့ အိမ်ဆောက်ပေးခဲ့ပြီးပြီ။ သူတို့သားအမိ၊ သားအဖတွေက အချစ်ပိုင်ဆိုင်တဲ့ပစ္စည်းတွေနဲ့ သူဌေးလုပ်နေကြတာကို အေးအေးမနေဘူး။ အချစ်ကလေးကို နှိပ်စက်နေတာ။ မေမေတင့်က မကြည့်ရက်နိုင်ဘူး။ အဲဒီတော့ ဦးဝဏ္ဏက သူ့သားနဲ့ပေးစားချင်လို့ တစ်ခါ သူ့သားကို ခေါ်လာပါရောလား။ ယောကျ်ားသာ မြန်မြန်ယူလိုက်ပါ. . . အချစ်ကလေးရယ်"





လမင်း မှုန်တေတေမျက်နှာထားနှင့် နားထောင်နေသည်။

စိတ်ထဲမှာတော့ သူများပစ္စည်းနဲ့ မတရားသဖြင့် လုပ်နေတဲ့ ချိုသဲဦးတို့သားအမိတွေတော့ သိရောပေါ့ကွာလို့ တေးမှတ်ကြိမ်းဝါးနေလိုက်ပါသည်။

ဂျာ ဂျာ ဂျာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

### အချစ်ကလေးရဲ့ကံကြမ္မာ

အချစ်ကလေးသည် ဘုရားဝင်းအတွင်းမှထွက်လာခဲ့ပြီးလျှင် ဘယ်ဆီဘယ်ဝယ်မသိဘဲ လမ်းတွေ့ရာလျှောက်လာနေခဲ့ခြင်းဖြစ်သည်။

ညကလည်း ထမင်းမစားရ။

လျှောက်ရလွန်း၍ ခြေထောက်တွေလည်းတောင့်၊ ခြေဖဝါးတွေလည်းကျိန်းနေပြီ။

တားလမ်းဘေးမှကပ်လျှောက်လာရာ နံနက်လင်းခါစတွင်



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားကားများ၊ ဈေးဝယ်ကားများ အချစ်ကလေးကိုဖြတ်ကျော်၍သွားကြသည်။

"ဟင်! လမင်း"

ကားတစ်စီးပေါ်မှ နေမင်းက အချစ်ကလေးကိုတွေ့သဖြင့် ကားကိုရပ်ခိုင်းလိုက်သည်။

ယိုင်တီယိုင်နဲ့ခြေလှမ်းများဖြင့်လျှောက်လာနေသော အချစ်ကလေးဆီ နေမင်း ကားပေါ်မှပြေးဆင်းသွား၏။

"လမင်း. . . မနက်အစောကြီး ဘယ်ကပြန်လာတာလဲ။ နင်နေမကောင်းဘူးလား"

ဖြူဖျော့၍ ယိုင်လဲမတတ်ဖြစ်နေသော အချစ်ကလေးသည် နေမင်းကိုကြည့်ပြီး ဘာမှမပြောနိုင်ခင်မှာ သတိလက်လွတ်လဲပြို၍ ကျသွားရှာသည်။

"ဟာ. . . လမင်းဘာဖြစ်တာလဲ။ ဒုက္ခပါပဲ"

နေမင်းသည် အချစ်ကလေးအား လမင်းအမှတ်ဖြင့်ပွေ့ချီ၍ ဂျစ်ကားပေါ်တင်ခဲ့သည်။

"လမင်း ဘာဖြစ်သလဲမသိဘူး။ ရွာကိုသာရောက်အောင်





မောင်းပါဗျာ။ လမင်းတစ်ယောက်တည်းလျှောက်သွားနေတာ"

"ဒီကောင်မလေးက ယောကျ်ားမကျ မိန်းမ,မကျနဲ့၊ ဘယ်တွေလျှောက်လွင့်သလဲမသိဘူး။ နေမကောင်းဘူးနဲ့တူတယ်"

ကားမောင်းလာသောဦးငွေးက ပြောလိုက်၏။

ဦးငွေးနှင့် နေမင်းက ရန်ကုန်ကိုအရောင်းအဝယ်ကိစ္စတစ်ခုနှင့်သွားပြီးပြန်အလာမှာ အချစ်ကလေးအားတွေ့ခြင်းဖြစ်၏။

"ကြီးစိန်. . . ရေ၊ ဒီမှာလမင်းဘာဖြစ်လာလဲမသိဘူး။ လမ်းမှာတွေ့လို့ခေါ်လာတာ"

"ဟုတ်လား၊ တစ်ညလုံးဘယ်ပျောက်နေလဲလို့ စိုးရိမ်လိုက်ရတာ။ ဒီကောင်မလေးလုပ်လိုက်ရင် ဒီလိုချည်းပဲ။ ဟင်! မျက်နှာကလည်း ဖြူဖျော့လို့၊ ဘယ်လိုဖြစ်တာလဲ"

အချစ်ကလေးအားပွေ့ချီ၍ အိပ်ခန်းထဲခေါ်သွားကြ၏။

ဒေါ်ဝိုင်းစိန်က အချစ်ကလေးအားသတိရအောင် ပြုစုနေ၍ ဦးငွေးကပြန်သွားပြီ။ နေမင်းက ရေနွေးအိုးတည်ပေးသည်။

"ရေနွေးရပြီလား နေမင်း"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဇလုံနဲ့ထည့်ပြီးယူခဲ့၊ ဆေးထိုးမယ်။ သတိတော့ရလာပါ[ပြီ]"

"ဟာ. . . ဟုတ်လား"

ရေနွေးဇလုံယူလာသောအခါ ဆေးထိုးအပ်ပြုတ်ပြီး ဒေါ်[ပိုင်း] စိန်က ဆေးထိုးပေးသည်။

"ဟဲ့. . . နေမင်း, နင်တို့ခေါ်လာတာ ငါ့သမီးလမင်းမဟု[တ်] ဘူး"

ဆေးထိုးရင်းက ဒေါ်ပိုင်းစိန်က အံ့သြတုန်လှုပ်ဟန်ဖြင့်[ပြော] လိုက်သည်။

"ဗျာ! "

နေမင်း အနီးသို့ရောက်လာသည်။

"ဒီမှာကြည့်စမ်း, ဒီမိန်းကလေးက ဆံပင်အရှည်၊ လမင်း[က] ဆံပင်အတို။ ပြီးတော့ ဒီမိန်းကလေးအသားက ဖြူဖွေးနေ[တယ်] ငါ့သမီးအသားက ဖြူပေမယ့် ချောသေချာမတွန်းလို့ ချေးအ[ထပ်] ထပ်နဲ့"

"ဟုတ်ပါ့ဗျာ"

ခုမှ နေမင်းသတိထားမိတော့သည်။

ရွှေပဒေသာစာပေ



"ဒါကြောင့် တစ်မျိုးပါလို့ထင်နေသား"

"ဘယ်ကမိန်းကလေး ခေါ်လာတာလဲ။ သနားစရာလေးပါ[လား] [ကွ]ယ်။ ဘာတွေဖြစ်လာသလဲတောင် မတွေးရဲဘူး။ အခုအိပ်ပျော် [သွ]ားပြန်ပြီ"

နေမင်းက အချစ်ကလေး၏မျက်နှာကို သေချာကြည့်နေမိ[သည်]။

လမင်းနှင့်တော်တော်တူသား။

ဒီမိန်းကလေးက ပိုပြီးနုနွဲ့၍ချစ်စရာကောင်းနေသည်။

အသားတွေကလည်း ဖြူဝင်းချောမွတ်နေသည်မဟုတ်လား။

"သူ့ကြည့်ရတာ ပင်ပန်းအားနည်းနေတဲ့ပုံပဲ။ ဒုက္ခတစ်ခုခု [တွေ့]လာတယ်ထင်တယ်"

ဒေါ်ပိုင်းစိန်သည် အချစ်ကလေးမျက်နှာအား ငေးကြည့်ရင်း [ပု]စ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေမိပါသည်။

ရွှေပဒေသာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဒီမှာမနေနဲ့ဆိုတာ နင်ရောက်လာပြန်ပြီလား။ သွား လေ. . . ငါ့နေရာမှာမနေနဲ့"

အက်ရှရှနှင့် ထိတ်လန့်တုန်ယင်ဖွယ်အသံကြောင့် အချစ်ကလေး၏မျက်လုံးများ ပွင့်လာသည်။

အသံကိုကြားနေရပြီး အကောင်ကိုမမြင်။

"ဟော့. . . ပြောနေတာ မကြားဘူးလား။ ဒါ, ငါ့နေရာ"

"အို"

ခုမှ. . . တွေ့လိုက်ပြီ။

သူ. . . အချစ်ကလေးသွားရာနောက် တကောက်ကောက် လိုက်နှောင့်ယှက်နေတာများလား။

မျက်နှာပြားပြားကြီးနှင့် ဖြူဖြူအရိပ်လို့ထင်တာ။

ခုတော့ မျက်နှာပြားပြားကြီးမှာ မျက်ခုံးမျက်လုံးပါးစပ်ပေါက် တွေပါနေသည်။

"ကျွန်မကိုလိုက်မနှောင့်ယှက်ပါနဲ့။ ကျွန်မမှာ သွားစရာမရှိ ပါဘူး၊ ကျွန်မ ဘယ်သူ့ကိုမှဒုက္ခမပေးခဲ့ပါဘူး။ ဒီမှာ. . . ကျွန်မကို နေခွင့်ပေးပါ"





ဖြူဖြူအရိပ်ကြီး တရွေ့ရွေ့နှင့် သူ့အနားကပ်လာနေတာကို ကြောက်လွန်း၍ နောက်သို့တစ်လှမ်းချင်းဆုတ်ရင်း တုန်တုန်ယင် ယင်ပြောနေမိသည်။

ဖြူဖြူအရိပ်ကြီးက တရွေ့ရွေ့ သူ့မရှေ့ရောက်လာရာက လက်နှစ်ဖက်ရှေ့သို့ထွက်လာ၏။

"အား. . ."

ကြောက်လန့်တကြားအော်လိုက်ပြီး အချစ်ကလေးအိပ်ရာက ငုတ်တုတ်ထထိုင်သည်။

"ဟော. . . မိန်းကလေး၊ အိပ်မက်ဆိုးတွေမက်နေတယ်ထင် တယ်။ ဘာမှမကြောက်နဲ့။ ဒီအိမ်မှာ ဘာကြောက်စရာအကြောင်း မှမရှိဘူးမိန်းကလေး"

အသက်ခြောက်ဆယ်ရွယ်အမျိုးသမီးကြီးတစ်ဦး၏ ကြင်နာ နူးညံ့သိမ်မွေ့စွာ နှစ်သိမ့်ပြောဆိုပုံကို အချစ်ကလေး ကြောင်ငေး ကြည့်နေမိ၏။

"ရော့. . . ရေလေးသောက်လိုက်ပါဦး။ ကြောက်တာတွေ ပျောက်သွားအောင်"



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိသောရေဖန်ခွက်ကိုယူ၍ သောက်စေသည်။ အချစ်ကလေးရင်ထဲမှာ အေးသွား၏။

"ကဲ. . . ကဲ. . . ဘာမှကြောက်စရာမရှိပါဘူး။ အိပ်ပျော်အောင် အိပ်လိုက်ဦး။ ဒီမှာ ဘာအန္တရာယ်မှလည်းမရှိဘူး၊ သိလား။ မကောင်းဆိုးဝါးတွေလည်း မကပ်နိုင်ဘူး။ ဒီအိမ်ဟာ ဘုရားတရားအရိပ်အောက်ကအိမ်. . . ဟုတ်ပြီလား"

"ဘယ်ကိုရောက်နေတာလဲ"

အချစ်ကလေးအသံက တိုးတိုးလေး. . .

"ဒါ. . . မြိုင်ညိုရွာပါ သမီးရယ်။ သမီး လမ်းမှာ သတိမေ့လို့ခေါ်လာခဲ့တာ၊ ဟုတ်ပြီလား။ ဘာဖြစ်လာသလဲဆိုတာ နောက်နေ့မှပြောချင်ပြော။ အခုဗိုက်ဆာနေလား။ တစ်ခုခုစားဦးမလား"

"မစားတော့ဘူး. . . အိပ်ချင်တယ်"

"အေး. . . ဟုတ်ပြီ၊ အိပ်လိုက်ပါ။ မနက်မှစားမယ်နော်။ သမီးအိပ်နေ။ အမေ ဘုရားစာရွတ်ပြီးစောင့်ပေးမယ်"

အမေ. . . တဲ့။

သူ့ကိုယ်သူ 'အမေ' လို့ သုံးနှုန်းလိုက်တဲ့ ကြင်နာတတ်စွာ





သောအမျိုးသမီးကြီးကိုကြည့်ရင်း အချစ်ကလေးရင်ထဲမှာ နွေးထွေးလုံခြုံသွားသလိုခံစားလိုက်ရပါသည်။

သို့သော် ဘာမျှကြာကြာမစဉ်းစားနိုင်။ အချစ်ကလေး၏ မျက်ခွံများ မှေးစင်းကျသွားပါသည်။

ဂျာ ဂျာ ဂျာ



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

# အေးမြသောအရိပ်...

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗ ပါဏိနံ
ဓမ္မော လောကေ သမုပ္ပန္နော
သုခါယ သဗ္ဗ ပါဏိနံ
သံဃော လောကေ သမုပ္ပန္နော
ပုညာယ သဗ္ဗ ပါဏိနံ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးသံ တိုးတိုးလေးကြားနေရသည်မှာ စိတ်ကိုကြည်လင်ပေါ့ပါး၍ အားသစ်တွေတိုးစေသည်။

ဒေါ်ဝိုင်းစိန် ဘုရားရှိခိုးနေခြင်းဖြစ်သည်။

ကျက်သရေရှိလိုက်တာ။

မနက်စောစော ခုလိုဘုရားရှိခိုး၊ မေတ္တာပို့အမျှဝေနေသော အမေတစ်ယောက် သူ့မအနီးမှာရှိနေလျှင် မည်မျှကောင်းလိုက်မည်နည်း။

အချစ်ကလေးတွေးရင်း ဒေါ်ဝိုင်းစိန်ဘုရားရှိခိုးနေတာကို အိပ်ခန်းဝမှာထိုင်ပြီး ငေးကြည့်နေမိသည်။

ဘုရားစင်က ကြီးကြီးလည်းမဟုတ်သေးလည်းမသေး၊ အနေတော်လေးပေါ်မှာ ဆင်းတုတော်တစ်ဆူရှိသည်။

ကြေးပန်းအိုးလေးနှစ်အိုးနှင့် မေမြို့ပန်းများ ကပ်လှူထား၏။

ရှိုးရှိုးရှင်းရှင်းလေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်တွေ့ရသည်။

ဘုရားစင်အောက်စားပွဲလေးမှာ လင်ပန်းနှင့်သောက်တော်ရေနှင့် ဆွမ်းပွဲတစ်ပွဲကပ်ထား၏။





ဘုရားရှိခိုးပြီးတော့ ကြေးစည်ထု၍အမျှဝေလိုက်သည်။

အချစ်ကလေးက 'သာဓု' သုံးကြိမ်ခေါ်လိုက်သည်။

"ဩော်. . . သမီး, အစောကြီးနိုးနေတာလား။ နေကောင်းလားသမီး"

"ဟုတ်ကဲ့"

"သွားတိုက်၊ မျက်နှာသစ်ရအောင်နော်. . . လာလာ"

သွားတိုက်၊ မျက်နှာသစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေလုပ်ပြီးတော့ လမင်း၏အင်္ကျီအဝတ်အစားများလဲစေသည်။

"လမင်းရဲ့အဝတ်အစားတွေနဲ့ သမီးကအတော်ပဲ"

"လမင်းက ဘယ်သူလဲဟင်"

"အမေ့သမီးပေါ့ကွယ်။ သူ့နာမည် လမင်းလို့ပေးထားတာ၊ လမင်းနဲ့တခြားစီပဲ၊ အတော်ပူတဲ့ကောင်မလေး။ ဒီကသမီးနဲ့ လမင်းက အရမ်းတူတာကွယ့်။ ဒါကြောင့် သမီးကို လမင်းနဲ့မှားပြီး နေမင်းက အိမ်ခေါ်လာခဲ့တာ"

"ဩော်. . . အဲဒီလိုခေါ်လာခဲ့တာပဲ ကောင်းပါတယ်။ သူမက အမေ့လိုကြင်နာတတ်တဲ့သူနဲ့တွေ့တာပေါ့။ နို့မဟုတ်ရင် သမီး



www.burmeseclassic.com

www.burmeseclassic.com



၁၀ ဘာတွေဆက်ဖြစ်ဦးမလဲမသိဘူး"

"သြော်. . . အေး, ရေစက်ရှိလို့တွေ့ရတာပေါ့ကွယ်။ သမီး နာမည်ကရောကွယ်"

"အချစ်ကလေးပါအမေ"

"သြော်. . . နာမည်က ချစ်စရာလေး။ သမီး ဆန်ပြုတ်ပူပူ လေးသောက်လိုက်ဦး။ အားရှိပြီးမှ စကားဆက်ပြောတာပေါ့ကွယ်"

မနက်စောစောထပြီး ဒေါ်ဝိုင်းစိန်က ဆန်ပြုတ်ပြုတ်ပေး ထားခြင်းဖြစ်၏။

ဆန်ပြုတ်ပူနွေးနွေးလေးမှာ မွှေးပြီး ချိုဆိမ့်နေ၍ အချစ် ကလေး ခံတွင်းတွေ့နေသည်။

ငါးရံ့ခြောက်မီးဖုတ်လေးကို အမျှင်ကလေးတွေလုပ်ပြီး ဆီ ဆမ်းထားး၏။

ဆန်ပြုတ်လေး တစ်ဇွန်းသောက်လိုက်၊ ငါးရံ့ခြောက်တစ် ဖတ်ဝါးလိုက်နှင့် အရသာတော်တော်တွေ့နေသည်။

"သမီးက တောင်ငူမြို့မှာနေပါတယ်။ ဆယ်တန်းအောင်ပြီး အဝေးသင်တက်နေပါတယ်။ သမီးတို့မှာ အမြွှာနှစ်ယောက်ရှိတာ၊





အချစ်ကလေးနဲ့ အနှစ်ကလေးဆိုပြီး မိဘတွေက ချစ်စနိုးမှည့်ခေါ် ထားကြတာတဲ့။ သမီးတို့ ရှစ်လသမီးအရွယ်လောက်က အဖေနဲ့ အမေ ခရီးထွက်ရင်း ကားတိုက်မှုဖြစ်ပြီး အဖေ၊ အမေရယ်၊ အနှစ် ကလေးပါ ဆုံးသွားကြတယ်။ သမီးတစ်ယောက်တည်း အသက်ရှင် ကျန်ခဲ့တယ်တဲ့"

"ဘုရား. . . ဘုရား"

ဒေါ်ဝိုင်းစိန်, ဘုရားတရင်း အချစ်ကလေးအား စူးစိုက်ကြည့် ရင်း ရင်ထိတ်စွာနားထောင်နေပါသည်။

"သမီးရဲ့မိဘတွေက ချမ်းသာတယ်။ သူတို့ကျန်ခဲ့တဲ့ပစ္စည်း တွေနဲ့ အဖေရဲ့ညီဝမ်းကွဲမိသားစုက ကောင်းစားနေကြတယ်လေ။ သမီးအပေါ်မှာတော့ သူတို့မကောင်းကြပါဘူး။ သမီးရဲ့ဝဋ်ကြွေးပါ ပဲ အမေရယ်"

ပြောရင်းမှ အချစ်ကလေး မျက်ရည်ကျလာပြီး အိမ်မှထွက် ပြေးခဲ့ရသည့်ဖြစ်ကြောင်းကုန်စင်ကိုပြောပြနေလေသည်။

သြော်. . . သနားစရာပါလားသမီးလေးရယ်လို့ ဒေါ်ဝိုင်းစိန် ရင်ထဲကပြောရင်းမှ အချစ်ကလေးပါးပြင်ပေါ်မှ မျက်ရည်စတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါနှင့်သုတ်ပေးနေလေသည်။

လမင်းကို မည်သို့ကောက်ရလာခဲ့ပုံကိုတော့ ဒေါ်ဝိုင်းစိန် မပြောဖြစ်သေးချေ။

တစ်ခုတော့ စဉ်းစားမိသည်။

လမင်းနှင့်အချစ်ကလေး ဒီလောက်ရုပ်ချင်းတူနေတာ အမြွှာညီမများဖြစ်နေမလား။

"သမီး ဒီမှာပဲခဏနေပါရစေနော် အမေ။ ကိုဥက္ကာတို့တွေ့သွားမှာစိုးလို့ ဘယ်ကိုမှလည်းမသွားရဲဘူး။ ဦးဝဏ္ဏတို့နဲ့အဆက်အသွယ်ရအောင်လုပ်ရဦးမယ်"

"ရပါတယ်၊ ဒီမှာအေးအေးဆေးဆေးနေပါ။ အမေ့သမီးလမင်းကလည်း အိမ်ကထွက်သွားတော့ သူ့အကြောင်းစုံစမ်းရဦးမှာ။ လမင်းအတွက်လည်းစိတ်ပူတယ်"

"လမင်းက သမီးနဲ့တော်တော်တူလားဟင်အမေ"

"တူတယ်။ ဒါပေမဲ့. . . သူက ယောကျ်ားလေးလိုနေတယ်၊ အင်မတန်ဆော့တဲ့ကလေးကွယ့်"

ထိုစဉ်ပင် နေမင်း, စားသောက်စရာများနှင့် အိမ်သို့ရောက်





လာ၏။

"ကြီးစိန်. . . ဧည့်သည်နေကောင်းလား"

"လာလေ၊ ဒီမှာမတွေ့ဘူးလား။ နေကောင်းလို့ ဆန်ပြုတ်တောင်သောက်ပြီးသွားပြီ။ မင်းက ဘာယူလာတာလဲ"

"ကိတ်မုန့်နဲ့ ကော်ဖီမစ်စ်။ ဦးလေးဌေးက ကြီးစိန်အတွက် နန္ဒင်းမကင်းပေးလိုက်တယ်၊ အဖေလည်းတော်ကြာလိုက်လာခဲ့မယ်။ ကြီးစိန်မှာတဲ့ဆေးတွေလည်း ဝယ်လာခဲ့ပြီ"

"နေမင်းလေ၊ သူက သမီးကို လမင်းနဲ့လူမှားပြီး ခေါ်လာခဲ့တာ။ နေမင်းနဲ့လမင်းက မတည့်အတူနေ။ ဘယ်တော့မှမတည့်ဘူး။ သူတို့နာမည်ချင်းကလည်း လွဲနေတယ်. . . လမင်းက အပူသမား၊ နေမင်းက လူအေး၊ ဝါသနာချင်းစရိုက်ချင်းမတူလို့ မတည့်ပေမယ့် သံယောဇဉ်ကြီးတယ်"

နေမင်းက သိမ်မွေ့ရိုးသားစွာ ငြိမ်သက်၍ ထိုင်နေသော အချစ်ကလေးအား ငေးကြည့်မိ၏။

"သူ့နာမည်က အချစ်ကလေးတဲ့။ နာမည်လေးကိုက ချစ်စရာလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းကြည့်နေတာမို့ အချစ်ကလေးက ရဲရဲဝံ့ဝံ့ပြန်မကြည့်ရဲ။ ရှက်စနိုးလေးဖြင့် မျက်လွှာချထားလိုက်၏။

"လမင်းဘယ်ထွက်သွားလဲ. . . စုံစမ်းဦး။ ဒီကောင်မလေးဟာ အင်မတန်ဇွတ်တရွတ်လည်းလုပ်တတ်တယ်"

"ဟုတ်ကဲ့ပါ။ ကျွန်တော် ခုပဲသွားစုံစမ်းမှာပါ"

နေမင်းပြန်သွားသောအခါ အချစ်ကလေးက ဒေါ်ဝိုင်းစိန်နှင့်ကူ၍ အိမ်အလုပ်များလုပ်ပေးနေသည်။

ဒေါ်ဝိုင်းစိန်သည် အချစ်ကလေးနေထိုင်ပုံ၊ လှုပ်ရှားပုံတွေကြည့်ရင်း လိမ္မာယဉ်ကျေးသောမိန်းကလေးပါလားလို့တွေးကာ ချစ်ခင်မေတ္တာသက်ဝင်နေမိသည်။

နေမင်းက ရွာထဲသို့လျှောက်၍ လမင်းအကြောင်းစုံစမ်းနေသည်။

လမင်း၏သူငယ်ချင်းမတွေဖြစ်သော ခွာညိုစိမ်းနှင့်မြသဲတို့ဆီလည်းမလာ။ တွေ့လည်းမတွေ့၊ ဘယ်သွားမည်ဟုလည်းပြောမသွားတဲ့။

ဒါဆို လမင်းတစ်ယောက်ဘယ်ကိုသွားပြီး ပျောက်ချက်သား





ကောင်းနေရတာလဲ။

နေမင်းစိတ်ပူပင်စွာဖြင့် ရွာနီးနားဝန်းကျင် လိုက်စုံစမ်းရပြန်သည်။

"ကိုသာဦး. . . ကိုသာဦး"

သာဦးတစ်ယောက်တည်း ရွာအပြင်တောစပ်မှာ တွေ့မိ၍ ဝမ်းသာအားရလှမ်းခေါ်လိုက်သည်။

"ဘာလဲ"

"ဟို. . . လမင်းတစ်ယောက်များတွေ့မိလား"

"မတွေ့ပါဘူး၊ ဘာဖြစ်လို့လဲ။ ငါတို့လည်း လမင်းကိုတွေ့ချင်နေတာ"

"ဟာ! ကျွန်တော် ရန်ကုန်သွားပြီး နောက်တစ်နေ့ပဲ အိမ်ကပျောက်သွားတယ်တဲ့"

သာဦးမျက်ခုံးတွေ လှုပ်သွား၏။

ဖိုးနီနှင့်ဖန်ကတုံးတို့များ လမင်းကိုခေါ်သွားတာလား တွေးလိုက်၏။

"တွေ့ရင် သူ့အမေစိတ်ပူနေတယ်လို့ ပြောလိုက်စမ်းပါ။ အဲ



www.burmeseclassic.com

www.burmeseclassic.com

အမြန်ပြန်လို့ပြောလိုက်နော်"

"အေးပါ"

အရှုးဆာမိနှင့်တွေ့သည်။

"ဟော့... နေမင်း၊ မင်းကောင်မလေးပျောက်လို့လိုက်ရှာနေတာလား။ မင်းလက်နှေးနေလို့ တခြားယောကျ်ားနောက်လိုက်သွားတာဖြစ်မှာပေါ့။ ရှာမနေနဲ့... လင်နောက်လိုက်သွားတာ ဘာဆန်းလို့လဲ။ ဟဲဟဲ... သူ့ဖာသာပြန်လာလိမ့်မယ်"

"ဟာ... ဒီအရူးစကားကလည်း မဦးမချွတ်"

အရှုးဆာမိကတော့...

"လမင်းပျောက်လို့ဟော့... လမင်းပျောက်လို့ဟော့"

ဆိုပြီး သီချင်းလုပ်ဆိုကာ ထွက်သွားတော့သည်။

အရှုးဆာမိပေါက်တရပြောတာဆိုပေမယ့် လမင်းယောကျ်ားနောက်လိုက်သွားတာများလားဟူ၍ တွေးပူမိလိုက်သေး၏။

ဒါပေမဲ့... လမင်းမှာ ချစ်သူရည်းစားမရှိသေးတာတော့ သူသေချာသိသည်။

လမင်းက ယောကျ်ားလေးတစ်ယောက်လိုသာ နေတတ်ထိုင်တတ်သည်။

အလှအပလည်းမပြင်။

အိမ်အလုပ်တွေဘာတွေလည်း စိတ်မဝင်စား။

အစားမက်သည်။ ကစားမက်သည်။

နေမင်းကလိုက်ရှာပြီး ပင်ပန်းစွာနှင့် အိမ်ပြန်လာတော့ ဒေါ်ဝိုင်းစိန်ဆီ လာခဲ့ပြန်၏။

"ဟဲ့... နေမင်း၊ ရှာတွေ့ခဲ့လား... လမင်းကို"

"ဟင့်အင်း... အရှေ့ရွာ၊ အနောက်ရွာရောက်ခဲ့ပြီ။ သူ့သတင်း ဘာမှမကြားခဲ့ဘူး"

"ဘယ်ကိုသဝေထိုးနေမှန်းမသိ၊ ဒါမိန်းကလေးတဲ့လား၊ ဘယ်သူနဲ့များ ပါသွားသလဲမသိ"

"ဟာ... လမင်းက အဲလိုစိတ်မရှိသေးပါဘူး ကြီးစိန်"

"ငါက ဘာပြောလို့လဲ။ နင်က တစ်မျိုးတွေးပြန်ပြီ။ လမင်းက အဖော်ကောင်းရင်လည်း မပြောမဆိုဘဲ တောင်ငူအထိ ဘုရားပွဲလိုက်ကြည့်ရင်ကြည့်တာ။ ဟိုတစ်ခါ ကြည့်ပါလား၊ စတိတ်ရှိုးသွားကြည့်တာ"




ရွှေပဒေသာစာပေ
www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . အဲဒါတော့ဟုတ်တယ်"

"ကဲ. . . လာ, ထမင်းဝင်စား၊ တစ်ခါတည်းစားလိုက်"

ထမင်းစားပွဲဝိုင်းကလေးမှာ ထိုင်နေသော အချစ်ကလေးအား သူငေးကြည့်လိုက်ပြီးမှ ထမင်းစားဖို့ငြင်းလိုက်သည်။

"ညနေမှ တစ်ခေါက်လာခဲ့ဦးမယ်ကြီးစိန်။ အိမ်ပြန်ဦးမယ်။ အဖေလည်း ကျွန်တော့်ကိုထမင်းစားဖို့စောင့်နေမှာ။ ရန်ကုန်က ဈေးဝယ်ပြန်လာပြီးကတည်းက အဖေနဲ့ကျွန်တော် စကားအေးအေးဆေးဆေးမပြောရသေးဘူး"

နေမင်း ပြန်လာခဲ့တော့သည်။



အခန်း ( ၁၆ )

## ကြမ်းချင်တိုင်း ကြမ်း

"ဟင်! ဒါက ဘာလုပ်နေတာလဲ"

ဒေါ်ချိုရီ ဇက်ကြောတက်နေသည်ဆို၍ ဒေါ်ရွှေတင့်က နှိပ်ပေးနေစဉ် လမင်း အိမ်ပေါ်မှဆင်းလာပြီးပြောသည်။

လမင်းကိုတွေ့သည်နှင့် ဒေါ်ချိုရီ အနည်းငယ်တော့တုန်လှုပ်သွား၏။

လမင်းက ကြည့်ဦး. . .

ချိုသဲဦး၏အခန်းထဲဝင်၊ ချိုသဲဦး၏အဝတ်အစားများ ယူ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်လာသည်။

"ဒေါ်ကြီး. . . ထမင်းပြင်၊ ဗိုက်ဆာပြီ"

ထိုစဉ် ချိုသဲဦးလည်း အပြင်မှပြန်ရောက်လာသည်။

သူ့အဝတ်အစားများဝတ်ထားသည့်လမင်းအား မနှစ်မြို့သလိုကြည့်ကာ နှုတ်ခမ်းမဲ့လိုက်၏။

လမင်းသည် ဒေါ်ချိုရီနှင့်ချိုသဲဦးတို့၏မျက်နှာကို မထီမဲ့မြင်ကြည့်လိုက်သည်။

"မေတင့်. . . ဘာဖြစ်လို့နှိပ်ပေးနေရတာလဲ။ ကဲ. . . သွား၊ အဒေါ်ကြီး ထမင်းသွားပြင်။ ခင်ဗျားသမီးက ဆာတယ်ပြောနေတယ်မဟုတ်လား"

အဒေါ်ကြီးဆိုတာ လမင်းက ဒေါ်ချိုရီအား ခေါ်ခြင်းဖြစ်သည်။

"သွားလေ, ထမင်းသွားပြင်ပေးလိုက်"

"ဘာ. . . ငါက ဘာဖြစ်လို့ပြင်ပေးရမှာလဲ။ ဒေါ်ရွှေတင့် ထမင်းပြင်ချည်"

"ဘာ. . . ဒေါ်ရွှေကင့်ကို ပြင်ခိုင်းနေရတာလဲ။ ကိုယ့်သမီး





ကိုယ်ပြင်ပေးပေါ့။ နေဦး. . . မနက်မိုးလင်းကတည်းက မေမေတင့်က အဒေါ်ကြီးတို့အတွက် ချက်ပြုတ်ပေးနေရတာ။ ညောင်းခြင်းညောင်းရင် မေမေတင့်က ညောင်းရမှာ။ ဒီမှာ. . . အဒေါ်ကြီး၊ အဒေါ်ကြီးက မေမေတင့်ဇက်ကြောဆွဲပေးလိုက်"

"အောင်မာ. . . အောင်မာ, နင်ကများ"

"ကျွန်တော်က ဒီအိမ်ရဲ့အရှင်သခင်၊ အိမ်ကြီးရှင်။ ကျွန်တော့်အိမ်မှာနေရင် ကျွန်တော့်စကား နားထောင်ရမယ်။ ကဲ. . . နှိပ်ပါ"

"မနှိပ်ဘူး. . . မနှိပ်နိုင်ဘူး။ ဘာလုပ်ချင်သေးလဲ"

"အေးလေ. . . လူပါးဝလို့"

"လူကြီးတွေပြောရင် နင်ဝင်မပြောနဲ့"

"အား. . ."

ပြောပြောဆိုဆို ချိုသဲဦး၏ပါးအား ဆွဲလိမ်လိုက်သဖြင့် အော်လိုက်ခြင်းဖြစ်သည်။

"အဒေါ်ကြီး နှိပ်လို့ပြောနေတယ်လေ၊ မနှိပ်ဘူးလား။ မနှိပ်ဘူးဆိုရင် ကျွန်တော့်အကြောင်းသိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

အနားမှာရှိသောငှက်မွေးတံမြက်စည်းကို ဆွဲယူလိုက်သော အခါ ဒေါ်ချိုရီ သူ့အသားနာမှာကြောက်၍ ဒေါ်ရွှေတင့်၏ဇက်ကြောကိုဆွဲပေးနေ၏။

"နင်ကရော. . . ထမင်းဆာတာ ကိုယ့်ဖာသာပြင်စားပေါ့။ အသက်ကြီးတဲ့လူတွေကို ပြင်ခိုင်းနေရလား၊ တယ်ခိုင်းတာပဲ။ အခု ထမင်းတွေဟင်းတွေထည့်စမ်း"

"မထည့်ဘူး"

"မထည့်ဘူးဆိုရင်"

"ရှမ်း"

"အမေ့! "

"ရှမ်း"

"ဟဲ့. . . ဟဲ့. . . ငါ့သမီးကိုမလုပ်နဲ့"

ဒေါ်ချိုရီ မနေနိုင်၍ဝင်ပြောသည်။

"ရှမ်း"

ဒေါ်ချိုရီကိုတော့ ထိအောင်မရိုက်ဘဲ စားပွဲခုံကိုရိုက်ပစ်လိုက်သည်။





"အမယ်လေး. . . လေး, ဘာစိတ်တွေဝင်နေသလဲမသိဘူး။ ဒီကောင်မ သရဲပူးနေတာဖြစ်မယ်"

"သရဲပူးတာ ဘာဖြစ်လဲ။ ငါက နေ့စံညခံပြိတ္တာပဲ။ ညကျရင် ပြိတ္တာဖြစ်ပြီး နင်တို့သားအမိတွေကို ကုတ်ချိုးစားပစ်မယ်။ အခု ငါခိုင်းတာလုပ်မလားမလုပ်ဘူးလား၊ ပြောစမ်း"

"အယ်. . . အယ်. . . မရိုက်ပါနဲ့၊ ကြောက်ပါပြီ။ လုပ်ပါ့မယ် . . . လုပ်ပါ့မယ်။ ကျွန်မထမင်းပြင်ပါ့မယ်"

"ဟဲ့. . . သမီး, မလုပ်ပါနဲ့။ မေတင့်ပြင်ပေးပါ့မယ်"

"မေမေတင့် ထိုင်နေပါ။ မေမေတင့်က နေမကောင်းတဲ့လူ။ တစ်သက်လုံး မေမေတင့်ချက်ကျွေးလာတာ စားလာကြတာ။ ကဲ! ပြင်စမ်း၊ မေမေတင့်နဲ့ကျွန်တော် ထမင်းစားမယ်"

"အဲ. . . မေတင့်, မစားသေးပါဘူး။ မချိုရီ. . . ကျွန်မပြင်ပါ့မယ်"

"မရဘူး. . . မေ့မေတင့်ထိုင်။ အဒေါ်ကြီးက နှိပ်ပေး။ ဟို ကောင်မလေး ထမင်းပြင်"

သူ့လက်ထဲက ငှက်မွေးကြိမ် တယမ်းယမ်းလုပ်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်၍ ချိုသဲဦး ထမင်းဟင်းတွေ ခူးခပ်ထည့်လာသည်။

ချိုသဲဦးစားချင်သည်ဆို၍ ဒေါ်ရွှေတင့်က ကြက်အသည်းအမြစ်တွေကြော်ပေးထားရာ လူမင်းက ထိုကြက်အသည်းအမြစ်တုံးများအား တစ်တုံးပြီးတစ်တုံးစားပစ်လိုက်ပြန်သည်။

"တဲ့. . . လာ, မေမေတင့်. . . ဒီမှာထိုင်။ တစ်မနက်လုံးဈေးတလုံးလုံးနဲ့ချက်ပြုတ်လာရတာ ပင်ပန်းလိုက်တာ။ ထမင်းလာစားလိုက်ဦး။ အဒေါ်ကြီးက ယပ်တောင်ယူ. . . ယပ်ခတ်ပေး"

ဒေါ်ရွှေတင့်ကို အတင်းထမင်းစားခိုင်းသည်။

သူကိုယ်တိုင်လည်း ထမင်းကို ပလုတ်ပလောင်းအဝအပြဲစားသည်။ ထမင်းတစ်လုတ် ပါးစပ်ထဲထည့်လိုက်၊ ဟင်းရည်ကိုဇွန်းနှင့်ခပ်သောက်လိုက်၊ ကြက်အသည်းအမြစ်ဖတ်တွေ ဝါးလိုက်၊ ကြက်သားတုံးတွေစားလိုက်နှင့်လုပ်နေတာကို ဒေါ်ချိုရီတို့သားအမိမှာ မကျေမနပ်ကြည့်နေကြလေသည်။

"ဟဲ့. . . အဲဒီလိုလက်ချည်းရပ်မနေနဲ့။ ရေတစ်ခွက်ခပ်ယူလာခဲ့စမ်း။ အဒေါ်ကြီးက မေမေတင့်ကိုရေနွေးကြမ်းထည့်ပေး"

ဒေါ်ရွှေတင့်က ဒေါ်ချိုရီတို့ရှေ့မှာ မရဲတရဲထမင်းစားနေရ





သော်လည်း စိတ်ထဲမှာတော့ ရယ်လည်းရယ်ချင်နေသည်။

ပြီးတော့. . . အချစ်ကလေး ဘာကြောင့် ဒီလိုရဲတင်းရိုင်းစိုင်းနေရတာလည်းလို့တွေးပြီး စိတ်ပူနေမိပြန်၏။

ဒေါ်ချိုရီတို့သားအမိထင်နေသလို တစ်စုံတစ်ရာပူးကပ်ပြီးပယောဂဝင်တာများလားလို့တွေးကာ ကြောက်နေမိ၏။

ထူးခြားတာက ဒီတစ်စုံတစ်ရာပူးကပ်တာက ဒေါ်ရွှေတင့်ကိုဒုက္ခမပေး။

ဒေါ်ချိုရီတို့သားအမိကိုချည်း ဟိန်းလိုက်ဟောက်လိုက်နှင့်ကြောက်အောင်လုပ်ပြီး အမျိုးမျိုးဒုက္ခတွေပေးနေသည်လေ။

ခုလည်းကြည့်၊ စားပြီးသွားသောပန်းကန်တွေဆေးခိုင်း။ ပြီးတော့. . . ဒေါ်ချိုရီတို့ထမင်းမစားရသေး။

ကြမ်းတိုက်အဝတ်ဟောင်းတွေယူပြီး ကြမ်းတိုက်ခိုင်းနေပြန်သည်။

ဒေါ်ချိုရီတို့သားအမိနှစ်ယောက်စလုံး အောင့်သက်သက်နှင့်ကြမ်းတိုက်နေရ၏။

ချိုသဲဦးက မျက်ရည်တွေကျလို့ ကြမ်းတိုက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . ဒါကဘာဖြစ်တာတုန်း။ ဪ. . . ကြမ်းတိုက်ရလို့ မျက်ရည်ကျတာလား။ အလုပ်လုပ်ရမှာ ဒီလောက်ပျင်းသလား။ သူများကိုကျတော့ နင်တို့ရက်ရက်စက်စက်ခိုင်းတတ်တယ်။ အခု ကိုယ်တိုင်လုပ်ကြည့်တော့ သိပြီလား. . . တိုက်စမ်း. . . တိုက်စမ်း။ ငါ့ကိုမော့ကြည့်မနေနဲ့။ အဒေါ်ကြီးလုပ်လေ၊ သူများကိုကျတော့ သားသမီးချင်းကိုယ်ချင်းမစာ ခိုင်းခဲ့တာမဟုတ်လား။ ခုဟော့. . . ကိုယ်တိုင်လုပ်ကြည့်လေ. . . ဟင်း. . . ဟင်း. . . ဟင်း"

စားပွဲကို ငှက်မွေးကြိမ်နှင့်နှစ်ချက်လောက် တဖြန်းဖြန်းမြည်အောင် ရိုက်လိုက်သေးသည်။ ပြီးမှ တမင်တကာ မရယ်ချင့်ရယ်ချင်ရယ်သံမျိုး။ ပြီးတော့. . . နိုင်ငံခြားဗီဒီယိုသရဲကား စုန်းကားတွေမှာ သရဲမတွေ၊ စုန်းမတွေရယ်သလိုမျိုး ရယ်သံအမျိုးမျိုးလုပ်၍ရယ်နေပြန်၏။

ဒေါ်ချိုရီက အချစ်ကလေးရှူးများရှူးနေတာလားလို့ သေချာကြည့်နေ၏။

"ဘာကြည့်နေတာလဲ၊ ကြမ်းတွေပြောင်အောင်တိုက်နော်။ အားစိုက်ပြီးတိုက်မှ အရောင်ထွက်မှာ။ ကိုယ့်အရိပ် ကိုယ်ပြန်မြင်





အောင်တိုက်။ ဟဲ. . . ဟဲ. . . ဟဲ. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး. . ."

သူ့ကိုကြည့်နေတာသိ၍ လမင်းအော်လိုက်ကာ ရယ်သံအမျိုးမျိုးနှင့် အူမြူးစွာရယ်နေပြန်သည်။

ထိုစဉ် ဥဂ္ဂါပြန်ရောက်လာ၏။

"ဟင်. . . ဘာတွေဖြစ်နေတာလဲ။ ဒေါ်လေးက ကြမ်းတိုက်နေတယ်"

"အဟင့်. . . ဟင့်. . . ဟင့်. . . ငါတော့ မပြောလိုက်ချင်ပါဘူး။ သူက ငါတို့သားအမိကို ရက်ရက်စက်စက်ခိုင်းနေတယ်"

"ဘာအတိုင်အတောထူနေတာလဲ. . . တိတ်စမ်း"

လမင်းအော်ငေါက်သံကြား၍ ဥဂ္ဂါ လှည့်ကြည့်လိုက်သည်။

ထမင်းစားပွဲပေါ်မှ သစ်သီးလှီးသည့်ဓားကိုဆွဲယူ၍ လှည့်ပတ်ကစားနေသည့်လမင်းအား တွေ့လိုက်ရ၏။

"အံမယ်! နင်ကများ"

"ဘာ, နင်ကများလဲ။ ဥဂ္ဂါငမိုက်သား. . . ဗိုက်ထဲကအူတွေအခွေလိုက်ထွက်သွားချင်လား. . . သယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဟဲ့. . . မပြောနဲ့၊ သူတကယ်လုပ်မှာ။ သူ့လက်ထဲက ခါးကြီးနဲ့"

ဒေါ်ချိုရီက ဟန့်တားလိုက်၏။

"လက်ထဲကဓားတော ကြောက်ရမှာလား။ ဖယ်ပါ၊ ဒီကောင်မတော့"

ဥက္ကါက ဒေါ်ချိုရီကိုတွန်းဖယ်ပြီး လမင်းလက်ထဲကဓားကို လုဖို့အသွားတွင် လမင်းက နောက်သို့ခြေတစ်လှမ်းဆုတ်ပြီး ဘယ်လက်က ငှက်မွေးတံမြက်စည်းဖြင့်ရိုက်လိုက်ရာ ဥက္ကါ၏ခြေသလုံးကို ရိုက်မိသွားသည်။

ညာလက်က ကိုင်ထားသောဓားကိုလည်း တယမ်းယမ်းလုပ်ကစားနေသည့်လမင်း၏အမူအရာကိုကြည့်ပြီး ဥက္ကါအနည်းငယ်တော့လန့်သွား၏။

လမင်း၏ပုံစံက အကြောက်အလန့်မရှိ။ တကယ်လုပ်မည့်ပုံပင်။

"လာလေ, ရှေ့တိုးရဲတိုးကြည့်။ တကယ်ဓားနဲ့ထိုးပစ်လိုက်မယ်။ ငါ့ကိုများ လာစမ်းလို့ကတော့၊ ဟင်း. . . ဟင်း. . . ဟင်း"





"တောက်! "

ရှေ့လည်းမတိုးရဲ၊ နောက်လည်းမဆုတ်သာဖြင့် ဥက္ကါ,တောက်ခေါက်လိုက်သည်။

"ဘာပမာမခန့် တောက်ခေါက်တာလဲ။ အဲဒီလိုအကြည့်ကို ပြင်စမ်း။ သွား. . . ငါ့ရှေ့ကထွက်သွား"

"ကဲ. . . သွားလိုက်စမ်းပါ ဥက္ကါရယ်"

ဥက္ကါ မကျေမနပ်ဖြင့်ထွက်သွားလေသည်။

❦

"ဘယ်လိုလုပ်ကြမလဲ။ ဒီကောင်မဟာ တစ်နေ့တခြားလူပါးဝနေတယ်"

ဒေါ်ချိုရီသည် ခင်ပွန်းဖြစ်သူအား တိုးတိုးတိတ်တိတ်ပြောနေလေသည်။

"ငါလည်း ဘာလုပ်ရမလဲဆိုတာစဉ်းစားနေတာ။ ဘာဖြစ်လို့သူ ဒီလောက်ပြောင်းလဲသွားရပါလိမ့်လို့"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . . ရှင်ကလည်း ဒါသွေးရိုးသားရိုးမဟုတ်ပါဘူးဆို။ ပယောဂရှင့်။ သူကိုယ်သူ နေ့စံညခံပြိတ္တာလို့ပြောနေတာ မကြားဘူးလား”

“အေးလေ, သူက ဘယ်လိုလုပ်ပြီး လူကနေ ပြိတ္တာလို့ပြောနေရတာလဲ”

ဦးရာကျော်သည် အသိပညာဗဟုသုတနည်းပါးသူမဟုတ်ပေမယ့် သည်လိုအကြောင်းအရာများတော့ စိတ်ဝင်စားတတ်သူမဟုတ်ပေ။

“သူ့ကို ပြိတ္တာက ဝင်ပူးနေတာ။ ဒါကြောင့် သူကြည့်ပါလား၊ လူနဲ့မှမတူတာ။ အရင်က အချစ်ကလေးဆိုတာ စကားတောင်ဟဟ ပြောတာမဟုတ်ဘူး။ အခုဟာက, ပြောလိုက်ရင် အသံပြဲကြီးနဲ့။ ပြီးရင် ငိုလိုက်ရယ်လိုက်အမျိုးမျိုးလုပ်နေကာ။ အစားကလည်း သောင်းကျန်းတာလေ”

“ဒါဆိုဘာလုပ်ရမလဲ”

“ဆရာသွားရှာလေ၊ ဥက္ကါလည်း ဆရာစုံစမ်းနေတယ်”

“ဩော်. . . ငါ အခုမှသတိရတယ်။ ငါ့သူငယ်ချင်းအောင်





ဒင်လေ. . . ဘုန်းကြီးလူထွက်လေ၊ သူ့မှာ အဲဒီလိုပယောဂကုတဲ့ ဆရာရှိတယ်လို့ပြောဖူးတယ်။ ငါ အခုမှသတိရတယ်။ သူ့ကိုသွားမေးကြည့်ဦးမယ်”

“ဟုတ်တယ်, ကိုအောင်ဒင့်တူမလေးမဟုတ်လား။ ပယောဂဆရာနဲ့ကုရတာလေ။ ခုချက်ချင်းပဲ သွားမေးလိုက်ပါလား”

“ဟုတ်ပြီ. . . ဟုတ်ပြီ”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

### နေမင်းလည်း ချစ်တတ်ပြီ...

သည်မှာနေရတာ အချစ်ကလေးပျော်နေလေသည်။

လုံခြုံနွေးထွေးမှုလည်း ရှိသည်ဟုထင်၏။

ကြင်နာစွာပြောဆိုဆက်ဆံတတ်သောဒေါ်ဝိုင်းစိန်ကို အမေဟုပင် အချစ်ကလေးခေါ်ကာ၊ မိခင်မေတ္တာပေးတတ်သောသူမို့ အမေအစားရသည်ဟုပင် မှတ်ယူထားသည်။

မနက်စောစောအိပ်ရာထ၍ ဘုရားရှိခိုးနေသော ဒေါ်ဝိုင်းစိန်၏အပြုအမူများကို အတုခိုးလေ့ကျင့်မိသည်။

ရှေ့ပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝိုင်းစိန်နှင့်အတူ ထမင်းတင်းချက်၊ အိမ်သန့်ရှင်းရေး လုပ်၊ အလုပ်တွေကူညီလုပ်ကိုင်ပေးသဖြင့် အချစ်ကလေးအားလည်း ဒေါ်ဝိုင်းစိန်က သမီးကလေးလို မှတ်ထင်ချစ်ခင်နေတာဖြစ်၏။

"အမေ ရေချိုးတော့မယ်မဟုတ်လား။ သမီးရေငင်ထားပေးမယ်နော်"

"ဩော်. . . အေး. . . ရပါတယ်။ အမေ့ဖာသာလုပ်ပါ့မယ်"

ဒေါ်ဝိုင်းစိန်ကပြောပြီး ထဘီရင်လျားနှင့် ရေတွင်းဆီရောက်လာခဲ့၏။

ရေစည်ပိုင်းထဲမှာ ရေအပြည့်ရှိနေသည်။

"ချိုးလေ အမေ"

ဒေါ်ဝိုင်းစိန်က ရေကို စည်ပိုင်းထဲမှ ခပ်ချိုးလိုက်သည်။

ဆပ်ပြာတိုက်တော့ အချစ်ကလေးက ကျောကိုတူပြီး ဆပ်ပြာတိုက်ပေးနေပြန်၏။

'ဩော်. . . လမင်းနဲ့တော့တွာပါ့။ ဒီမိန်းကလေးက အလိုက်သိ၊ လိမ်မာလွန်းပါလားတွယ်' လို့ ဒေါ်ဝိုင်းစိန်တွေးရင်း ရေအမြန်လောင်းချိုးလိုက်၏။





ဒေါ်ဝိုင်းစိန် ရေချိုးလျှင်မြန်သည်။

မရလဲထဘီကို အချစ်ကလေးက ကောက်ယူဆပ်ပြာတိုက်ကာ လျှော်ပေးနေသည်။

ဒေါ်ဝိုင်းစိန်ရေချိုးပြီးလိမ်းရန် သနပ်ခါးလည်း အဆင်သင့်သွေးပေးထား၏။

ထဘီလျှော်၍အနီးရှိကြိုးတန်းမှာလှန်းထားပြီး ရေစည်ပိုင်းကို ရေပြန်ဖြည့်ရန် ရေတွင်းမှရေငင်နေစဉ် နေမင်းက ခြံဝင်းထဲရောက်လာ၏။

နေမင်းတို့သားအဖနှင့် ဒေါ်ဝိုင်းစိန်တို့က ခြံဝင်းချင်းကပ်လျက် နေထိုင်ကြခြင်းဖြစ်သည်။

"ဟာ. . . ရေတွေခပ်နေတာလား။ ပင်ပန်းပါတယ်. . . ပေး. . . ကျွန်တော်ခပ်ပေးမယ်။ အချစ်ကလေးဖယ်ပါ"

အချစ်ကလေး ရေခပ်နေတာတွေ့၍ နေမင်းက ရေပုံးကိုဆွဲယူပြီးခပ်သည်။

"ရပါတယ် ကိုနေမင်းရဲ့။ သမီးခပ်ပါ့မယ်"

"မလုပ်ပါနဲ့သမီးရယ်။ အယ်. . . အချစ်ကလေး လက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



နာပါ့မယ်"

အချစ်ကလေး ဘာလုပ်လုပ်၊ နေမင်းရောက်လာပြီး အတင်းလုယူလုပ်ကိုင်တတ်သည်ချည်းမို့ အချစ်ကလေးအလျှော့ပေးလိုက်သည်။

"ထမင်းစားပြီးပြီလား။ ဒီနေ့ သမီးတို့အိမ်မှာ ဟင်းကောင်းတယ်၊ စားသွား"

ဒေါ်ဝိုင်းစိန် သနပ်ခါးလိမ်း၊ အဝတ်အစားဝတ်ပြီးချိန်တွင် အချစ်ကလေးက ထမင်းပွဲပြင်နေပြီ။

"နေမင်း ရေချိုးနေတာလား။ လာဟေ့. . . ထမင်းတစ်ခါတည်းစား။ ဒီနေ့ ငါးပုဏ္ဏားအိုးကပ်လေးနဲ့ မုန်လာဥချဉ်ရည်ဟင်းချက်တယ်။ ငါးပိထောင်းလည်းရှိတယ်"

ဒေါ်ဝိုင်းစိန်က ပြောလိုက်သည်။

"ချဉ်ရည်နဲ့ငါးပိထောင်းဆို ကျွန်တော်စားချင်တယ်"

ဒေါ်ဝိုင်းစိန်အိမ်မှာ စားသောက်စရာက ပေါလှသည်။

သွားဖွားဆရာမကြီးမို့ ရွာထဲကလူတွေရော၊ ရွာနီးချုပ်စပ်ကလူတွေပါ၊ စားဦးစားဖျား၊ ပေါ်ဦးပေါ်ဖျားသီးနှံတွေ လက်ဆောင်





လာပေးတတ်သည်။

ဒေါ်ဝိုင်းစိန်တစ်ယောက်တည်း စားမကုန်။

လမင်းနှင့်နေမင်းရှိ၍သာ အစားအသောက်တွေ လက်ကျန်မရှိဖြစ်နေတာပင်။

နေမင်းက သည်အိမ်မှာ ထမင်းစားနေကျ။

"ချဉ်ရည်ဟင်းလေးက မွှေးနေတာပဲ။ ခါတိုင်းချက်တာနဲ့ မတူဘူး"

ချဉ်ရည်ကို တစ်ဇွန်းပြီးတစ်ဇွန်းခပ်သောက်ရင်း နေမင်းပြောသည်။

"ဘယ်တူပါ့မလဲ. . . ချက်တဲ့လူပြောင်းတော့ လက်ရာလည်းပြောင်းတာပေါ့။ အချစ်ကလေးချက်တာ တို့လိုတောချက်မဟုတ်ဘူး"

ဒေါ်ဝိုင်းစိန်က ပြောသည်။

"လမင်းဆို ဟင်းချက်ပါပြီဆို အရမ်းပျင်းတာ။ စိတ်လည်းမရှည်ဘူး။ တူးလိုတူး၊ ကပ်လိုကပ်၊ သူ့ချက်ခိုင်းလို့ ဟင်းတွေလွှင့်ပစ်ရပေါင်းများပြီ။ အချစ်ကလေးကတော့ စိတ်ရှည်တယ်၊ လူ



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်လည်းရှိတယ်။ မုန်လာဥချဉ်ရည်က ငါးရံ့လေးနဲ့ချက်တာ။ ပြီးတော့ ရှမ်းနံ့နံ့လေးအုပ်ထားတော့ မွှေးနေတာပေါ့"

ဒေါ်ဝိုင်းစိန်ချီးကျူးစကားပြောနေတာကို အချစ်ကလေးက ရှက်ပြုံးလေးပြုံးပြီး မျက်လွှာချထားသည်။

ဟုတ်တော့လည်းဟုတ်သည်။

အချစ်ကလေး၏ချဉ်ရည်ဟင်းက ချိုချိုချဉ်ချဉ်မွှေးမွှေးလေးဖြစ်၍ သောက်လို့လည်းကောင်းသဖြင့် နေမင်း ချဉ်ရည်ဟင်းကို တစ်ငွန်းပြီးတစ်ငွန်းခပ်သောက်နေမိသည်။

ငါးပုဏ္ဏားအိုးကပ်လေးကလည်း ငရုတ်သီးစိမ်း၊ နံနံပင်အုပ်ပြီး စားချင်စဖွယ်ပင်။

ငါးပိထောင်းက ငရုတ်သီးစိမ်းမီးကင်ပြီး ကြက်သွန်ဖြူများများ၊ ပုစွန်ခြောက်နိုင်းချင်းနှင့် ထောင်းထားသဖြင့် ချိုစပ်မွှေးမွှေးကလေးဖြစ်ကာ ထမင်းပိုလို့စားဝင်အောင် တွန်းအားပေးနေလေသည်။

"မိန်းကလေးဆိုတာ အချက်အပြုတ်ကျွမ်းကျင်ရင် သူများမိန်းကလေးတွေထက် တစ်ပန်းသာတယ်။ လင်ချစ်ဆေးလည်းဖြစ်





တယ်။ အချစ်ကလေးရမယ့်ယောကျ်ားက ကံကောင်းမယ်ပော့"

နေမင်းက မြိန်မြိန်ယှက်ယှက်စားနေရင်းက အချစ်ကလေးရှက်ပြုံးသွေးဖြာနေပုံကို ငေးကြည့်မိသွား၏။

နေမင်းရင်တွေ လှုပ်ရှားနေသည်။

အချစ်ကလေးလည်း ရှက်သွေးဖြာရင်းက ရင်တွေဖိုနေမိ၏။

"အဖေက မနက်ဖြန်ခရီးသွားဦးမှာ ကြီးစိန်ရဲ့။ အဲဒါ ဒီမှာပဲကျွန်တော်ထမင်းလာစားရမှာ"

"အဲဒါထူးဆန်းသလား။ ဒီမှာအမြဲစားနေတာ"

"ပိုမချက်မှာစိုးလို့. . . ဟဲ. . . ဟဲ. . . ဟဲ"

"ကြားလား သမီး၊ ညည်းသည်က အားမနာတတ်ဘူး။ ပိုချက်"

"ကြီးစိန်ပြောတာနဲ့ စားရမှာရှက်တောင်ရှက်လာပြီ။ ဒါပေမဲ့ လျှော့လည်းမစားနိုင်ဘူး"

"အေးပါ၊ ဘယ်သူကလျှော့စားခိုင်းလို့လဲ။ စားပါ. . . အားရပါးရစားပါ"

ထမင်းစားပြီးသောအခါလည်း အချစ်ကလေးက ပန်းကန်တွေ အကုန်ဆေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းက သူ့ပန်းကန်ကိုမပေး။

"ပေးလေ ကိုမင်းရဲ့။ သမီးဆေးပါ့မယ်"

"ရတယ်။ ကျွန်တော်ဆေးမယ်"

"ဩော်. . . တစ်ပန်းကန်တည်းကိုများ"

နေမင်း ပန်းကန်ကိုဆွဲယူပြီးဆေးသည်။

ဆေးပြီးသားပန်းကန်တွေကို နေမင်းက ရေစစ်ပြီး ပန်းကန်စင်မှာမှောက်ပေးသည်။

"ပန်းကန်လေးတွေက ပြောင်လက်သွားတာပဲ"

"အေးလေ, အချစ်ကလေးက သေချာဆေးတာကိုး။ ခါတိုင်း အိမ်မှာထမင်းစားရင် လမင်းက ဆေးမပေးလို့ နေမင်း, သူ့ထမင်းပန်းကန် သူဆေးရတာ"

ထမင်းကျန်ဟင်းကျန်များရောနယ်ပြီး ဇလုံကြီးတစ်ခုနှင့် ခွေးတွေကိုထမင်းကျွေးရသေးသည်။

"ဟဲ့. . . ခွေးကျွေးစရာ ထမင်းကျန်သေးရဲ့လား"

"ဟာ. . . ကြီးစိန်ကလည်း"

နေမင်းရှက်သလိုပြောလိုက်ပြီး ထမင်းကျွေးရန်ပြင်ဆင်နေ





သောအချစ်ကလေးအနီး ထသွား၏။

"ပေး. . . ကျွန်တော်ကျွေးလိုက်မယ်"

ဒေါ်ဝိုင်းစိန်၏ခြံဝင်းထဲမှာရှိနေသော ညိုနှင့်ဖြူမအပြင်၊ အရပ်ထဲမှခွေးတွေကိုလည်း ထမင်းရှိရင်ရှိသလိုကျွေးရသေး၏။

"ခွေးတွေကိုကျွေးတာလည်း ယတြာတစ်မျိုးပဲ။ ဘာမှမရည်ရွယ်ဘဲ စေတနာနဲ့ကျွေးလည်း ကုသိုလ်ရတာပဲ"

ခြံဝင်းအပြင်မှာ အင်တုံကြီးတစ်ခုနှင့် ထမင်းကျန်ဟင်းကျန်များအပြင် ရေအင်တုံတစ်ခုပါထားပေး၏။

"လမင်းက ခွေးတွေချစ်ပေမယ့် ဒီလို အစာကိုဂရုတစိုက်မကျွေးဘူး။ အချစ်ကလေးကတော့ ခွေးကျွေးတာပေမယ့်ဖြစ်သလိုမကျွေးဘူး"

နေမင်းက ပြောသည်။

"ခွေးလည်းစားရင် အရသာရှိအောင် လုပ်ကျွေးရမှာပေါ့။ ရေသောက်လည်း သန့်သန့်ရှင်းရှင်းသောက်ရအောင်ဆေးပြီး ရေအသစ်ထည့်ပေးထားတာ"

"သူများအပေါ် စေတနာသန့်သန့်ထားတတ်လို့လည်း အချစ်



www.burmeseclassic.com

www.burmeseclassic.com

ကလေးက ဖြူဖြူစင်စင် လှလှပပလေးဖြစ်တာနေမှာ"

အချစ်ကလေး ဘာမှမပြောဘဲပြုံးနေသည်။

ထိုစဉ်ပင် စက်ဘီးတစ်စီး သူတို့အနီးမှဖြတ်သွား၏။

ဖိုးနီနှင့်သာဦးဖြစ်သည်။

"ဟာ! ဟိုကောင်မလေးရှိတယ်ကွ"

ဂျာ ဂျာ ဂျာ



အခန်း ( ၁၈ )

## အရှမ်း . . . အရှမ်းဆိုးတာ ဘယ်သူလဲ

"ဆရာမြ ရောက်လာပြီ ဒေါ်လေး"

ဥက္ကါက သူနှင့်အတူပါလာသော ပယောဂဆရာမြကို ဒေါ်ချိုရီနှင့်မိတ်ဆက်ပေး၏။

"ဪ . . . ဟုတ်ကဲ့, ကြွပါဆရာ။ ဒီမှာထိုင်ပါ"

ဆရာမြနှင့်အတူ တပည့်ဖြစ်သူမောင်ပွလည်း ပါလာသည်။

အိမ်ဦးခန်းရှိ ကုလားထိုင်တွင် ဆရာမြအား ထိုင်စေသည်။

ဆရာမြက အိမ်ကိုအကဲခတ်သလိုကြည့်၏။


www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကိုလည်း တရှုံ့ရှုံ့လုပ်ကာ တစ်စုံတစ်ရာအနံ့ကို ရှူရှိုက်မိဟန်တူ၏။

"မောင်ပွ, ဒီအိမ်ထဲဝင်လာကတည်းက တစ်ခုခုမထူးခြားဘူးလား"

တပည့်ဖြစ်သူအား မေး၏။

"ဟုတ်ကဲ့. . . ကျွန်တော်ကြက်သီးထသွားတယ်"

"အိမ်မှာတစ်ခုခုဖြစ်နေတယ်ကွယ့်။ ဘာအနံ့ရလဲ"

မောင်ပွ နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး. . .

"မွှစ်ချဉ်နံ့ရတယ်"

"ဟာ. . . မင်းကလည်း၊ အိမ်မသန့်ဘူးကွ။ မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်ကောင်ဝင်နေတယ်"

ဆရာတပည့်နှစ်ယောက်ပြောတာ နားထောင်ပြီး ဒေါ်ချိုရီ ထိတ်လန့်သွား၏။

ဆရာမြအတွက် ရေနွေးကြမ်းထည့်၍ ဒေါ်ချိုရီက ပေးလိုက်သည်။

"ခဏနားပါဦး ဆရာ"





ဆရာမြသည် အသားလတ်၍ ကိုယ်လုံးကသေးသည်။ မျက်ခုံး၊ မျက်ဖန်မှ ကုလားစပ်ဟန်တူ၏။

ဆံပင်အရှည်ကို သျှောင်တစောင်းထုံးထား၏။

ယောဂီရောင်အင်္ကျီနှင့် ယောဂီရောင်ပုဆိုးဝတ်ထားသည်။

သူ့တပည့်မောင်ပွမှာ အရုပ်ပုပြတ်ပြတ် ကိုယ်လုံးက ခပ်ဝဝ၊ အမည်းနှင့်ပုံသဏ္ဌာန်က လိုက်ဖက်သည်။

အသားက တော်တော်ညိုသည်။

"ဘယ်မှာလဲ၊ မောင်ဥက္ကါပြောတဲ့သူငယ်မလေး"

"ဟုတ်ကဲ့. . . ခေါ်လိုက်ပါ့မယ်။ ဆရာအကဲခတ်ကြည့်ပါ"

ထိုစဉ်ပင် လမင်း လှေကားမှဆင်းလာ၏။

"သူပဲ. . . သူပဲ၊ လာနေပြီ"

ဒေါ်ချိုရီ ခပ်တိုးတိုးပြောလိုက်သည်။

ချိုသဲဦး၏ဂျင်းဘောင်းဘီနှင့်ဟီရှပ်ကိုဝတ်ဆင်၍ လမင်းသည် ခွေးရုပ်တစ်ရုပ်ကိုလည်းပိုက်ထား၏။

"ဟင်း. . . သူ့အဝတ် သူမဝတ်တော့ဘူး။ ငါ့သမီးအဝတ်အစားတွေနဲ့ကောင်းစားနေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုရီ မကြားတကြားပြောလိုက်၏။

သူမအား စူးစမ်းစွာကြည့်နေပါသော ဆရာမြနှင့်မောင်ပွကို လည်း လမင်းက မယုံသင်္ကာမကင်းဟန်ဖြင့်ပြန်ကြည့်လိုက်၏။

ညည့်ခန်းကိုဖြတ်၍ ထမင်းစားခန်းထဲသို့ဝင်၏။

"ဟော့. . . ကောင်မလေး, ဒီကိုလာဦး"

ဆရာမြက ခေါ်လိုက်သည်။

လမင်းက မကြားသလိုလုပ်နေ၏။

"ဟဲ့. . . အချစ်ကလေး ခေါ်နေတာကြားလား။ ဒီမှာ ဆရာ ခေါ်နေတယ်လေ"

ဒေါ်ချိုရီ အော်ငေါက်သလိုပြောလိုက်မှ လမင်း ဆတ်ခနဲ လှည့်ကြည့်သည်။

"ကျွန်တော့်ကိုခေါ်တာလား၊ ဪ. . . ဒါက ဆရာလား၊ ဘာဆရာလဲ။ ကျွန်တော်မသိဘူး"

ဆရာမြက ခေါင်းတညိတ်ညိတ်လုပ်ပြီး သူ့ရှေ့မှာထိုင်ရန် ပြောသည်။

"လာ. . . ဒီမှာထိုင်"





"ဟုတ်"

လမင်းက ဘာဆရာမှန်းမသိ၍ ဆရာမြရှေ့က ကြိမ်ဆက်တီ ခုံမှာ ထိုင်လိုက်သည်။

"နာမည်က အချစ်ကလေးတဲ့လား"

"လမင်းလို့လည်းခေါ်တယ်"

လမင်း ခပ်တည်တည်ဖြေသည်။

"လူကြီးမေးတာ ကောင်းကောင်းဖြေလေ"

ဥက္ကါက အော်လိုက်သည်။

"ဒါ. . . လူကြီးလား။ နွားဘူးရုပ်ကြီး"

"တယ်! ရိုင်းလိုက်တာ စကားပြောပုံက၊ ရှိရိုသေသေထိုင်ပြီး ရှိခိုးစမ်း"

"ဟာ. . . ဘုန်းကြီးမှမဟုတ်ဘဲ"

"တွေ့လား. . . ဆရာ။ စကားမပြောဟာက မာဆတ်ဆတ်နဲ့။ ထောင့်မကျိုးဘူး"

ဥက္ကါက ပြောသည်။

"ထောင့်မကျိုးတာ ခင်ဗျား။ မနက်ကပန်းပင်တွေရေလောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်းထားတာ မလောင်းဘဲ ထွက်သွားတာမဟုတ်လား။ သူများ အိမ်လာနေပြီး ဒီလိုအခန့်သားနေလို့မရဘူး။ ခုလည်း. . . ရှုပ်ရှုပ် ယှက်ယှက် ဘယ်ကဆရာတွေခေါ်လာတာလဲ။ ဆရာကလည်း လေးစားစရာရှုပ်မရှိ။ ဟို. . . အရှူးဆာမိကမှ သားနားသေး"

"ဘာတွေလျှောက်ပြောနေတာလဲ"

"ကဲ. . . ကဲ. . . ဒီကလေးမ အမှောင့်ပယောဂကူ ပေါ့သေး သေးဝင်တာမဟုတ်ဘူး။ မောင်ပွ ဖယောင်းတိုင်ထုတ်စမ်း"

မောင်ပွက လွယ်အိတ်ကြီးထဲက ဖယောင်းတိုင်တစ်တိုင် ထုတ်လိုက်သည်။

ပြီးတော့ မီးညှိ၍ စားပွဲပေါ်မှာထွန်းလိုက်၏။

"ကောင်မလေး. . . ဖယောင်းတိုင်ကိုကြည့်စမ်း"

ဆရာမြ အမိန့်ပေးသလိုပြောလိုက်သည်။

လမင်းက ဖယောင်းတိုင်ကိုကြည့်ပြီး ပါးစပ်ဖြင့် လေမှုတ် လိုက်၏။

ဖယောင်းတိုင် မီးငြိမ်းသွားသည်။

"ဘာလုပ်တာလဲ. . . ဒါ"

ရွှေပဒေသာစာပေ



"စားပွဲပေါ် ဖယောင်းတိုင်ထွန်းထားရလား။ မီးလောင်ကုန် မယ်။ စားပွဲလည်း ပျက်စီးမယ်။ တစ်ခုခု ခံထွန်းလေ"

ဆရာမြက ဘာမှမပြောဘဲ လမင်းအား စူးစူးရဲရဲစိုက်ကြည့် ၏။

ဘာကြောက်ရမှာတုန်း။ လမင်းကလည်း ဆရာမြကိုပြန်၍ စိုက်ကြည့်၏။

"နင် မှန်မှန်ပြောစမ်း။ ဘယ်ကလာတာလဲ"

"ငါ ဒီအိမ်ကလေ"

"ဒါ အချစ်ကလေး မဟုတ်ဘူး။ သူ့ကို တစ်ကောင်ကောင် ပူးကပ်နေတာ။ ငါဆရာကို ဒီလိုကြည့်မနေနဲ့။ ဆရာမြတဲ့၊ အပွဲပွဲ နွှဲလာခဲ့တာ"

ဒေါသဖြင့် မာမာထန်ထန်လေးပြောလိုက်သောအခါ လမင်း ဟက်ဟက်ပက်ပက်ရယ်ချလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

လမင်းကရယ်လေ၊ ဒေါ်ချိုရီတို့ ကြောက်လန့်လေဖြစ်သည်။ သူတို့ကြောက်မှန်းသိ၍ လမင်းက ပိုပြီးအော်ရယ်လိုက်၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမြတဲ့. . . ဟုတ်လား။ အပွဲပွဲ နွဲလာခဲ့တယ်။ ဘာပွဲတွေ နွဲလာခဲ့တာလဲ။ အစွမ်းအစ ဘယ်လောက်ရှိလဲ၊ ပြစမ်းပါဦး။ ဆရာမြ ဘာတွေစွမ်းသလဲကြည့်ရအောင်. . . ဟား. . . ဟား. . . ဟား. . . ဟား"

ဆရာမြ၏မျက်နှာ ပို၍တင်းမာခက်ထန်သွားသည်။

"ဘိတ်စမ်း. . . ရယ်မနေနဲ့။ နင့်လိုပါးမွှားလေး မပြောနဲ့။ နှစ်ပေါင်းတစ်ထောင် သက်ဆိုးရှည်နေတဲ့မိစ္ဆာကောင်တွေ၊ ပြိတ္တာကောင်တွေတောင် ငါ့လက်ထဲမှာ အမှုန့်ဖြစ်အောင်လုပ်ခဲ့တာ"

"မိစ္ဆာနဲ့ပြိတ္တာဟာ ညီအစ်ကိုတွေလား။ ဟား. . . ဟား. . . ဟား. . . ဟား"

"ရယ်မနေနဲ့. . . နင်ဘယ်သူလဲ"

"မမေးနဲ့၊ ကိုယ့်ဖာသာသိအောင်လုပ်။ အစွမ်းရှိတယ်ဆို"

"ဟဲ့. . . ကောင်မလေး။ ဆရာကို တစ်ခွန်းမကျန် ပြန်ခံပြောနေတာလား။ နင်ဘယ်သူလဲဆိုတာမပြောရင် ပြောအောင်လုပ်တဲ့နည်းရှိတယ်"

တပည့်ဖြစ်သူမောင်ပွကာ ပြောလိုက်သည်။





"လုပ်လေ။ ငါမပြောဘဲ ငါဘယ်သူလဲဆိုတာ သိမယ်ဆိုရင်၊ ငှဲ. . . ငှဲ. . . ငှဲ. . . ငှဲ. . . နာဘယ်သူလဲပြောလေ၊ နာဘယ်သူလဲ . . . နာဘယ်သူလဲ"

စကားကို မပီကလာလုပ်၍ ချွဲချွဲနွဲ့နွဲ့ပြောလိုက်ရာ မောင်ပွကာ သူ့ဆရာအနီးကပ်ပြီး တိုးတိုးပြောလိုက်သည်။

"မမနဲ့ဝင်တာနဲ့တူတယ်"

"ဟာ. . . မဟုတ်တာ"

လမင်းသည် ရွာထဲကနတ်ပွဲတွေ သွားရောက်ကြည့်ရှုဖူးရာ နတ်ကတော်များကသလို ခန္ဓာကိုယ်အား ရှေ့နောက်ယိမ်းထိုးပြီး တဟားဟားအော်ရယ်နေရာ ဆရာမြမှာလည်း ဘာလုပ်ရမှန်းမသိ ကြောင်သွားလေသည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

"နာ့ကိုဘယ်သူမှန်း မှန်အောင်ပြောလည်း ပြောနိုင်ဘဲနဲ့။ ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ဟိုး. . . ဟိုး. . . ဟိုး. . . ဟိုး. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဟဲ . . . ဟဲ . . . ဟဲ. . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ. . . ပိုပြီးဆိုးလာပြီ"

ဒေါ်ချိုရီက ခပ်ဝေးဝေးမှာသွားထိုင်ပြီး ကြောက်နေ၏။

"ဟော့. . . ငါ့ကိုများ သွေးတိုးစမ်းနေတာလား၊ တိုင်းစမ်း"

"မတိုင်နိုင်ဘူး၊ ရယ်စရာကောင်းလွန်းလို့၊ သွေးတိုးစမ်းဂု အောင် ငါက ဆရာဝန်မဟုတ်ဘူး။ အခု ငါဘယ်သူလဲဆိုတာ နင် မပြောနိုင်ဘူးမဟုတ်လား။ ဆရာလိမ်၊ ဆရာညာ၊ ဆရာတုရဲ့"

ဆရာမြ ပို၍ဒေါသထွက်သွား၏။

"ဟော့. . . စကြာရောင်ကြာပွတ်ထုတ်လိုက်စမ်း မောင်ပွ။ သင်းက ချိုချိုသာသာပြောလို့မရဘူး"

မောင်ပွက လွယ်အိတ်ကြီးထဲမှကြာပွတ်ကို ဆွဲယူထုတ်ပေး ၏။

"ဒါကဘာလဲ. . . မြင်းလှည်းမောင်းတဲ့ဟာလား။ အလုပ်မရှိ တဲ့အခါ မြင်းလှည်းမောင်းစားတာကိုး. . . ဟိုးဟိုး"

လမင်းက ခါးနှစ်ဖက်ထောက်ရပ်ပြီး သရော်တော်တော် ပြောလိုက်သည်။

"အေး. . . ရယ်နေ. . . ရယ်နေပါ။ ပမာမခန့်လုပ်တဲ့ဟာမ။





ကဲ. . ."

ဆရာမြ ကြာပွတ်ကိုဝှေ့ယမ်းပြီး ရိုက်ချလိုက်သည်။

"အမယ်လေး"

ဒေါ်ချိုရီအော်ရင်း မျက်စိပင်မှိတ်လိုက်မိသည်။

မီးဖိုခန်းထဲမှ ဒေါ်ရွှေတင့်လည်း ဆူဆူညံညံအသံများကြား ၍ထွက်လာပြီး ကြာပွတ်နှင့်ရိုက်တာမြင်သဖြင့် အထိတ်တလန့်ဖြစ် ကာ ရင်ဘတ်ကိုပင် လက်ဝါးနှင့်ဖိထားသည်။

သို့သော်. . . ထင်သလိုမဖြစ်။

လမင်းက တစ်ဖက်သို့ ခန္ဓာကိုယ်ကို ဝှေ့ရှောင်ပြီး ကြာပွတ် ကိုလှမ်းဆွဲလိုက်ရာ ဆရာမြပင် ရှေ့သို့ယိုင်လဲသွား၏။

"လွှတ်စမ်း. . . ဒါဘာလုပ်တာလဲ။ မပိုင်ရင်မလုပ်နဲ့"

နောက်တစ်ကြိမ် ကြိုးမှနေ၍ ကြာပွတ်ကိုဆောင့်ဆွဲလိုက်ရာ ဆရာမြသည် မှောက်လျက်အနေအထားမှ ကြိုးကိုလွှတ်ပေးလိုက် ရသည်။

မောင်ပွက ဆရာမြအားဆွဲထူသည်။

ကြာပွတ်က လမင်းလက်ထဲရောက်သွားပြီဖြစ်ရာ၊ လမင်း



www.burmeseclassic.com

www.burmeseclassic.com

သည့် ကြာပွတ်ကြီးကို လေထဲမှာဝှေ့ယမ်းလိုက်၏။

"ဟင်း. . . ဒီကြာပွတ်က ဆရာတွေကိုင်တာမဟုတ်ဘူး။ မြင်းလှည်းမောင်းမှ ကြာပွတ်ကိုင်ရတာ။ ကဲ. . . ဆရာလိမ်၊ ဆရာတုကို သူ့ကြာပွတ်နဲ့ပြန်ဆုံးမရမယ်"

"ရွှမ်း"

"အမယ်လေး! "

"ရွှမ်း"

"အမယ်လေး. . . သေပါပြီဗျ"

"ဟော့. . . ဟော့. . . မလုပ်နဲ့"

"ဆွဲတဲ့သူလည်း ရိုက်မယ်နော်"

"ရွှမ်း"

"ဟဲ့. . . ဟဲ့. . . မဆွဲနဲ့တဲ့။ ပြေး. . . ပြေး"

"အမယ်လေး. . . သေပါပြီ"

ဆရာမြနှင့်မောင်ပွတို့ ဝရုန်းသုန်းကား ထွက်ပြေးကြလေသည်။

လမင်းက ကြာပွတ်ကြီးဝှေ့ယမ်း၍ နောက်ကလိုက်ရိုက်နေ





လေသည်။

ဒေါ်ချိုရီမှာ အရိုက်ခံရမှာ ကြောက်လွန်းသဖြင့် တံခါးကြားသို့ ဝင်ပြေးပုန်းနေသည်။

ဥက္ကါမှာလည်းပြေးရကောင်းနိုး၊ ဝင်ဆွဲရကောင်းနိုးလုပ်ရင်းမှ အိမ်ပေါ်တက်သည့်လှေကားပေါ်တက်ပြီး ရှောင်နေလိုက်၏။

ထိုစဉ်ခြံဝင်းထဲသို့ ကားတစ်စီးဝင်လာပြီး အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်သွားသည်။

အရှေ့မှ အညိုရောင်ဝတ်ထားသော လူကြီးတစ်ယောက်ကပြေး၊ နောက်က ဂျင်းဘောင်းဘီဝတ်ထားသောကောင်မလေးက ကြာပွတ်ကြီးနှင့်လိုက်ရိုက်နေတာကိုတွေ့လိုက်ရတော့ ရုတ်တရက်ဘာတွေဖြစ်နေတာလဲဆိုတာ တွေးပြီးလန့်သွား၏။

လမင်းက ကြာပွတ်ကိုပြန်သိမ်း၍ အိမ်ထဲဝင်လာသည်။

ဧည့်ခန်းထဲမှာ ဒေါ်ချိုရီနှင့်စကားပြောနေသော ကျော်ဇေဝဏ္ဏကိုတွေ့တော့ ဘယ်မှာမြင်ဖူးပါလိမ့်ဟုစဉ်းစားမိပြီး ရင်ထဲမှာလှုပ်ရှားထိတ်လန့်သွား၏။

ကျော်ဇေဝဏ္ဏကလည်း လမင်းအား သေချာပြုံးကြည့်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမှတ်မိသွား၏။

ဆံပင်အတို၊ ဘောင်းဘီရှည်နှင့် ခပ်မိုက်မိုက်ပုံစံကောင်မလေးသည် မကြာသေးမီကပင် ကျော်ဇေဝဏ္ဏအား လူဆိုးများလက်က ကယ်တင်ပေးခဲ့သည့် ကူညီပေးခဲ့သည့်ကောင်မလေးမဟုတ်ပါလား။

ထိုစဉ်က ရှပ်အင်္ကျီအနီကွက်လက်ရှည်ကို တံတောင်ဆစ်အထက်မှာခေါက်ပြီး ဂျင်းဘောင်းဘီနက်ပြာရောင်ဝတ်ထားသည့် သည်မိန်းကလေးပုံစံကို သူမမေ့နိုင်ခဲ့ပါပေ။

ဒေါ်ချိုရီက ငြိမ်ငြိမ်သက်သက်ဖြစ်သွားသော လမင်းအား မဝံ့မရဲကြည့်ပြီး ကျော်ဇေဝဏ္ဏအနီးမှာထိုင်လိုက်သည်။

"အဲဒါပဲကြည့်တော့။ သူ့စိတ်တွေဟာ ပုံမှန်မဟုတ်ဘူး။ တစ်ခုခုဖြစ်နေတယ်မထင်ဘူးလား"

ကျော်ဇေဝဏ္ဏသည် လမင်းအား အံ့ဩတွေဝေဟန်မှုပြုံး၍ ကြည့်နေပုံမှာ လမင်းရင်ထဲ မလုံမလဲ ရှိုးတိုးရှန့်တန့်ဖြစ်စေလေသည်။

လမင်းသည် ကြာပွတ်ကိုအသာအယာချပြီး အိမ်ပေါ်သို့





ပြေးတက်သွား၏။

ကျော်ဇေဝဏ္ဏကတော့ လမင်းနောက်သို့လိုက်၍ ကြည့်နေလေသည်။

"သူ့ကို သရဲပူးနေတာ"

ဒေါ်ချိုရီကပြောသည်။

"မဖြစ်နိုင်ပါဘူး"

"သရဲမဟုတ်လည်း မကောင်းဆိုးဝါးတစ်ကောင်ကောင် ပူးနေတာ။ သူအရင်က ဒီလိုမှမဟုတ်ဘဲ"

"အဲဒါ ပယောဂဆရာပဲ။ သူက ကြာပွတ်နဲ့လိုက်ရိုက်တယ်ဆိုတော့ တော်တော်ကြမ်းတဲ့သရဲပဲ"

ဥက္ကါက ဝင်ပြောသည်။

"ဒါတွေ ကျွန်တော်တော့ မယုံဘူး၊ သဘာဝလည်းမကျဘူး။ သူက အချစ်ကလေးမဖြစ်နိုင်ဘူး။ တစ်ခုခုမှားနေပြီထင်တယ်"

ထိုစဉ် ဦးရာကျော်လည်း ရောက်လာသည်။

"ဩော်. . . ညီသည်ရောက်နေတာကိုး။ ဘာတွေဖြစ်ကြလဲ။ တစ်အိမ်လုံးရှုပ်ပွနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကလေး သောင်းကျန်းနေတာလေ"

"ဆရာခေါ်လာမယ်ဆို. . . ဥက္ကါ ဆရာသွားရှာတယ်မဟုတ်လား"

"ဆရာမြကိုခေါ်လာခဲ့တာ၊ ဟောဒီကြာပွတ်နဲ့လိုက်ရိုက်လို့ ထွက်ပြေးပြီ။ ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး။ ခက်တော့တာပဲ"

ဒေါ်ချိုရီ တကယ်ပင်စိတ်ညစ်နေသည်။

"ဘယ်လိုဘယ်အချိန်ကစပြီး အဲလိုဖြစ်သွားဟာလဲ"

ဒေါ်ချိုရီက ဥက္ကါနှင့် အချစ်ကလေးဖြစ်ပျက်သည့်အကြောင်းကိုချန်လှပ်၍ အချစ်ကလေး အိမ်ကထွက်သွားပြီး ပြန်လာသည်နှင့် ဤကဲ့သို့သောင်းကျန်းနေကြောင်းပြောပြသည်။

"ကျွန်တော် သူနဲ့စကားပြောကြည့်ချင်သေးတယ်"

"အပေါ်တက်သွားလေ၊ သတိတော့ထား၊ သူ့ကကြမ်းတယ်။ စိတ်မမှန်ဘူး"

ကျော်ဇေယျာ အိမ်ပေါ်သို့တက်လာ၏။

အိမ်ပေါ်သို့ လှေကားမှတက်တက်ချင်း ဘုရားခန်းကိုတွေ့ရ၏။





ဘုရားခန်းသည် ကျယ်ဝန်းသန့်ရှင်း၍ လင်းနေ၏။

အိမ်ကြီး၏ဆင်ဝင်ထက်မှာ ဘုရားခန်းထားရှိခြင်းဖြစ်သည်။

အပေါ်မှာလည်း ဆိုဖာဆက်တီတစ်စုံထားရှိ၏။

ထိုဆိုဖာဆက်တီပေါ်မှာ လမင်းထိုင်နေသည်။

လှေကားမှခြေသံကြား၍ကြည့်လိုက်သည်နှင့် ကျော်ဇေယျာကိုတွေ့ရ၏။

ကျော်ဇေယျာက ပြုံးပြလိုက်သော်လည်း လမင်းက မပြုံးနိုင်မရယ်နိုင်ဖြစ်နေသည်။

"မှတ်မိတယ်မဟုတ်လား။ ကိုယ်ကတော့ မင်းကိုမမေ့နိုင်ဘူး။ ခဏခဏသတိရနေတယ်"

လမင်း မျက်စောင်းထိုးလိုက်သည်။

"မင်း. . . အချစ်ကလေးမဟုတ်ပါဘူး"

လမင်း၏အနီးမှာထိုင်၍ ပြောလိုက်သည်။

"သရဲပူးတယ်လို့ထင်အောင်လုပ်နေတာ ဘာရည်ရွယ်ချက်နဲ့လဲ။ အချစ်ကလေးရော ဘယ်ရောက်နေလဲ။ ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင် ကိုယ်အတတ်နိုင်ဆုံး မင်းဘက်နေ ကူညီပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကလေး သောင်းကျန်းနေတာလေ"

"ဆရာခေါ် လာမယ်ဆို. . . ဥက္ကါ ဆရာသွားရှာတယ်မဟုတ်လား"

"ဆရာမြကိုခေါ် လာခဲ့တာ၊ ဟောဒီကြာပွတ်နဲ့လိုက်ရိုက်လို့ ထွက်ပြေးပြီ။ ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး။ ခက်တော့တာပဲ"

ဒေါ်ချိုရီ တကယ်ပင်စိတ်ညစ်နေသည်။

"ဘယ်လိုဘယ်အချိန်ကစပြီး အဲလိုဖြစ်သွားဟာလဲ"

ဒေါ်ချိုရီက ဥက္ကါနှင့် အချစ်ကလေးဖြစ်ပျက်သည့်အကြောင်းကိုချန်လှပ်၍ အချစ်ကလေး အိမ်ကထွက်သွားပြီး ပြန်လာသည်နှင့် ဤကဲ့သို့သောင်းကျန်းနေကြောင်းပြောပြသည်။

"ကျွန်တော် သူနဲ့စကားပြောကြည့်ချင်သေးတယ်"

"အပေါ်တက်သွားလေ၊ သတိတော့ထား၊ သူ့ကကြမ်းတယ်။ စိတ်မမှန်ဘူး"

ကျော်ဇေဝဏ္ဏ အိမ်ပေါ်သို့တက်လာ၏။

အိမ်ပေါ်သို့ လှေကားမှတက်တက်ချင်း ဘုရားခန်းကိုတွေ့ရ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com



ဘုရားခန်းသည် ကျယ်ဝန်းသန့်ရှင်း၍ လင်းနေ၏။

အိမ်ကြီး၏ဆင်ဝင်ထက်မှာ ဘုရားခန်းထားရှိခြင်းဖြစ်သည်။

အပေါ်မှာလည်း ဆိုဖာဆက်တီတစ်စုံထားရှိ၏။

ထိုဆိုဖာဆက်တီပေါ်မှာ လမင်းထိုင်နေသည်။

လှေကားမှခြေသံကြား၍ကြည့်လိုက်သည်နှင့် ကျော်ဇေဝဏ္ဏကိုတွေ့ရ၏။

ကျော်ဇေဝဏ္ဏက ပြုံးပြလိုက်သော်လည်း လမင်းက မပြုံးနိုင်မရယ်နိုင်ဖြစ်နေသည်။

"မှတ်မိတယ်မဟုတ်လား။ ကိုယ်ကတော့ မင်းကိုမမေ့နိုင်ဘူး။ ခဏခဏသတိရနေတယ်"

လမင်း မျက်စောင်းထိုးလိုက်သည်။

"မင်း. . . အချစ်ကလေးမဟုတ်ပါဘူး"

လမင်း၏အနီးမှာထိုင်၍ ပြောလိုက်သည်။

"သရဲပူးတယ်လို့ထင်အောင်လုပ်နေတာ ဘာရည်ရွယ်ချက်နဲ့လဲ။ အချစ်ကလေးရော ဘယ်ရောက်နေလဲ။ ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုရင် ကိုယ်အတတ်နိုင်ဆုံး မင်းဘက်နေ ကူညီပေးမယ်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ကိုယ့်ကိုအကူအညီပေးခဲ့ဖူးတာပဲလေ။ မင်း လူကောင်း ဆိုတာ ကိုယ်သိပါတယ်"

လမင်းတွေဝေသွား၏။

ကျော်ဇေဝဏ္ဏ၏ရုပ်သွင်ပြင်က မွန်ရည်သန့်ပြန့်ပြီး ကျက်သရေရှိသည်။

အသံသြဇာကလည်း ကောင်းသည်။ စကားပြောပုံကလည်း ကြင်နာဟန်ဖြင့် ပြတ်သားသည်။

ဥက္ကါတို့ဒေါ်ချိုရီတို့လို မကောင်းတာ ပြောဆိုလုပ်ကြံမည့်ပုံ မပေါ်။

ကျော်ဇေဝဏ္ဏကို ယုံကြည်နိုင်သည်။

ဒါပေမဲ့. . . ပြောလို့မဖြစ်။

"ဒီအိမ်က အချစ်ကလေးကိုလည်း ရှာရမယ့်တာဝန် ကိုယ့်မှာရှိတယ်။ မင်းဒုက္ခမရောက်ရအောင်လည်း ကိုယ်ကာကွယ်ပေးမယ်"

လမင်း ရှေ့သို့တည့်တည့်စူးစိုက်ကြည့်နေ၏။

ဘာပဲဖြစ်ဖြစ်လေ၊ ဒီလူ့ကိုယုံကြည်ကြည့်လိုက်မယ်။





"ကျွန်တော့်နာမည်က လမင်း။ ဒီကအစ်ကို့ကို ကျွန်တော် ဝင်ကူညီလိုက်တော့ ဖိုးနီတို့က အငြိုးထားတယ်လေ။ သူတို့ဆရာ လက်ကောက်မောင်မောင်ကိုသွားတိုင်တော့ ကျွန်တော့်ကိုရန်ရှာဖို့ အိမ်နားမှာလာစောင့်နေတယ်။ ကျွန်တော်တစ်ယောက်တည်းတော့ သူတို့အုပ်စုကို နိုင်မှာမဟုတ်ဘူး။ သူတို့က ဆိုးခိုးတိုက်ခိုက်နေတဲ့လူဆိုးအဖွဲ့။ ဒါကြောင့် ကျွန်တော်ထွက်ပြေးလာတာ။ လမ်းမှာ ကျွန်တော့်ကို ဒီအိမ်က ကိုဥက္ကါနဲ့ဒေါ်ချိုရီဆိုတဲ့အဒေါ်ကြီးက အချစ်ကလေးပါဆိုပြီး အတင်းခေါ်လာတာ"

"ဩော်. . . ဒီလိုကိုး"

"ပြီးတော့. . . ဟိုခိုင်းဒီခိုင်းနဲ့အနိုင်ကျင့်ချင်တာ။ ကျွန်တော်က လုံးဝမခံဘူး။ အချစ်ကလေး ဒီကထွက်ပြေးရတာ သူတို့ဒဏ်မခံနိုင်လို့ထွက်ပြေးရတာဆိုတာ မေမေတင့်ပြောပြထားတာ။ ကျွန်တော်က အချစ်ကလေးမဟုတ်တော့ လုံးဝသည်းမခံဘူး။ သူတို့ထက် နှစ်ဆသုံးဆပိုပြီးဆိုးပြလိုက်တာ။ သူတို့က သရဲပူးတာဆိုပြီး ပယောဂဆရာခေါ်လာတယ်။ ဆရာလိမ်၊ ဆရာညာဆိုတော့ သူတို့ ခံပြောတယ်ဆိုပြီး. . . ကြာပွတ်နဲ့ကျွန်တော့်ကိုရိုက်ဖို့လုပ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘယ်ခံမလဲ၊ သူ့ကိုပြန်ရိုက်တာ။ အမယ်လေးအဘ လေးတပြီးထွက်ပြေးတာ တန်းနေတာပဲ"

ပြောရင်း လမင်းရယ်သည်။

ကလေးဆန်၍သွက်လက်သော လမင်း၏အမူအရာလေးများကို ချစ်စရာကောင်းသည်ဟုတွေးရင်း ငေးကြည့်နေမိသည်။

"ဒါဆို လမင်းမှာ အပြစ်မရှိပါဘူး။ ကိုယ့်ကိုကူညီလို့ ဒီလိုဖြစ်တယ်ဆိုလည်း စိတ်မကောင်းပါဘူး။ ဒီအတိုင်းပဲ ဆက်နေလိုက်ဦး။ အချစ်ကလေးကိုရှာလိုက်ဦးမယ်"

ကျော်ဇေယျာ အောက်သို့ပြန်ဆင်းလာခဲ့သည်။

ဒေါ်ရွှေတင့်က ထမင်းပွဲပြင်နေသည်။

"ထမင်းစားသွားပါဦး။ ဒေါ်ချိုရီက ထမင်းကျွေးလိုက်ပါလို့မှာသွားတယ်။ သူတို့အပြင်ခဏသွားတယ်။ ဆရာတစ်ယောက်ရောက်နေတယ်ဆိုလို့လိုက်သွားကြတာ"

ဒေါ်ရွှေတင့်က ပြောသည်။

"ကြီးကြီးက ဒီမှာနေတာကြာပြီ။ ဒီက အိမ်သားလိုဖြစ်နေပြီဆိုတော့ အချစ်ကလေးအကြောင်းအကုန်သိမှာပဲ"





"ဘာများမေးချင်လို့ပါလဲ။ အချစ်ကလေးက ဘာဖြစ်နေလဲဟင်"

"ဒီအိမ်မှာရောက်နေတာ အချစ်ကလေးမဟုတ်ဘူးဆိုရင်ကော"

သွေးတိုးစမ်း၍ မေးကြည့်လိုက်သည်။

"ရှင်! ဒါအချစ်ကလေးမဟုတ်ဘူးလား"

ဒေါ်ရွှေတင့် အံ့အားသင့်စွာဖြင့်မေး၏။

"ဖေဖေပြောလို့ ခဏခဏကြားဖူးနေတာ။ အချစ်ကလေးမှာ အမွှာညီမရှိတယ်ဆို"

"ဟုတ်တယ်။ ဒါပေမဲ့. . . ဆုံးသွားပြီကော"

"အဲဒါသေချာလို့လား။ ကားအက်ဆီးဒင့်ဖြစ်ပြီး လင်မယားနှစ်ယောက်စလုံးဆုံးတယ်။ ကလေးတစ်ယောက်အသက်ရှင်လျက်တွေ့တယ်ဆိုရင် နောက်တစ်ယောက်ကရော"

ဒေါ်ရွှေတင့် ပို၍အံ့အားသင့်စွာဖြင့် တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေသည်။

"ကလေးတစ်ယောက်ပဲအသက်ရှင်တယ်လို့ကြားရပြီး အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုစောင့်ရှောက်ရတာပါကွယ်။ အလောင်းတွေဘာတွေလည်း မြင်ရတာမဟုတ်ဘူး။ ဖြစ်နိုင်တာပေါ့။ နောက်တစ်ယောက်ဘယ်ရောက်နေလဲ"

"အိမ်မှာရှိတဲ့တစ်ယောက်က အချစ်ကလေးမဟုတ်ဘဲ၊ သူနဲ့တူတဲ့ သူ့အမြွှာညီမဆိုရင်ကော"

ဒေါ်ရွှေတင့် မျက်ခုံးများတွန့်၍စဉ်းစားနေသည်။

"သူတို့လူမှားပြီးခေါ်လာတာ။ အချစ်ကလေးမဟုတ်ဘူး"

"ဟောတော်"

ဒေါ်ရွှေတင့်လိုပင် ထမင်းစားခန်းပြင်ပမှနေ၍ ချောင်းပြီးနားထောင်ရင်း ရင်ဘတ်ကိုလက်နှင့်ဖိကာ အံ့ဩနေသူတစ်ယောက်ရှိသည်။

သူကတော့ ကျူရှင်မှပြန်လာပြီး အိမ်ထဲသို့တိတ်တိတ်လေးဝင်လာသည့်ချိုသဲဦးဖြစ်သည်။

ဂျူ ဂျူ ဂျူ



အခန်း ( ၁၉ )

## အချစ်အတွက် ကိုယ်စွန့်စားမယ်

"ဟော့! နေမင်း, လာဦး"

"ဗျာ"

ဖိုးနီနှင့်ဖန်ကတုံးက ခေါ်လိုက်သည်။

"မင်းအိမ်မှာ လမင်းရှိနေတယ်မဟုတ်လား"

"ရှိတယ်၊ ဘာလုပ်မလို့လဲ"

"ခေါ်လိုက်စမ်း"

ခြံတွင်းသို့ နေမင်းလှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကလေး အဝတ်တွေလှန်းနေသည်။

"သူ. . . လမင်းမဟုတ်ဘူး"

အချစ်ကလေးက လှည့်မကြည့်။

"ဖယ်စမ်းပါ။ ခေါ်မနေနဲ့ဟ"

ဖိုးနီက နေမင်းကိုတွန်းဖယ်ပြီး ခြံထဲဝင်သွား၏။

"လမင်း ခဏလိုက်ခဲ့ဦး"

"ရှင်! "

အချစ်ကလေး ထိတ်လန့်အံ့ဩသွား၏။

ဘယ်သူတွေက ဘာလုပ်ဖို့လာခေါ်နေတာလဲ။

"ငါတို့ဆရာကြီးက နင့်ကိုဆုံးမဖို့ခေါ်တာ"

"ဟင်. . . ဆရာကြီးက ဘာဆရာကြီးလဲ။ သမီးမသိဘူး"

"ဟိုနေ့က နင်လုပ်သွားတဲ့ကိစ္စလေ"

"ကျွန်မဘာလုပ်လို့လဲ"

"ရှုးကြောင်သလို လုပ်မနေပါနဲ့။ လာစမ်းပါ။ လိုက်ခဲ့ဖို့ပဲ အရေးကြီးတယ်"

"မလိုက်ဘူး၊ ဘာလုပ်ဖို့ လိုက်ရမှာလဲ။ ရှင်တို့ဆရာကြီးကို





လည်းမသိဘူး။ မလိုက်ဘူး"

"ဒီလိုလုပ်လို့မရဘူး။ ဘာမှတ်သလဲ"

ဖိုးနီနှင့်ဖန်ကတုံးက အချစ်ကလေးအား လမင်းအထင်ဖြင့် အတင်းဆွဲခေါ်ကြ၏။

"မလိုက်ဘူး. . . မလိုက်ဘူး။ ရှင်တို့ခေါ်တိုင်း လိုက်ရမှာလား. . . လွှတ်. . . လွှတ်စမ်း"

နေမင်းက ခုမှသဘောပေါက်သွား၏။

သူ့ရှေ့မှာ အချစ်ကလေးအား အတင်းလက်ဆွဲ၍ခေါ်နေသူ နှစ်ဦးအား သည်အတိုင်းလက်ပိုက်ကြည့်မနေနိုင်တော့ပေ။

"ဟေ့. . . မင်းတို့ဘာလုပ်နေတာလဲ။ လွှတ်လိုက်စမ်း"

"မဆိုင်ရင် ဝင်မပါနဲ့"

"ငါ့ရှေ့မှာတော့ ဒီလိုအနိုင်ကျင့်တာမျိုး လုံးဝသည်းမခံဘူး။ ခု. . . လွှတ်ဆိုလွှတ်"

အချစ်ကလေးအားဆွဲကိုင်ထားသည့် ဖိုးနီအားဆွဲ၍ ထိုးလိုက်သည်။

ဖန်ကတုံးက အချစ်ကလေးအားလွှတ်ပြီး နေပင်းအား



www.burmeseclassic.com

www.burmeseclassic.com



လုံးသည်။

နေမင်းက ဖိုးနီနှင့်ဖန်ကတုံးတို့အား အပြင်းအထန်ခုခံတိုက်ခိုက်သဖြင့် ဖိုးနီနှာခေါင်းရိုးကျိုးသွားပြီး ဖန်ကတုံးမှာလည်း ဒဏ်ရာဒဏ်ချက်တွေဖြင့်ထွက်ပြေးသွားရသလို နေမင်းကိုယ်တိုင်မှာလည်း ခွာဖုံးမှသွေးတွေထွက်လာတာကိုကြည့်ပြီး အချစ်ကလေးလန့်အော်လိုက်သည်။

ဒေါ်ဝိုင်းစိန်နှင့်ရွာသူရွာသားတွေ အပြေးအလွှားလာရောက်ကြည့်ကြသည်။

"ဒီအတိုင်း လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။ ဒီကိစ္စ ရဲစခန်းသွားတိုင်မယ်။ တို့ရွာသားဖိုးနီကိုက အသုံးမကျတာ"

ရွာသူရွာသားတွေ မကျေမနပ်ဖြစ်နေကြ၏။

ဒေါ်ဝိုင်းစိန်ရှိသဖြင့်သာ နေမင်း ဆေးရုံသို့ သွားမပြရတာဖြစ်၏။

နေမင်းမျက်နှာမှာ ဒဏ်ရာများကြောင့် အညိုအမည်းစွဲနေ၏။

ကိုယ်တွေလက်တွေကိုက်ခဲနာကျင်ပြီး နေမင်းဖျားလေသည်။





ဒေါ်ဝိုင်းစိန်က ဆေးတိုက်ပြီး ညှော်ခန်းထဲမှာပင် မွေ့ရာခင်းကာ နေမင်းအား သိပ်ထားလေ၏။

"ခြင်ထောင်လေးပါထောင်ပေးထား သမီး။ အေးတဲ့အချိန်လည်းဖြစ်တော့ ပိုပြီးကိုက်ခဲနာကျင်တတ်တယ်။ ဒါပေမဲ့ အိပ်ရာကနိုးရင် သက်သာသွားမှာပါ။ အိမ်တံခါးလည်း သေချာပိတ်ထား။ အကယ်၍ ညဘက်အရေးအကြောင်းရှိလို့ အမေဆေးကုဖို့လိုက်သွားရရင်လည်း နေမင်းအတွက် ဆေးတွေပေးထားတယ်"

အချစ်ကလေးမှာ သူ့အတွက် နေမင်းဖြစ်ရသည်ဆိုပြီး စိတ်မကောင်းဖြစ်နေရလေသည်။

ညဘက်မှာ နေမင်းအဖျားတက်နေလေသည်။

ဒေါ်ဝိုင်းစိန်က ရေပတ်တိုက်ပေးပြီး ဆေးထိုးပေးထားသည်။

နေမင်း အိပ်နေရင်းမှ ကယောင်ကတမ်းတွေ ထပြောနေသဖြင့် အချစ်ကလေး မအိပ်နိုင်။ မကြာခဏ နေမင်းအနားသွား၍ကြည့်နေရ၏။

ဒေါ်ဝိုင်းစိန်ကတော့ မနက်က မွေးလူနာအားလည်းသွား၍မွေးပေးရ၊ တခြားအလုပ်ကိစ္စတွေလည်း သွားရသဖြင့် အချ



www.burmeseclassic.com

www.burmeseclassic.com

တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားခဲ့ရာ နေမင်း ကယောင်ကတမ်း ထပြောနေတာတွေ မကြားတော့ပေ။

အချစ်ကလေးသည် စိတ်မချ၍ နေမင်းအား လာရောက်ကြည့်နေရင်းက အနီးတွင်ပင် အိပ်ပျော်သွားလေသည်။

ထိုအချိန်သည် အရုဏ်ဦးရောင်နီလာသည့်အချိန်ပင်ဖြစ်၏။

အချစ်ကလေး အိပ်ပျော်သွားမှ နေမင်းနိုးလာသည်။

ကိုယ်ပူလည်း ကျသွား၏။

ခေါင်းထဲမှာလည်း ကြည်နေ၏။

တစ်ကိုယ်လုံး ချွေးတွေ့ရွှဲရွှဲစိုနေသည်။

ရေဆာနေသဖြင့် နေမင်းအိပ်ရာက ထလိုက်၏။

မြူဖွေးသန့်ရှင်း၍ ပရုပ်နံ့သင်းနေသော ခြင်ထောင်တွင်းမှာ အဘယ်ကြောင့်ရောက်နေပါသလဲစဉ်းစားမိ၏။

သြော်. . . ဒါ. . . ကြီးစိန်ရဲ့ခြင်ထောင်ပဲ။ နေ့ခင်းကအဖြစ်အပျက်တွေသတိရသွားသည်။

ခြင်ထောင်အပြင်ဘက် ထွက်လိုက်သောအခါ အချစ်ကလေးက ကြိမ်ထိုင်ခုံမှာ ခွေခွေကလေးအိပ်နေတာတွေ့ရ၏။





နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော အချစ်ကလေး၏ ပီတိကလေးငယ်လို အပြစ်ကင်းစင်စွာ ချစ်စရာကောင်းပုံကို နေမင်းမျက်တောင်မခတ် မမှိတ်မသုန် ငေးကြည့်နေမိရင်းမှ ချစ်ခင်ကြင်နာစိတ်တွေ ယိုဖိတ်လာ၏။

ငယ်စဉ်ကတည်းက အတူဆော့ကစား ကျောင်းတက်ကြီးပြင်းလာခဲ့ရသောလမင်းက သူ့အပေါ် အမြဲအနိုင်ကျင့်တတ်သူလေ။

အချစ်ကလေးကျတော့ လမင်းနှင့်ရုပ်သာတူတယ်၊ သိမ်မွေ့နူးညံ့ပြီး အပြောအဆိုချိုသာသည့်အပြင် သူ့အားဂရုတစိုက်ကြင်နာဟန်တွေက နေမင်း၏ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်ရောက်ကာ မချစ်ရင်မနေနိုင်လောက်ကို ဆွဲဆောင်လှုပ်ခါနေပြီမဟုတ်လား။

မနက်လင်းခါနီးမှ အအေးဓာတ်ကပိုလာပြီ။

သူ့ခမျာ ချမ်းနေရှာမှာလို့တွေးပြီး သူ့ခြင်ထောင်တွင်းမှာရှိသောစောင်ကိုယူပြီး အချစ်ကလေး၏ကိုယ်ပေါ် လွှမ်းခြုံပေးလိုက်သည်။

အချစ်ကလေး ဖျပ်ခနဲနိုးသွားသည်။

“ဟင်. . . ကိုမင်း”



www.burmeseclassic.com

www.burmeseclassic.com

“အချစ်ကလေး ဒီမှာအိပ်ပျော်နေလို့”

“ဩော်. . . ကိုမင်းနေကောင်းလား”

“အင်း”

“ချွေးတွေအရမ်းထွက်လာတယ်”

“ဟုတ်ပါရဲ့. . . ချွေးစိုတဲ့အဝတ်တွေ လဲပစ်လိုက်ရအောင်။ တော်ကြာ ကိုယ့်ချွေးနဲ့ကိုယ် အအေးပြန်ပတ်နေမယ်”

အနီးမှာ အသင့်ရှိသောနေမင်း၏အဝတ်အစားများအား ယူလိုက်၏။

နေမင်းက ရေတစ်ခွက်ခပ်သောက်နေသည်။

“ဆာနေတာလား၊ ဒါဆိုကော်ဖီဖျော်တိုက်မယ်။ ရော့. . . ဒီမျက်နှာသုတ်ပဝါလေးနဲ့ ချွေးတွေသုတ်၊ အဝတ်အစားလဲနော်”

ဓာတ်ဘူးထဲမှာရှိသောရေနွေးနှင့် ကော်ဖီဖျော်သည်။ မုန့်လည်း အဆင်သင့်ထုတ်ပေးထား၏။

“ကော်ဖီနဲ့မုန့် အရင်စား။ ပြီးရင် ဆေးထပ်သောက်လိုက်။ ကိုယ်တွေလက်တွေနာသေးလား”

“သက်သာသွားပြီ။ တကယ်ဘာမှမနာတော့ဘူး”





“တော်သေးတာပေါ့။ နို့မို့ရင် သမီး. . . အဲ. . . ကျွန်မစိတ်မကောင်းဖြစ်နေတာ။ ကျွန်မကြောင့် ကိုမင်း ခုလိုဖြစ်တာ”

“ဟာ. . . မဟုတ်တာ၊ ဘာမှစိတ်မကောင်း မဖြစ်နဲ့။ လူဆိုးသူခိုးဆိုတာ နေရာတိုင်းရှိတာပဲ။ သူတို့အနိုင်ကျင့်တိုင်း ငြိမ်ခံနေလို့မှမရတာ။ အထူးသဖြင့် အချစ်ကလေးအတွက်ဆို ကျွန်တော် အသက်ပေးကာကွယ်မယ်”

အချစ်ကလေးရယ်သည်။

“ဩော်. . . ဘာရယ်တာလဲ”

“ဘာမှန်းလဲမသိဘူး။ အသက်ပေးကာကွယ်မယ်ဆိုတော့”

“အင်း. . . လေ၊ ဘာလဲ၊ ရည်းစားစကားပြောတယ်ထင်လို့လား”

“သွား. . .”

“စိတ်ဆိုးသွားလား၊ စတာနောက်တာမဟုတ်ဘူး၊ တကယ်ပြောနေတာ။ ဟောဒီ ကျွန်တော့်ရင်ဘတ်ထဲက ခံစားရလို့ လှိုက်လှိုက်လှဲလှဲကြီးကိုပြောနေတာ”

ရှက်သွေးဖြာနေသောမျက်နှာလေးဖြင့် အချစ်ကလေးပြုး



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

"စိတ်မဆိုးဘူးမဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပြောချင်တာပြောလိုက်ရလို့ ရင်ထဲမှာပေါ့သွားတယ်။ အချစ်ကလေးချက်ချင်းအဖြေပေးစရာမလိုဘူး။ စဉ်းစားဦးပေါ့။ အခွင့်အရေးယူတယ်လို့ပြောလည်းခံရမှာပဲ။ တကယ်ချစ်တာကတော့ ချစ်တာပါပဲ။ အဲဒါယုံထားလိုက်"

"ဟဲ့. . . နိုးနေကြပြီလား"

အိပ်ခန်းတွင်းမှ ဒေါ်ဝိုင်းစိန်အသံကြားရသဖြင့် နေမင်းနှုတ်ခမ်းပေါ် လက်ညှိုးတင်ပြီး တိတ်တိတ်နေလို့ အမူအရာပြကာ ခြင်ထောင်တွင်း ပြန်ဝင်သွား၏။

အချစ်ကလေးက ကော်ဖီပန်းကန်ကိုဆေးရန် နောက်ဖေးသို့ယူသွားသည်။

ဂု ဂု ဂု

ရွှေပဒေသာစာပေ

အခန်း ( ၂၀ )

## လူဆိုးတွေနှင့် သူတိုင်းပင်

"ဟော့. . . သာဦး၊ မင်းတို့ရွာမှာ ဒီကောင်မလေးရောက်နေလား။ ရှာကြည့်စမ်း"

လက်ကောက်မောင်မောင်က ဓာတ်ပုံပြ၍မေးလိုက်သဖြင့် သာဦးသည် ဓာတ်ပုံကိုယူကြည့်လိုက်၏။

"ဒါ. . . လမင်းပုံပဲ။ မနေ့က ဖိုးနီတို့သွားခေါ်တာ မလိုက်ဘဲ ပြန်ခံချလိုက်တယ်လေ"

"တောက်! "

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com





လက်ကောက်မောင်မောင်က ဓာတ်ပုံကို ပြန်ယူကြည့်လိုက်၏။

"ဒီကောင်တွေ တော်တော်အ,တာပဲ။ ဒီမှာ. . . ဒါ သူတို့ရွာက ကောင်မလေးပုံပဲ"

ဥက္ကါသည် သာဦးအား သေချာကြည့်၍မေးကြည့်၏။

"ဒီဓာတ်ပုံထဲက ကောင်မလေးက မင်းတို့ရွာမှာရှိနေတယ် ဟုတ်လား။ သေချာကြည့်ပါဦး"

"ဟုတ်ပါတယ်။ လမင်းမှလမင်းပါ"

"ဆံပင်အတိုလား အရှည်လား။ ဒီဓာတ်ပုံထဲက ကောင်မလေးက အရှည်နော်"

သာဦးခုမှ သေချာကြည့်၏။

ဆံပင်အရှည်နှင့် နှင်းဆီပန်းပင်တွေကြားမှာ ရိုက်ထားသော အချစ်ကလေးပုံအား သေချာကြည့်မှ လမင်းနှင့် ကွဲပြားခြားနား သည့်အမှတ်အသားလေးတွေကိုသိလာသည်။

"လမင်းနဲ့အရမ်းတူတယ်နော်"

"ခင်ဗျားပြောတဲ့လမင်းက ဆံပင်အကိုနဲ့၊ ယောကျ်ားဆန် ဆန် ဘောင်းဘီဝတ်တတ်တယ်မဟုတ်လား"

"ဟုတ်တယ်"

"အခု ဒီကောင်မလေးပျောက်နေတယ်။ လမင်းဆိုတာရော အိမ်မှာရှိလား။ ကျွန်တော့်ကိုလိုက်ပြစမ်းပါ။ ကြည့်ချင်လို့"

"ကဲ. . . လိုတဲ့အကူအညီပေးလိုက်"

ဥက္ကါအား ရွာထဲသို့ခေါ်သွားပြီး မလှမ်းမကမ်းမှာနေ၍ အကဲခတ်ကြည့်ရှုစေသည်။

အဆင်သင့်ပင်. . . အပြင်မှာ ဆူးပုပ်ရွက်တွေခူးနေသော အချစ်ကလေးအား တွေ့လိုက်ရသည်။

အချစ်ကလေးမှန်း ဥက္ကါချက်ချင်းသိသည်။

"အဲဒါ ကျွန်တော်တို့အိမ်က ပျောက်သွားတဲ့အချစ်ကလေး ပဲ။ အခု ကျွန်တော်တို့ဆီမှာရောက်နေတာ အဲဒီအိမ်က လမင်းပဲ။ သေချာသွားပြီ။ လာပြန်စို့"

ဥက္ကါက အိမ်သို့ပြန်လာပြီး ဒေါ်ချိုရီနှင့်တိုင်ပင်သည်။

"သူ့ကို ဒီအတိုင်းပြန်မခေါ်ချင်ဘူး။ အဲဒီက လက်ကောက် မောင်မောင်တို့က အချစ်ကလေးကိုဖမ်းထားပေးမယ်။ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



က စာချုပ်မှာလက်မှတ်ထိုးခိုင်းမယ်"

"ဘာစာချုပ်လဲ"

"ကျွန်တော်နဲ့လက်ထပ်စာချုပ်"

"ဖြစ်ပါ့မလား"

"အဲဒါမှ သူနဲ့ကျော်ဇေယျာကိစ္စ မပြစ်မှာ။ ပြီးတော့ သူ ပိုင်ဆိုင်သမျှ ကျွန်တော်ရမှာ"

"အေး . . ငါလည်း စိတ်ရှုပ်နေပြီ၊ ဘာမှမစဉ်းစားတတ်တော့ဘူး။ သူ့ကိုတော့ ချက်ချင်းပြန်မလွှတ်နဲ့။ နင် သူ့ကိုရအောင်ခေါ်သွား။ ပြီးမှ ဒီအိမ်တာကောင်မကို ကန်ထုတ်ပစ်မယ်။ သူ့ကိုယ်သူ အချစ်တလေးယောင်ဆောင်ပြီးတော့များ"

သို့နှင့်ပင် ဥက္ကါသည် လက်ကောက်မောင်မောင်တို့ လူဆိုးအဖွဲ့နှင့်ပေါင်းပြီး အချစ်တလေးကို ရအောင်ယူရန် စီစဉ်ဆောင်ရွက်တော့သည်။

ဏ္ဍ ဏ္ဍ ဏ္ဍ



အခန်း ( ၂၁ )

## မပြေးနိုင်ပါလား အချစ်ကလေးရယ်

အချစ်ကလေးသည် ခေါင်းမှာ ခမောက်ကလေးဆောင်းပြီး ငါးရံ့များကို နေပူထဲမှာ ငါးခြောက်လှန်းနေသည်။

မီမီနောက်မှခြေသံကြား၍ အမှတ်မထင်လှည့်ကြည့်လိုက်ရာ မျက်နှာမှာ အဝတ်ဖုံးထားသောလူနှစ်ယောက်က အဝတ်ချပ်၍ အချစ်တလေး၏ပါးစပ်တွင် ပလာစတာကပ်ကာ၊ ကာပေါ်မှ တင်သွားလေသည်။

ရွာထဲမှာ ကားတစ်စီးဖြတ်သွားတာကို ရွာထဲက ကလေးတို့



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိကြသော်လည်း အမှုမဲ့အမှတ်မဲ့ပင် ကားထဲမှာပါသွားသူများကို ဂရုမစိုက်မိကြ။

ဒေါ်ဝိုင်းစိန်၏အိမ်မှာ ရွာထိပ်မှာရှိပြီး လမ်းမဘက်နားရောက်နေသည်။

ထိုအချိန် နေမင်းရော၊ ဒေါ်ဝိုင်းစိန်ပါ အိမ်မှာမရှိကြ။

ကံကောင်းတာက ဒေါ်ဝိုင်းစိန်က အပြင်မှာ အချိန်သိပ်မကြာဘဲ ပြန်ရောက်လာသည်။

ပြန်ရောက်လာလာချင်းပင် ခြံပေါက်ဝတွင် ကျနေသော ခမောက်ကိုတွေ့သဖြင့် ဒေါ်ဝိုင်းစိန်အထိတ်တလန့်ဖြစ်ကာ ချက်ချင်းပင် အချစ်ကလေး အိမ်မှာမရှိကြောင်းသိသဖြင့် နေမင်းအားလိုက်ရှာလေသည်။

နေမင်းလည်း စက်ဘီးတစ်စီးနှင့်ပြန်ရောက်လာ၏။

"ဒါချစ်ကလေး ဘယ်သွားလဲမသိဘူး၊ အိမ်မှာမရှိဘူး။ ငါတော့ တစ်ခုခုဖြစ်နေပြီထင်တယ်။ လိုက်ရှာစမ်း. . . နေမင်း"

နေမင်းလည်း ထူပူသွား၏။

စက်ဘီးကစ်စီးနှင့်ပြန်ထွက်ပြီး အချစ်ကလေး ဘယ်များ





သွားပါလိမ့်။ သူ့အိမ်သူ ပြန်သွားတာလားဟူ၍တွေးရင်း ရွာထဲဝန်းကျင်ရော၊ ဘုရား၊ ဘုန်းကြီးကျောင်း စသဖြင့်လိုက်ရှာရ၏။

ထိုအချိန်မှာ လယ်ယာလုပ်ငန်းခွင်ဝင်သည့်အချိန်မို့ ရွာထဲမှာ လူသိပ်မရှိပေ။

လမ်းမသို့ရောက်လာပြီး ကားလမ်းတစ်လျှောက် အချစ်ကလေးကို လိုက်ရှာနေစဉ် အနီးသို့ ကားတစ်စီးထိုးဆိုက်လိုက်၏။

"နေမင်း"

အော်ခေါ်လိုက်သောအသံကြောင့် နေမင်း ကားအနီး ပြေးသွား၏။

ကားထဲမှာ လမင်းဖြစ်သည်။

"လမင်း. . . နင်ဘယ်က ပြန်လာတာလဲ။ ကြီးစိန် စိတ်ပူနေတာမှအရမ်းပဲ။ ယောကျ်ားနောက်လိုက်သွားတာတော့ မဟုတ်ပါဘူးနော်"

ကားမောင်းလာသူကျော်ဇေယျာကို အကဲခတ်သလိုကြည့်ပြီးပြောလိုက်၏။

"မဟုတ်ပါဘူး၊ ဖိုးနီတို့ရန်ကြောက်လို့ ငါရှောင်နေတာ။ အခြာ



www.burmeseclassic.com

www.burmeseclassic.com

မသွားမိဘူး။ ဒါကြောင့် လာပြောတာလေ။ အခုဘယ်သွားမှာလဲ။ အိမ်သွားမယ်လေ။ လိုက်ခဲ့"

"ငါလည်း လူတစ်ယောက် အရေးတကြီးရှာနေတာ။ နင် ထွက်သွားတော့ နင်နဲ့တူတဲ့အချစ်ကလေးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ငါ အိမ်ကိုခေါ်လာခဲ့တယ်။ လူမှားပြီးခေါ်လာတာ။ ကဲ... နင်ရှေ့ကသွား။ ငါလိုက်ခဲ့မယ်"

ကားဖြင့် ကျော်ဇေဝဏ္ဏနှင့်လမင်း ရှေ့ကသွားသည်။

နေမင်းက နောက်မှလိုက်ခဲ့သည်။

အိမ်ရှေ့ကားရပ်လိုက်ပြီး လမင်း ကားပေါ်မှပြေးဆင်းလာပြီး အိမ်ရှေ့မှာရပ်နေသောဒေါ်ဝိုင်းစိန်အား ဖက်ကာငိုသည်။

"အမေ"

"အမေ... ကျွန်တော်သတိရလိုက်တာ။ ကျွန်တော့်ကိုစိတ်ပူနေတယ်ဆို"

ဒေါ်ဝိုင်းစိန်လည်း ရုတ်တရက်ဒေါသထွက်ကာ လမင်းအား ထုရိုက်ရင်းမှ ငိုလေသည်။

"ဟင်... လမင်း, ညည်းလုပ်လိုက်ရင် အဲဒီလိုပဲ။ မပြော





မဆိုထွက်သွား၊ နေချင်ရာမှာနေ။ ပြီးတော့ ပြဿနာတွေယူလာ။ ညည်းကိုမွေးရတာ ငါ ဒုက္ခတွေမွေးရသလိုပဲ မိလမင်း... လမင်းဆိုတဲ့နာမည်နဲ့ ညည်းနဲ့လုံးဝမအပ်စပ်ပါလား"

ဒေါ်ဝိုင်းစိန်မှာ လမင်းဖက်ငိုလို့အားရမှ၊ အနားမှာရပ်နေသောကျော်ဇေဝဏ္ဏကို အားနာသလိုကြည့်လိုက်၏။

"ဟင်... ဒါကဘယ်သူတုန်း"

နေမင်းလည်း အနားရောက်လာပြီ။

"ကျွန်တော့်ကိုကူညီစောင့်ရှောက်ပေးတဲ့အစ်ကိုပါ။ အမေ့ကိုလွမ်းလို့ ကျွန်တော်ခဏပြန်လာတာ။ ဒီမှာ ဖိုးနီတို့က ကျွန်တော့်ကိုနှောင့်ယှက်တာ။ အမေ့ဆီမှာ ကျွန်တော်နဲ့တူတဲ့အချစ်ကလေးရောက်နေတယ်ဆို၊ အချစ်ကလေးအိမ်မှာ ကျွန်တော်ရောက်နေတာ။ ဘယ်မှာလဲအချစ်ကလေး"

"အေး... ဟုတ်တယ်။ ခု အချစ်ကလေးပျောက်လို့ လိုက်ရှာနေတာ။ ဟိုကောင်တွေလက်ချက်ပဲနေမှာ။ တစ်နေ့ကပဲ ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားလို့ ဒီကောင်တွေထွက်ပြေးနေရတာ"

ကျော်ဇေဝဏ္ဏ စိတ်ပူသွား၏။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ကျွန်တော်တို့မှာ ကားပါတယ်။ လိုက်ရှာရအောင်”

“အချစ်ကလေး၊ သူ့အိမ်များပြန်သွားသလားလို့ ကျွန်တော် ထင်တာ”

“ရဲစခန်း အရင်သွားတိုင်မယ်။ ပြီးရင် အိမ်လည်းပြန်ကြည့်တာပေါ့။ သိပ်ဝေးဝေးတော့ မရောက်နိုင်သေးဘူး”

ထိုစဉ် အရူးဆာမိ ခြံရှေ့ရောက်လာ၏။

“ဟာ. . . ဆရာမကြီး ကားဝယ်တော့မလို့လား။ ဆရာမကြီး အိမ်မှာ ကားတစ်စီးပြီးတစ်စီးရောက်လာပါလား။ အာ. . . ကောင်မလေးလမင်း၊ နင်စောစောက ကားတစ်စီးနဲ့သွားတယ်။ အခုတစ်စီးဖြစ်သွားပြီ။ သိန်းဆုကြီးပေါက်လို့ ကံထူးရှင်ဖြစ်သွားပြီလား။ သူဌေးကတော်ဖြစ်သွားတာလား”

အရူးဆာမိ ပေါက်ကရလာအော်တာက သဲလွန်စရသွားစေသည်။

“ကဲ. . . ဆာမိ၊ လာဦး”

အရူးဆာမိသည် ရွာစဉ်တစ်လျှောက် လှည့်လည်သွားလာပြီး တောင်းရမ်းစားသောက်နေသူဖြစ်ရာ ဒေါ်ဝိုင်းစိန်နှင့်တွေ့တိုင်း





လည်း ဒေါ်ဝိုင်းစိန်က ငွေကြေးကအစ မုန့်ပဲသရေစာကအစ ပေးကမ်းစွန့်ကြဲနေတတ်သူဖြစ်သဖြင့် ဒေါ်ဝိုင်းစိန်ကိုခင်မင်နေသည်။ ဒေါ်ဝိုင်းစိန်စကားလည်း နားထောင်တတ်ပြီး ခိုင်းတာလည်းလုပ်ပေးတတ်သူဖြစ်၏။

“ငါ့အိမ်ကို ကားလာတယ်ဟုတ်လား။ ဘယ်တုန်းကလဲ”

“ခုနကပဲလေ၊ ပေါင်မုန့်ကားအညိုရောင်နဲ့၊ ကောင်မလေးပါသွားတယ်မဟုတ်လား။ အခုကားက ကိုရိုလား။ ဆာမိကြိုက်တာ ရှမ်းစတားဂျစ်။ ဆာမိလည်း ထီပေါက်ရင် ရှမ်းစတားဂျစ်ဝယ်စီးပြီး ဟစ်ပော့သီချင်းလိုက်ဆိုမယ်”

“ဟဲ့. . . နေဦး၊ ထွက်မသွားနဲ့။ နင့်ကို မုန့်ဖိုးပေးဦးမယ်။ အဲဒီကား ဘယ်ဘက်ကိုထွက်သွားလဲ။ ပြောလေ”

“ဟောဒီလမ်းကထွက်၊ အုန်းတောရွာလမ်းချိုးထဲဝင်။ ဟိုကုန်းမြင့်ပေါ်က ဘိုအိမ်ကြီးသွားတာဖြစ်မှာ။ အဲဒီမှာ ထောင်ကထွက်လာတဲ့ လက်ကောက်မောင်မောင်ဆိုတဲ့ကောင် လာနေတယ်။ အခု. . . ငါဘုံပျောက်ပြီ။ ဒီကောင်တွေ ဘယ်တော့သွားမလဲစောင့်ကြည့်နေတာ။ ငါ့နေရာသူတို့နေတော့ ငါ ဘုန်းကြီးကျောင်းရောက်



www.burmeseclassic.com

www.burmeseclassic.com

နေပြီ။ တော်တော်ဆိုးတဲ့ကောင်တွေ။ ငါ့အိမ်ကိုတောင် လုယူတယ်"

"ရော. . . ရော့. . . ဆာမိ. . . မုန့်ဖိုး။ တစ်ခုခုထူးခြားရင် လာပြော။ အဲဒီအိမ်ကိုစောင့်ကြည့်"

"အာ. . . မသွားရဲဘူး။ သူတို့ ငါ့ကိုနှင်လွှတ်တယ်။ ဟိုမှာရှိတဲ့သရဲ ငါ့ကိုဒုက္ခမပေးဘူး။ ဒီကောင်တွေ ငါ့ကိုဒုက္ခပေးတယ်"

ဆာမိထွက်သွားသည်နှင့် သူတို့ ရဲစခန်းသို့အကြောင်းကြား။ ရွာအပြင်တောစပ်မှာရှိသည့် ကုန်းမြင့်သာအိမ်ပျက်ကြီးဆီသို့ ချဉ်းကပ်လာခဲ့ကြသည်။

ဣ ဣ ဣ



အခန်း ( ၂၂ )

## ဖွေ့ဖွေ့အောက်ရှ. . .

"ကိုဥက္ကါ. . . ရှင် ဒါဘာလုပ်တာလဲ။ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ"

အချစ်ကလေးက ဒေါသဖြင့်မေးလိုက်သည်။

အချစ်ကလေးက သည်နေရာသို့ခေါ်ဆောင်ခဲ့ပြီး အခန်းတွင်းမှာ လက်ပြန်ကြိုးတုပ်ထားသည်။

ပါးစပ်မှပလာစတာကိုတော့ ခွာပေးထားသည်။

"အပြစ်ရှိလို့မဟုတ်ပါဘူး။ ချစ်လို့ပါ အချစ်ကလေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ရှင် လုပ်ပုံကိုင်ပုံ လုံးဝမဟုတ်ဘူး။ ဒီလိုလုပ်တာ လူဆိုးအလုပ်"

"အေးလေ. . . မမလေးကိုရချင်လို့ လူဆိုးတွေနဲ့မောင်တိုင်ပင်ရတာ၊ တကယ်ဆို ဒီလိုဘယ်လုပ်ချင်ပါ့မလဲ။ အချစ်ကလေးကိုယ့်ကိုချစ်မယ်ဆိုရင် ဒါတွေမလိုအပ်ဘူး"

"စိတ်ညစ်လိုက်တာနော်၊ ကျွန်မကိုသတ်ချင်သတ်ပစ်လိုက်။ ဒီဘဝမှာ သေတာပဲကောင်းတယ်"

အချစ်ကလေး ဒေါသဖြင့်အော်လည်းအော်၊ ငိုလည်းငိုဖြစ်နေသည်။

"အို. . . ဒီလောက်အထိမိုက်မဲဖို့မလိုပါဘူး အချစ်ကလေးရယ်။ ကိုယ် အချစ်ကလေးနဲ့ပတ်သက်ပြီး ဘယ်လောက်ထိရင်ခုန်စိတ်ကူးယဉ်ထားသလဲ။ ကိုယ့်ကို ဘာလို့မချစ်နိုင်တာလဲ။ အခု. . . ဟောဒီစာချုပ်မှာ လက်မှတ်ထိုးလိုက်"

"ဘာ. . . ဘာစာချုပ်လဲ"

"ကိုယ်နဲ့မင်း လက်ထပ်စာချုပ်"

"တော်ပါ"

ရွှေပဒေသာစာပေ



"မတော်ပါနဲ့ မိန်းကလေးရယ်။ လက်မှတ်ထိုးပြီးသွားရင် အချစ်ကလေးနဲ့ကိုယ် တစ်နေရာကို အေးအေးဆေးဆေးသွားနေကြမယ်။ အချစ်ကလေးဘဝကိုကြည့်စမ်း။ ဒေါ်လေးတို့သားအမိအနိုင်ကျင့်ခံနေရတာ ကိုယ်မကြည့်ရက်ဘူး။ ဒီဘဝကလွတ်မြောက်အောင် အချစ်ကလေးကိုကယ်တင်ချင်တယ်။ အချစ်ကလေးကို ကိုယ်သနားတယ်"

ပြောရင်းမှ အချစ်ကလေးနားကို တိုးတပ်လာသည်။

"ရှင်. . . နော်. . . ရှေ့မတိုးနဲ့"

"ဟဲ. . . ဟဲ. . . ဟဲ. . . ဘာဖြစ်လို့ ဒီလောက်ခေါင်းမာနေရတာလဲ။ သေချာစဉ်းစားဦး။ ဒီနေရာမှာ ဘယ်လိုမှ မင်းထွက်ပေါက်မရှိဘူး။ ညကျရင် ဟောဒီအိမ်ကြီးမှာ သရဲခြောက်တယ်။ မင်း ကိုယ့်ရင်ခွင်ထဲ ရောက်လာရမှာပဲ။ အချိန်လည်းမရှိဘူး။ မင်းကို ဒီတစ်ညပဲစောင့်မယ်။ မနက် ဒီကထွက်မှာ"

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"

ဆူညံသောလမ်းလျှောက်သံ၊ ပြေးလွှားသံများကြား၍ အချစ်ကလေး အထိတ်တလန့်ဖြစ်သွားသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

"ဟော့. . . ဘာဖြစ်တာလဲ"

"ရဲတွေ. . . ရဲတွေရောက်လာပြီ"

"ရှောင်နေကြရအောင်"

အပြင်မှအသံများ ကောင်းစွာကြားရသည်။

လက်ကောက်မောင်မောင်၏လူဆိုးအဖွဲ့ အိမ်ကြီးမှရှောင်ရှားရန်ကြိုးစားနေသော်လည်း အချိန်နှောင်းသွားပြီ။

ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး သူတို့ပြေးပေါက်မရှိအောင်ပိတ်လိုက်ပြီ။

"ကျွီ. . . အီ. . . အီ"

အခန်းတံခါးပွင့်သွားသည်။

လက်ပြန်ကြိုးတုပ်ထားသောအချစ်ကလေးကို တွေ့ရသဖြင့်နေမင်း အခန်းတွင်းပြေးဝင်းလာ၏။

"အချစ်ကလေး. . . တော်ပါသေးရဲ့ဗျာ"

အချစ်ကလေးအား နေမင်းပွေ့ဖက်ထားလိုက်၏။

ထိုစဉ် အခန်းထောင့်မှာပုန်းနေသောဥက္ကါက နေမင်းအားနောက်မှချဉ်းကပ်ပြီး ဓားနှင့်ထိုးရန်လက်ကိုမြှောက်လိုက်သည်။





"အား. . ."

ငယ်သံပါအောင်အော်ရင်းခွေလဲသွားတာ ဥက္ကါဖြစ်၏။

ကျော်ဇေဝဏ္ဏဝင်လာပြီး ဓားကိုင်ထားသောလက်ကို လိမ်ချိုးပြီး ဥက္ကါအား ကြမ်းပေါ် လှဲသိပ်လိုက်သောကြောင့်ဖြစ်၏။

လမင်းလည်း နောက်ကရောက်လာ၏။

"အချစ်ကလေးလား"

လမင်း သေချာကြည့်နေသည်။

အချစ်ကလေးကလည်း လမင်းကိုအံ့ဩတွေဝေစွာငေးကြည့်နေသည်။

"ကြိုးဖြည်ပေးလိုက်ပါဦး"

ကျော်ဇေဝဏ္ဏပြော၍ နေမင်း အချစ်ကလေး၏လက်မှကြိုးများဖြုတ်ပေးလိုက်သည်။

ဥက္ကါနှင့်တကွ လက်ကောက်မောင်မောင်တို့အဖွဲ့ ရဲအဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြပြီ။

☙ ☙ ☙

www.burmeseclassic.com

## အခန်း ( ၂၃ )

### အချစ်ကလေးလား၊ အနှစ်ကလေးလား

"အင်း. . . ချမ်းသာပြည့်စုံအိမ်ဂေဟာကြီးက ခုမှတကယ် ချမ်းသာပြည့်စုံတော့မှာ။ ဝမ်းသာတယ်ဗျာ. . . ခုလိုကလေးနှစ်ယောက် ပြန်ဆုံရတာ၊ ဦးကြည်သာလည်း မကြာခင်ရက်ပိုင်းမှာ မြန်မာပြည်ပြန်ရောက်လာတော့မှာ။ အချစ်ကလေးအပြင် သူ့မှာ အနှစ်ကလေးဆိုတဲ့တူမတစ်ယောက် အသက်ရှင်ကျန်နေတယ်ဆိုတာသိရလို့ သိပ်ဝမ်းသာနေတာ။ ဒီတစ်ခါပြန်လာရင် ဦးကြည်သာလည်း ကြာကြာနေမှာ။ ကလေးတွေအတွက် အမွေလည်းပေးခဲ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေပြီးမှပြန်မှာတဲ့ဗျာ့"

ဦးဝဏ္ဏက ပြောလိုက်သည်။

ဒေါ်ဝိုင်းစိန်ရော၊ ဒေါ်ရွှေတင့်ပါ အိမ်မှာရှိနေကြသည်။

"ခင်ဗျားတို့နှစ်ယောက်ကတော့. . . အချစ်ကလေးနဲ့ အနှစ်ကလေးတို့ရဲ့တကယ့်မိခင်ကောင်းတွေပါပဲ"

"ဦးကြည်သာပြန်လာရင် အနှစ်ကလေးကို ကျွန်မယူသွားလို့ အပြစ်တင်နေမှာစိုးပါတယ်ရှင်"

ဒေါ်ဝိုင်းစိန်က ပြောလိုက်သည်။

"ဟာ. . . အပြစ်မတင်ပါဘူး။ ဒီလိုအခြေအနေအရပ်ရပ်ကြောင့်ဖြစ်သွားရတာကိုး။ ဒီကလေးတစ်ယောက် ဒေါ်ဝိုင်းစိန်ခေါ်ပြီးကောင်းကောင်းမွန်မွန်စောင့်ရှောက်မွေးမြူခဲ့တာပဲမဟုတ်လား"

"အဲဒီတုန်းက မှောင်လည်းမှောင်၊ ကားထဲကလူတွေသေနေပြီထင်ပြီးကြောက်လည်းကြောက်မို့ သေချာမကြည့်မိခဲ့ဘူး။ နို့မဟုတ်ရင် ဒီကလေးကိုခေါ်ချင်မှခေါ်ခဲ့မှာ။ လမ်းပေါ်မှာငိုနေတာတွေ့လို့သနားတာနဲ့ခေါ်ခဲ့တာ။ ပိုင်ရှင်တွေ့ရင်ပြန်ပေးမလို့ပါ"

"ပြီးခဲ့တာတွေပြီးခဲ့ပါပြီဗျာ။ ခုတော့ အမြွှာညီမနှစ်ယောက်





လည်းပြန်တွေ့ပြီ။ သူတို့မှာ ချစ်သူကိုယ်စီလည်းရှိပြီဆိုတော့ အိမ်ထောင်ရေးကိစ္စပါ တစ်ခါတည်းစီစဉ်ပေးကြမယ်။ ကျွန်တော့်သားကလည်း ဒီမှာအခြေချမလို့စီစဉ်ထားတာ။ ကျွန်တော့်သား ကိုဇေက. . . လမင်း၊ အဲ. . . အနှစ်ကလေးကို မေတ္တာရှိတယ်။ အနှစ်ကလေးကလည်း သဘောတူပါတယ်. . . အစ်မကြီးဒေါ်ဝိုင်းစိန်ရဲ့သဘောထားကရော"

"ကျွန်မ ဘာမှပြောစရာမရှိပါဘူး။ သဘောတူပါတယ်"

"အချစ်ကလေးကတော့ နေမင်းနဲ့မေတ္တာမျှနေကြတယ်ဆိုတော့ နေမင်းအတွက် အလုပ်အကိုင်လေးစီစဉ်ပေးရမယ်လေ"

နေမင်းနှင့်ကျော်ဇေဝဏ္ဏတို့လည်း အလုပ်အကိုင်ကိစ္စသွားရောက်ဆွေးနွေးပြီး အပြင်မှပြန်လာကြသည်။

"အချစ်ကလေးတို့ရော"

"သူတို့ရေချိုးအလှပြင်နေကြတယ်လေ။ ဟော. . . လာပါပြီ။ ညီမနှစ်ယောက်"

အိမ်ပေါ်မှ အချစ်ကလေးနှင့်အနှစ်ကလေး။ အဝတ်အစားဆင်တူဝတ်၍ဆင်းလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနှစ်ကလေးခေါ် လမင်းက အချစ်ကလေး၏ပုံစံအတိုင်း ဆံပင်အတုစွပ်ထားသည်။

"ဟာ. . . ညီမနှစ်ယောက်ကတော့ လုပ်လာပြီ။ ဘယ်သူက အချစ်ကလေးလဲ။ နေမင်း. . . သိလား"

နေမင်းနှင့်ဂျော်ဇေဝဏ္ဏ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မျက်စပစ်ပြသည်။

လှေကားခြေရင်းမှာရပ်ပြီး ညီမနှစ်ယောက်က နေမင်းနှင့် ဂျော်ဇေဝဏ္ဏကို ပြောင်လှောင်လိုသောမျက်နှာဖြင့် ပြုံးစေ့စေ့ လုပ်နေကြသည်။

"တဲ. . . ကိုယ့်ပစ္စည်းကိုယ် မှန်အောင်ရွေးကြပေါ့"

ဒေါ်ရွှေတင့်က ပြောလိုက်သည်။

ပြီးတော့ သွားလေသူဦးချမ်းသာနှင့်ဒေါ်ပြည့်စုံအား သတိရပြီး မျက်ရည်ဝဲမိလေသည်။

နေမင်းက အချစ်ကလေးလက်ကိုဆွဲသည်။

"အချစ်ကလေး"

"ခစ်. . . ခစ်. . . ခစ်"





ရယ်ရင်း ခေါင်းခါကြ၏။

ဂျော်ဇေဝဏ္ဏက သေချာကြည့်ပြီး အနှစ်ကလေး ဘေးမှာ ရပ်သည်။

"အနှစ်ကလေး"

"ခစ်. . . ခစ်. . . ခစ်. . . ခစ်"

ရယ်ရင်း ခေါင်းခါကြ၏။

"ဟာ. . . ရှုပ်တယ်ကွာ။ ဒီလိုလုပ်ကြည့်"

ပြောပြောဆိုဆို ဂျော်ဇေဝဏ္ဏ ဖတ်ခနဲလက်မြန်ခြေမြန်ဖြင့် အနှစ်ကလေး၏ဆံပင်ကို ဆွဲချွတ်လိုက်၏။

"အား. . . နာတယ်တော့"

ဆံပင်တုကျွတ်သွား၏။

"ဟုတ်တယ်။ ဒါ. . . ကျွန်တော့်အနှစ်ကလေးပဲ"

"ဟား. . . ဟား. . . ဟား"

"ဒါဆို. . . ဒါက. . . ကျွန်တော့်အချစ်ကလေး"

"အို! "

"ဟား. . . ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com

ဦးဝဏ္ဏနှင့်ဒေါ်ဝိုင်းစိန်၊ ဒေါ်ရွှေတင့်တို့ အူလှိုက်သည်းလှိုက် ရယ်နေကြ၏။

အတွဲကိုယ်စီဖြင့် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ မြို့ထဲသို့ဆင်းသွားကြ၏။

အနှစ်ကလေး ပျော်နေသည်။

အချစ်ကလေးလည်း ပျော်နေသည်။

ပျော်ရွှင်စွာရယ်ရလွန်း၍ မျက်ရည်များပင် စို့မိသည်အထိ ဖြစ်သည်။

ရှင်လာန်းချမ်းမြေ့ပါစေ

ဥတ္တရာဇမာ

BURMESE CLASSIC .com

# မယ်ရိုး

## နှလုံးသားတွန်သံ

(၆) အုပ်မြောက်လုံးချင်းဝတ္ထုသစ်
အောက်တိုဘာ ၂၀၀၉ တွင်ထွက်မည်

**ထွက်ပြီးစာအုပ်များ**


ချစ်သူ့ဖပဖုးလွှာ
ရည်းစားဦးကျိန်စာ
ထစ်ချုန်းမိုး
သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
အိုအေစစ်ကိုရှာဖွေကြသူများ

**ထွက်ခဲ့ပြီးစာအုပ်များ**

ဆုမွဲနှင်းဆီ
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း
အဖြူရောင်သက်တံ
ပန်းခ်ချစ်သူ
မိဖုရားလားဇတရီ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရွှေပဒေသာစာပေ

# ဥတ္တရာမေဟ

အချစ်ကလေးလား အနှစ်ကလေးလား

graphic designed by YuWa

www.burmeseclassic.com